မော်ဒန်ကာကျောနှင့်ပဝါသက်ကျွ

မြသန်းတင့်

(ဟောင်းသစ်တည့်)

စိတ်ကူးချိုချိုအနုပညာ

(၈၅)၊ ၁၆၄–လမ်း

တာမွေ၊ ရန်ကုန်။

ဒို့တာဝန်အရေး သုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံသစ် တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ တမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

မော်ဒန်ကာဗျာနှင့် ပတ်သတ်၍

မြသန်းတင့်(မောင်သစ်တည်)

သရုပ္ပမဂ္ဂဇင်းတွင်ဖော်ပြခဲ့သောဆောင်းပါးများမှစုစည်းမှု

၂၀၀၃ ခုနှစ် ဇန်နဝါရီလ

စာမူခွင့်ပြုချက်	၈၅၆/၂၀၀၂ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်	၉၀၆/၂၀၀၂ (၁၁)

မျက်နှာဖုံးဒီဇိုင်း	m . s . o
စာအုပ်ချုပ်	ဦးမြင့်

ပုံနှိပ်သူ ဦးထွန်းထွန်းဦး
အင်ကြင်းဦးပုံနှိပ်တိုက်
ကျွန်းတောလမ်း၊ ရန်ကုန်။

ထုတ်ဝေသူ ဒေါ်မိုးကေခိုင်
ချိုတေးသံမစာပေ
ရန်ကုန်။

ပုံနှိပ်ခြင်း	ပထမအကြိမ်
အုပ်ရေ	၅၀၀
ထုတ်ဝေသည့်ကာလ	ဇန်နဝါရီလ၊ ၂၀၀၃
တန်ဖိုး	၅၀၀ ကျပ်

မာတိကာ

၁။	ကျောင်းဆရာ ကဗျာဆရာ	၇
၂။	ကဗျာဆရာနှင့် ဝေဝါးသောပုံရိပ်	၂၁
၃။	ကျွန်တော့်ကဗျာရဲ့ အကြောင်းအရာ	၂၇
၄။	သိစိတ်ကဗျာနဲ့ မသိစိတ်ကဗျာ	၃၇
၅။	ဝေလငါးရဲ့ ဝမ်းဗိုက်	၄၇
၆။	ပြည်သူလူထု လူစုလူဝေးနှင့် ပရမ်းပတာအုပ်စု	၅၇
၇။	ကဗျာနဲ့ မိခင်ဘာသာစကား	၆၉
၈။	ကဗျာဆရာနှင့် စကားလုံးများ	၇၉
၉။	စိတ်ကူးထဲက ကဗျာကျောင်း	၉၁
၁၀။	မြို့ပြနဲ့ ကဗျာဆရာ	၉၉
၁၁။	ကဗျာဆရာနဲ့ ပြဿနာများ	၁၀၇

ကျောင်းဆရာ ကဗျာဆရာ

ရောဘတ်လိုဝဲကို ၁၉၁၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့၊ အမေရိကန်ပြည်၊ မတ်ဆာချူးဆက်ပြည်နယ်၊ ဘော်စတန်မှာ မွေးပါတယ်၊ ကင်ယွန်ကောလိပ်မှာ ပညာသင်ကြားခဲ့ပြီး ၁၉၄၀ ခုနှစ်မှာ ဘုရင်ဂျီဘာသာကို ကူးပြောင်းခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းတုန်းက လိုဝဲဟာ စစ်ကိုဆန့်ကျင်ကန့်ကွက်တဲ့အတွက် ထောင်သွင်း အကျဉ်းချခံခဲ့ရပါသေးတယ်။

လိုဝဲရဲ့ စောစောပိုင်းကဗျာတွေက ဘာသာရေးဆန်ပါတယ်။ သြဝါဒတွေ၊ တရားဓမ္မတွေ များပါတယ်။ သူ့ကဗျာတွေဟာ နိမိတ်ပုံတွေကို စုပြုံသုံးလွန်းတယ်။ သုံးတဲ့ နိမိတ်ပုံများကလည်း အမြင်အာရုံမှာ ပေါ်တာထက် စိတ်နဲ့ခံစားလို့သာရနိုင်တဲ့ နိမိတ်ပုံတွေများတယ်။ စက္ခုအာရုံနဲ့ မှန်းကြည့်လို့ မမြင်နိုင်တဲ့အရာတွေ၊ ဒြပ်မဲ့စိတ်ခံစားမှုတွေကို အဖွဲ့များတယ်လို့ ဆိုကြပါတယ်။

ရောဘတ်လိုဝဲကို ပါရီ ရီဗျူးအယ်ဒီတာ ဖရက်ဒရစ်ဆိုက်ဒယ်က တွေ့ဆုံမေးမြန်းခန်းလုပ်ပြီး ကဗျာနဲ့ပတ်သက်တဲ့ မေးခွန်းတွေ မေးခဲ့ပါတယ်။ ယခု ဆောင်းပါးဟာ အဲဒီ အမေးအဖြေများကို ဖော်ပြထားခြင်းဖြစ်ပါတယ်။

မေး။ ။ ဆရာ ခု ဘာတွေကို ပို့ချနေပါသလဲ။

ဖြေ။ ။ ကဗျာရေးနည်းသင်တန်းတစ်ခုကို ပို့ချနေပါတယ်။ ဝတ္ထုရှည်ရေးတဲ့ သင်တန်းတစ်ခုလည်း ရှိပါသေးတယ်။ ဝတ္ထုရှည်ရေး သင်တန်းကိုတော့ လက်တွေ့ဝေဖန်ရေးပညာလို့ အမည်ပေးထားပါတယ်။ အဲဒီသင်တန်းက ကျွန်တော် နှစ်တိုင်းသင်တဲ့ သင်တန်းပါ။ ဒါပေမဲ့ အကြောင်းအရာကတော့ ပြောင်းသွားပါတယ်။ ဒီနှစ်မှာ ရုရှားဝတ္ထုတို အကြောင်းသင်မယ်၊ နောင်နှစ်ကျတော့ ဘော့ဒလဲယားရဲ့ ကဗျာအကြောင်း သင်ချင်သင်မယ်။ နောင်နှစ်မှာ ဝေဖန်ရေး ဆရာသစ်များအကြောင်းကို သင်ချင်သင်မယ်။ ဒါမှမဟုတ်ရင်လည်း ဝတ္ထုအကြောင်းပဲ သင်ချင်သင်မယ်။ အဲဒီအချိန်မှာ ကျွန်တော်လုပ်နေတဲ့ ဘာသာရပ်ကို ကောက်သင်လိုက်တာ ပါပဲ။

မေး။ ။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းမှာ ဆရာ သင်ကြားပို့ချခဲ့တဲ့ ဘာသာရပ်တွေဟာ စာရေးဆရာတစ်ယောက်အနေနဲ့ ဆရာ့အတွက်ကော အကျိုးရှိပါသလား။

ဖြေ။ ။ လူတစ်ယောက်အနေနဲ့တော့ တော်တော့်ကို အကျိုးရှိပါတယ်။ ဒါပေမဲ့ ကျွန်တော် စာသင်တာက အချိန်ပိုင်းသင်တာဖြစ်လေတော့ အချိန်ပြည့် စာသင်တာလို ဝန်ထုပ်ဝန်ပိုးလည်း မကြီးလှဘူး။ တကယ်စာသင်တာမျိုးလို အကျိုးကျေးဇူး အပြည့်အဝတော့လည်း မရဘူးပေါ့။ စာသင်တယ်ဆိုတာက စာရေးတာနဲ့ မတူဘူးလေ။ စာသင်တယ်ဆိုတာက အမြဲတမ်း အားထုတ်နေရတယ်။ အနည်းနဲ့အများဆိုသလို အားထုတ်နေရတယ်။ ရပ်နေလို့ မရဘူး။ ပြီးတော့ ဆန္ဒစွဲကင်းရမယ်။ အလုပ်ကိုယ်နှိုက်ကလည်း ပျော်စရာကောင်းတဲ့ အလုပ်မျိုးဖြစ်တယ်။ ကျွန်တော်သင်ရတဲ့ သင်တန်းမျိုးကတော့ နှီးနှောဖလှယ်ပွဲ ပုံသဏ္ဍာန်မျိုးတွေ၊ စကားပြောရတဲ့ သင်တန်းမျိုးတွေ။

အဲဒီလို သင်တန်းမျိုးတွေမှာတော့ ကျောင်းသားက တော်ရင် (တော်ကြတာများပါတယ်) အင်မတန် ပျော်စရာကောင်းတယ်။ စာရေးသင်ရာမှာတော့ ဘယ်လောက်ပျော်စရာကောင်းမကောင်းကို ကျွန်တော် မသိဘူး။ ကိုယ်ကြိုက်တဲ့ စာအုပ်ကို ဝေဖန်ချက်ရေးမယ်။ မဖတ်ရသေးတဲ့ စာအုပ်ကိုဖတ်မယ်။ ဒါမှမဟုတ် ကောင်းကောင်းမဖတ်ရသေးတဲ့ စာအုပ်ကိုဖတ်မယ်။ အသံထွက်ဖတ်မယ်။ ပြီးတော့ အသေးစိတ်ရှင်းပြမယ်။ ဒီလောက်ဆိုရင် တော်တော်ဟန်ကျသွားပြီ။ အသင်ကနေ အရေးကို ခုန်တက်ရတာက တော်တော်တော့ခက်တယ်။

မေး။ ။ ဒါဖြင့် ပညာရေးလုပ်ငန်းနဲ့ဆိုင်တဲ့ ဘဝဟာ စာရေးဆရာပါမောက္ခရဲ့ ထိုးထွင်းဉာဏ် အာရုံခံစားစိတ်ကို အတားအဆီးဖြစ်စေတယ်လို့ ဆရာဆိုလိုတဲ့ သဘောလား။

ဖြေ။ ။ ဒီမှာ ယေဘုယျအဖြေကို ပေးဖို့တော့ သိပ်မလွယ်ဘူးလို့ထင်တယ်။ ကျွန်တော်တို့မျိုးဆက်က အကောင်းဆုံး ကဗျာဆရာတွေအနက် အားလုံးလောက်ဟာ စာသင်တဲ့ဆရာတွေချည်းပဲ။ ကျွန်တော်သိသလောက် စာမသင်တဲ့ ကဗျာဆရာဆိုလို့ အယ်လီဇာဘက်ဘစ်ရှော့တစ်ယောက်ပဲ ရှိမယ်ထင်တယ်။ သူတို့စာသင်ရတာက တခြားကြောင့်မဟုတ်ဘူး။ အသက်မွေးဝမ်းကျောင်းအရသင်ရတယ်။ နောက်တစ်ချက်က တစ်ချိန်လုံး ကဗျာတွေချည်း ရေးမနေနိုင်လို့ သင်ရတာ။ ကိုယ့်ကိုယ်ကို ကျယ်ပြန့်အောင်လုပ်ဖို့ သင်ရတယ်။ ဒီလိုစာသင်တဲ့အတွက် သူတို့မှာလည်း အကျိုးအမြတ်ရှိတယ်လို့ ကျွန်တော်ထင်တယ်။ ဒါဖြင့်ရင် တခြားလုပ်ငန်းတစ်ခု လုပ်ရင်ကော အကျိုးအမြတ် ပိုမရှိနိုင်ဘူးလားလို့ မေးစရာရှိတယ်။ ဟုတ်ပါတယ်။ စာသင်ရတာမှာ အန္တရာယ်တစ်ခုတော့ရှိပါတယ်။

အဲဒါက ဘာလဲဆိုတော့ ကိုယ်လုပ်တဲ့လုပ်ငန်းနဲ့ သိပ်ပြီး နီးစပ်လွန်းနေတဲ့ အချက်ပဲ။ ခင်ဗျားဟာ ကဗျာရေး– ဝတ္ထုရေးသင်ရာမှာ ကျွမ်းကျင်မှုရကောင်း ရှိကောင်း ပေမဲ့ ကိုယ်တိုင်ရေးကြည့်တော့ ကောင်းချင်မှကောင်း မှာ။ စာသင်ရာနဲ့ ဝေဖန်ရေးလုပ်ရာမှာ ပြန်ပြင်လို့ရတယ်။ ကဗျာမှာ စိတ်ကူးတစ်ခုကို ပြန်ပြင်လို့မရဘူး။ ကဗျာ တစ်ပုဒ်ကို သန္ဓေတည်ပေးလိုက်တဲ့ စိတ်ကူး၊ ကဗျာတစ်ပုဒ် ကို ရသမြောက်အောင် လုပ်ပေးလိုက်တဲ့ စိတ်ကူးဟာ စာပြတာနဲ့ တခြားစီ။ သဘာဝချင်း မတူဘူး။

မေး။ ။ စာသင်ရတာဟာ ကဗျာတစ်ပုဒ်ရဲ့ အစိတ် အပိုင်းတွေကို ခွဲခြမ်းစိတ်ဖြာကြည့်တာ။ ဝတ္ထုရှည်ကြီးတစ် ပုဒ်ရဲ့ ကဏ္ဍတွေကို သုံးသပ်ကြည့်တာနဲ့ မတူဘူးပေါ့။

ဖြေ။ ။ ဟုတ်တယ်။ ကဗျာဉာဏ်ကွန့်မြူးတာနဲ့ အဲဒီ ကိစ္စတွေဟာ တခြားစီပဲ။ စာသင်တာဟာ ကဗျာနဲ့ပိုဝေး သွားစေတယ်။ စာရေးခြင်းဟာ သင်ယူလို့ရတဲ့ အတတ် ပညာတစ်ခု မဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်။ အတတ် ပညာဆိုတာ ကျွမ်းကျင်မှုရအောင် လေ့ကျင့်၊ လုပ်ကြည့်။ ပြီးတော့ ဖြစ်သွားတယ်။ စာရေးတာက ဒီလိုမဟုတ်ဘူး။ စာရေးတယ်ဆိုတာ နက်ရှိုင်းတဲ့ အာရုံဝင်စားမှုရှိမှ ဖြစ်တာ မျိုး၊ ဒါမျိုးကို ရအောင်သင်ပေးလို့မရဘူး။ စာသင်ရာမှာ အသုံးပြုလို့ရတာမျိုး မဟုတ်ဘူး။ စာမသင်ဘူးဆိုရင် အဲဒီလို အာရုံဝင်စားမှုမျိုးကိုရဖို့ အခွင့်အရေး အများကြီး ရှိတယ်။ စာသင်ရင် လူမှာစိုးရိမ်မှု အားကြီးလာတယ်။ သိပ်သတိထားလာတယ်။ ကြောက်လာတယ်။ ဒီလိုဆိုရင် စာမရေးဖြစ်တော့ဘူး။ အဲ – စာရေးရင် လူက ပိုရဲလာတယ်။

မေး။ ။ စာသင်ရတာထက် စာရေးရတာက ပိုရဲစေ တယ်လို့ ပြောချင်တယ်ပေါ့။

ဖြေ။ ။ ရဲတယ်ဆိုရာမှာတောင် သိပ်ရဲသေးတာ မဟုတ်

ဘူး။ စာသင်တာကြောင့်ချည်း မရဲတာမဟုတ်ဘူး။ ကျွန်တော်တို့ အလွန်စိတ်ဝင်စားနေကြတဲ့ ဝေဖန်ရေးကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ လက်တွေ့လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ ဝေဖန်ရေးက ခေတ်စားနေတယ်။ အဲဒီလိုခေတ်မှာ ကြီးပြင်းလာလို့မရဲတာ။ စာလုံးတစ်လုံးကို ရေးချလိုက်တော့မယ်ဆိုရင် သုံးခါလောက်ပြန်စဉ်းစားတယ်။ အဲဒီစာလုံးကို ဖြုတ်ဖို့ကိစ္စကျတော့ ဆယ်ကြိမ်လောက် စဉ်းစားတယ်။ ရဲသလား၊ မရဲဘူးလားဆိုတာ အဲဒီအပေါ်မှာတည်တယ်။ စာလုံးတွေကို ရေးချလိုက်ရင် အဲဒီစာလုံးတွေဟာ တစ်ခုခုကိုတော့ လုပ်ရတော့မယ်။ အဲဒီအခါမှာ ခင်ဗျားသုံးတဲ့ စကားလုံးတွေဟာ ဖန်တစ်ရာတေနေတဲ့ စကားလုံးတွေ ဖြစ်မနေဖို့လိုတယ်။ ဒီအခါကျတော့ သတိထားလာရတော့မယ်။ အဲဒီလိုစဉ်းစားလိုက်တော့ စာရေးကျဲလာတယ်။

မေး။ ။ ဆရာကိုယ်တိုင် ဝေဖန်ရေးသိပ်မရေးခဲ့ဘူးလို့ ထင်ပါတယ်။ ဟုတ်ပါသလား။ တစ်ခါမှာတော့ ဂျီးရတ်မင်လေဟော့ပကင်းရဲ့ ကဗျာတွေကို ဝေဖန်ဖူးတယ်လို့ ထင်ပါတယ်။

ဖြေ။ ။ ဟုတ်ပါတယ်။ ကဗျာပေါင်းချုပ်ကျမ်း တချို့ကို ဝေဖန်ဖူးပါတယ်။ တစ်နှစ်ကို ဝေဖန်စာတစ်ပုဒ် နှစ်ပုဒ်လောက်တော့ ရေးဖြစ်ပါတယ်။

မေး။ ။ ဟော့ပကင်းကဗျာ ဝေဖန်တဲ့ ဆရာ့ဝေဖန်ချက်ဟာ တော်တော်ကောင်းတယ်လို့ ထင်ပါတယ်။

ဖြေ။ ။ အဲဒီတုန်းက ဝေဖန်ရေးလုပ်ချင်တဲ့စိတ် ပေါ်နေတယ်။ ပြောစရာလေးလည်း နည်းနည်းရှိနေတယ်။ တစ်ခါတလေမှာ ဒီထက်တောင် ပြောလိုက်ချင်သေးတယ်။ ဒါပေမဲ့ ဝေဖန်ရေးဆောင်းပါးရေးတဲ့အခါမှာ စံချိန်မမီမှာကိုလည်း ကျွန်တော်စိုးရိမ်တယ်လေဗျာ။ ကျွန်တော်

ဝေဖန်ရေးကို သည့်ထက်ပိုထက်မြက်စေချင်တယ်။ သည့်ထက်ပိုပြီး တောက်ပစေချင်တယ်။ ဒါပေမဲ့ ခက်တာက ကျွန်တော့်မိတ်ဆွေတွေက ဝေဖန်ရေးဆရာတွေ၊ ကဗျာဆရာ ဝေဖန်ရေးဆရာတွေ ဖြစ်နေတယ်။ ကျွန်တော် အသက်နှစ်ဆယ်လောက် ကဗျာရေးခါစတုန်းက ကဗျာဆရာဖြစ်တဲ့ အလန်တိတ်၊ အဲလီယော့၊ ဘလက်မားနဲ့ ဝင်းတားစ်တို့ဟာ ကျွန်တော့်အဖို့ အသစ်အဆန်းတွေ။ သူတို့ဆောင်းပါးတွေကိုပဲ စောင့်ဖတ်နေရတယ်။ ဝေဖန်ရေးဆောင်းပါး ကောင်းကောင်းတစ်စောင် ထွက်လာရင် ရသစာပေတစ်ပုဒ်ထွက်လာသလို ဝမ်းသာနေရတယ်။

မေး။ ။ ဒီနေ့ ဝေဖန်ရေးဆောင်းပါးတွေကျတော့ ဒီလို မဟုတ်တော့ဘူးလို့ ထင်တယ်ဆရာ။ ဆရာ ဘယ်လို သဘောရပါသလဲ။

ဖြေ။ ။ ဝေဖန်ရေးဆရာကောင်းတွေကတော့ ရှေးက ဆရာတွေပဲ များတာပဲ။ ကျွန်တော်တို့မျိုးဆက်မှာ အတော်ဆုံး ဝေဖန်ရေးဆရာကတော့ ဂျာရဲလ်လို့ထင်တာပဲ။ တကယ်တော့ သူလည်း အရင်မျိုးဆက်နဲ့ ဆက်နေတာပဲ။ ဒါပေမဲ့ ခုတော့ ဝေဖန်ရေးဆောင်းပါးတွေကို အရင်တုန်းကလောက် ရေးတာ မတွေ့ရတော့ဘူး။

မေး။ ။ ဆရာက စိန့်မက်ကျောင်းနဲ့ ဟားဗတ်တက္ကသိုလ်တို့မှာ ပညာသင်လာခဲ့တော့ ကင်ယွန်ကောလိပ်အကြောင်းကို နည်းနည်းမေးချင်ပါတယ်ဆရာ။ အဲဒီတုန်းက ဆရာရဲ့ အရေးအသားတွေအပေါ်မှာ ဩဇာလွှမ်းမိုးခဲ့တဲ့ ဆရာတွေ၊ အပေါင်းအသင်းတွေရယ်လို့ ရှိခဲ့သလား။ ကျွန်တော်ပြောချင်တာက သူတို့အရေးအသားနဲ့ ဩဇာလွှမ်းတာမျိုးမဟုတ်ဘဲ လူပုဂ္ဂိုလ်အနေနဲ့ ညွှန်ပြတာမျိုး ရှိသလားဆိုတာပါ။ ဥပမာ– ဘယ်လိုစာအုပ်မျိုးတွေကို ဖတ်သင့်တယ် စသဖြင့် အကြံပေးတဲ့သူမျိုး ရှိသလား။

ဖြေ။ ။ ကျောင်းမှာ အနုပညာနဲ့ပတ်သက်လို့ ရေးထားတဲ့ စာအုပ်တွေ အများကြီးထားပေးထားသဗျ။ အဲဒီတုန်းက မိတ်ဆွေတစ်ယောက်ရှိတယ်။ ဖရန့်ပါကားတဲ့။ သူက ပန်းချီဆရာပါ။ ဒါပေမဲ့ ဘယ်တော့မှ ကျကျနန ပန်းချီမဆွဲဘူး။ အဲဒီမှာ ကျွန်တော်တို့စာအုပ်တွေ ဖတ်ကြတယ်။ အနုပညာသမိုင်းကျမ်းတွေ ဖတ်ကြတယ်။ ပြန်ကူးရေးထားတဲ့ ပန်းချီကားတွေကို ကြည့်ကြတယ်။ ဒါဗင်ချီရဲ့ 'နောက်ဆုံးညစာ' ပန်းချီကားကို ရေပါးစက္ကူနဲ့ လိုက်ရေးပြီးဆွဲကြတယ်။ ခွန်အားရှိတဲ့ပုံတွေကို လေ့လာကြတယ်။ စေဇန်းရဲ့ပန်းချီကို သင်ကြည့်တယ်။ အစုံပေါ့ဗျာ။ ကျွန်တော်က ပန်းချီကို လက်တွေ့တော့ မဆွဲဖူးပါဘူး။ ဒါပေမဲ့ ပန်းချီကိုလေ့လာရတာက ကဗျာနဲ့ နီးစပ်လို့ပါ။ ပန်းချီကို လေ့လာရာကနေ ကဗျာကိုလည်း လေ့လာဖြစ်သွားတာပါပဲ။ အဲဒီတုန်းက ကျွန်တော်ဖတ် တဲ့ ကဗျာတွေက အယ်လီဇဘက်ဒရူးရဲ့ ကဗျာတွေနဲ့ မော်ဒန်ကဗျာနဲ့ ပတ်သက်တဲ့ စာအုပ်တွေပဲ။ မော်ဒန်ကဗျာတွေထဲမှာ လွတ်လပ်ကာရန်ကဗျာတွေ ပါတယ်။ လွတ်လပ် ကဗျာကို စပ်ရတာ လွယ်တယ်၊ ရှင်းတယ်လို့ထင်တယ်။

မေး။ ။ အဲဒီတုန်းက ဆရာက ဘယ်အတန်းမှာ ရောက်နေပြီလဲ။

ဖြေ။ ။ နောက်ဆုံးနှစ်မှာပါ။ ကျွန်တော် တကယ်ဖြစ်ချင်တာက ဘောလုံးသမားဖြစ်ချင်တာ။ ကစားတော့ ကစားခဲ့ဖူးပါရဲ့။ ဒါပေမဲ့ ထိပ်တန်းအသင်းတွေ ဘာတွေထဲထိတော့ မရောက်ပါဘူး။ ကစားရတာ ပင်ပန်းပေမဲ့ စိတ်ထဲမှာ ကျေနပ်သွားတယ်လေ။ ဒီအတိုင်းပါပဲ။ ကျွန်တော် စာတွေတော့ အများကြီးဖတ်တာပဲ။ ဒါပေမဲ့ ရေးတော့ မရေးဖူးသေးဘူး။ စာပေမှာလည်း ကျွန်တော်ဟာ ဒီအတိုင်းပဲထင်ပါရဲ့။ ကျွန်တော့်အဖို့ ကံကောင်း

သွားတာက ကျွန်တော်တို့ရှိနေတုန်းမှာ ရစ်ချတ်အဲဘား ဟတ်က စာသင်နေတာနဲ့ သွားကြုံနေတယ်။

မေး။ ။ သူက အဲဒီတုန်းက ဆရာ့လိုကျောင်းသားပဲ လား။

ဖြေ။ ။ မဟုတ်ဘူးဗျ။ သူက အဲဒီတုန်းက အသက် သုံးဆယ်လောက်ရှိပြီ။ သူ့အတန်းမှာတော့ ကျွန်တော် မတက်ဖူးပါဘူး။ ဒါပေမဲ့ ကျွန်တော်သူ့ဆီကို မကြာ ခဏသွားတယ်။ သူက စာတွေကိုဖတ်ပြတယ်။ ကျွန်တော် တို့နှစ်ယောက် စာကြောင်းပေကြောင်း ဆွေးနွေးကြတယ်။ သူက ပျားရည်နဲ့သင်းနေတဲ့ ဆေးတံသောက်ဆေးကို သောက်ပြီး ဘော့ဒလဲယားနဲ့ ရိုတ်စပီးယားကို ဖတ်ပြ တယ်။ ဟော့ပကင်းကို ဖတ်ပြတယ်။ ပြီးတော့ သူ့ကဗျာ တွေကိုလည်း ဖတ်ပြတယ်။ ကျွန်တော်လည်း ကဗျာရေး တယ်။ ကဗျာတွေကတော့ ခပ်ညံ့ညံ့ပါပဲ။ ဒါပေမဲ့ သူက ကျွန်တော့်ကို အားပေးတယ်။ ထက်သန်တယ်။ အဲဒီအချက် က တော်တော်အရေးကြီးသွားတယ်။ ကျွန်တော်လေးစား ပြီး ကိုယ်တိုင် ကဗျာရေးတဲ့လူတစ်ယောက် အနားမှာရှိ တော့ ပိုကောင်းသွားတယ်။

မေး။ ။ ဆရာ့ရဲ့ 'အရက်မူးနေသော တံငါသည်' ဆို တဲ့ ကဗျာဟာ စိန့်မက်ကျောင်းတိုက်မဂ္ဂဇင်းမှာ ပါတယ် လို့ ကြားဖူးတယ်။

ဖြေ။ ။ မဟုတ်ဘူးဗျ။ ကင်ယွန်ကောလိပ် မဂ္ဂဇင်းမှာ ပါတာ။ အဲဒီတုန်းကတော့ ကျွန်တော့်ကဗျာတွေက ခုနဲ့ မတူဘူးလေ။ အဲဒီတုန်းက ကျွန်တော်က ဝင်းတားစ်ရဲ့ ကဗျာတွေကို ဖတ်နေတုန်းရယ်။ ဝင်းတားစ်က ဘယ်သူ့ ကို စံထားသလဲဆိုတော့ ကဗျာဆရာ ရောဘတ်ဘရစ်ချ် ကို စံထားတယ်။ အဲဒီတုန်းက ကျွန်တော်စပ်ချင်တဲ့ ကဗျာက သင်္ကေတဝါဒမပါတဲ့ ဝေးလံတည်ငြိမ်တဲ့ ဂန္ထဝင်

ကဗျာမျိုးတွေကို စပ်ချင်တာ။ အဲဒီကဗျာက **Four-foot** နဲ့ အချီအချစပ်ထားတဲ့ကဗျာ။ ကင်ယွန်ကောလိပ်မဂ္ဂဇင်းက ကျွန်တော့်ကဗျာကို တစ်ပုဒ်တည်းထည့်ပေးပြီး နောက် မထည့်တော့ဘူး။ ဒီလို ဂန္ထဝင်ဟန်ကဗျာမျိုးကို နောက်ထပ် မထည့်တော့ဘူးတဲ့။

မေး॥ ॥ ဒါဖြင့် ကင်ယွန်မဂ္ဂဇင်းကို တခြားကဗျာတွေ ဆက်ပို့သေးလား။

ဖြေ॥ ॥ ပို့ပါတယ်။ ဂန္ထဝင်ဟန်ကဗျာမျိုးတော့ မဟုတ်တော့ဘူးပေါ့ဗျာ။ အဲဒီတုန်းက ကျွန်တော်က ဟက်ကရိန်း၊ အက်ဒွပ်တောမတ်စ်၊ အလန်တိတ်နဲ့ အင်ပဆွန်တို့ စုပေါင်းထုတ်တဲ့ 'မသေချာမှု ၇ မျိုး' ဆိုတဲ့ ကဗျာစာအုပ်ကို ဖတ်နေတယ်ဗျ။ တော်တော်ခက်တဲ့ ကဗျာတွေဗျာ။ တစ်ပုဒ်ခက်လို့ နောက်တစ်ပုဒ်လွယ်မလား အောက်မေ့တယ်။ အဲဒီအပုဒ်က သာတောင်ခက်နေသေးတယ်။ ဝေဝါးလိုက်ပုံကလည်း မပြောပါနဲ့တော့။ ကင်ယွန်မဂ္ဂဇင်းအယ်ဒီတာက အဲဒီကဗျာတွေကို တော်တော်သဘောကျတယ်။ ဒါပေမယ့် မဂ္ဂဇင်းထဲကိုတော့ ထည့်မပေးဘူး။ ခက်ပြီး ဝေဝါးနေလို့တဲ့။

မေး॥ ॥ နောက်ဆုံးတော့ ထည့်ပေးလိုက်တယ် မဟုတ်လား။

ဖြေ॥ ॥ ဟုတ်တယ်။ ဒါက ကျွန်တော်ဘွဲ့ရပြီး ကျောင်းက ထွက်သွားတော့မှ ထည့်ပေးတာ။ ပထမဆုံးကဗျာကတော့ ကျွန်တော် အောက်တန်းမှာရှိစဉ်ကတည်းက ပါလာတာ။ ဒါပေမဲ့ အဲဒီနောက်မှာ သုံးနှစ်လောက် ကဗျာတစ်ပုဒ်မှ မပါဘူး။ "ပို့လိုက်သည့်ကဗျာများအနက် တစ်ပုဒ်ကို စိတ်ဝင်စားပါသည်။ နောက်ထပ် ကြိုးစားစေလိုပါသည်" ဆိုတဲ့ ယဉ်ကျေးသမှု ပြန်စာကလေးတွေပဲရတယ်။ အဲဒီတုန်းက ကျွန်တော်လည်း စိတ်ဓာတ်ကျ

ပြီး ကဗျာမရေးတော့ဘူး။ စွန့်လွှတ်လိုက်တယ်ဆိုပါစို့။ ကျွန်တော့်အဖို့ အကျပ်အတည်းတွေ့နေတယ်။ ကျွန်တော် စပ်ချင်နေတဲ့ ကဗျာမျိုး၊ ကျွန်တော် တွေးထားတဲ့ကဗျာမျိုးက ရှုပ်ထွေးပြီး သိပ်အားထုတ်ရတာမျိုးဖြစ်တော့ ကဗျာနဲ့မတူဘဲ ဖြစ်နေတယ်။

မေး။ ။ ဆရာက 'လော့ဒ်ဝဲယားရီး၏ ရဲတိုက်' ဆိုတဲ့ ကဗျာပေါင်းချုပ်မှာ တချို့ကဗျာတွေကို မကြိုက်လို့ဆိုပြီး ချန်ပစ်ခဲ့တယ်။ အဲဒီကဗျာတွေနဲ့ ဆရာ့ရဲ့ နောက်ဆုံးထုတ်တဲ့ ကဗျာပေါင်းချုပ်မှာပါတဲ့ ကဗျာတွေက တော်တော်လေးကို ခြားနားနေတယ်။ ဥပမာ– 'မကွဲပြားခြင်းနယ်မြေ' ဆိုတဲ့ ကဗျာစာအုပ်ထဲက ကဗျာတွေဆိုပါတော့။ အဲဒီကဗျာတွေနဲ့ စောစောက ကဗျာတွေဟာ တော်တော်ခြားနားနေတာမြင်ရတော့ ကျွန်တော် အံ့အားသင့်နေတယ်။

ဖြေ။ ။ အဲဒီကဗျာပေါင်းချုပ်မှာ ကျွန်တော်ရေးခဲ့သမျှ သုံးပုံတစ်ပုံလောက်ကိုပဲ ရွေးထားတာ။ ရွေးထားတာတွေကိုလည်း ကျွန်တော် ပြန်ပြင်ပြီး ရေးသေးတယ်။ ခင်ဗျားက ဘာကြောင့်အံ့သြရတာလဲ။

(တခြားကြောင့်တော့ မဟုတ်ပါဘူး။ ဆရာ မရွေးဘဲချန်ပစ်ထားခဲ့တဲ့ ကဗျာတွေအားလုံးဟာ သိပ်ဘာသာရေးဆန်ပြီး သိပ်သင်္ကေတဆန်တဲ့ ကဗျာတွေဖြစ်နေလို့ပါ။ နောက် ရွေးထားတဲ့ ကဗျာတွေကတော့ ခွန်အားကောင်းပြီး ဆရာ အရင်တုန်းက မရေးဖူးသေးတဲ့ ကဗျာမျိုးတွေဖြစ်နေလို့ပါ။ အလန်တိတ်က ဆရာ့ကဗျာစာအုပ်ကို ရေးပေးတဲ့ အမှာထဲမှာ ဆရာ့ကဗျာထဲမှာ အမျိုးအစားနှစ်မျိုးရှိတယ်။ တစ်မျိုးက စောစောကပြောခဲ့တဲ့ ဘာသာရေးဆန်တဲ့ကဗျာ။ နောက်ကဗျာတစ်မျိုးကတော့ အတွေ့အကြုံလည်း ရင့်ကျက်၊ သမိုင်းသိစိတ်လည်းရှိတဲ့အတွက် ခွန်အားကောင်းတဲ့ ကဗျာမျိုးဖြစ်တယ်လို့ ရေးသွားပါ

တယ်။ ဆရာရွေးခဲ့တဲ့ ကဗျာဟာ မရွေးဘဲချန်ပစ်ခဲ့တဲ့ ကဗျာတွေထက်လည်း ပိုကောင်းတယ်လို့လည်း ထင်ပါတယ်)

ဟုတ်ပါတယ်။ ရှေးခေတ် ခရစ်ယာန်ဘာသာ ဓမ္မကဗျာတွေကို မှီးထားတဲ့ ကဗျာတွေအားလုံးကို ကျွန်တော် ကဗျာပေါင်းချုပ်မှာ မရွေးဘဲချန်ပစ်ခဲ့ပါတယ်။ ခြောက်သွေ့တဲ့ စိတ္တဇဆန်ဆန်ကဗျာတွေ၊ ရှုပ်ထွေးကြမ်းရှနေတယ်လို့ ကျွန်တော်ထင်တဲ့ ကဗျာတွေကို ကဗျာပေါင်းချုပ်မှာ မထည့်တော့ဘဲ ချန်ပစ်ခဲ့ပါတယ်။ ကဗျာတော်တော်များများဟာ ဘာသာရေးဆန်တဲ့ နိမိတ်ပုံတွေ ပါနေတယ်။ ဒါပေမဲ့ အဲဒီအထဲကမှ ခိုင်မာတယ်လို့ ယူဆရတဲ့ ကဗျာတွေကို ကျွန်တော် ရေးပါတယ်။ ကျွန်တော့်ကဗျာစာအုပ်မှာ သင်္ကေတနိမိတ်ပုံတွေ နည်းတဲ့ကဗျာတွေကိုပဲ ရွေးပါတယ်။ ပိုပြီးပျော့ပျောင်းတဲ့ ကဗျာတွေကို ရွေးပါတယ်။ ပထမအုပ်မှာတုန်းက တော်တော်ရှုပ်ထွေးဝေဝါးတဲ့ ကဗျာတွေပါသွားတယ် မဟုတ်လား။

မေး။ ။ အဲဒီအချိန်လောက်တုန်းက ဆရာစာဖတ်တာဟာ တော်တော့်ကို ကျယ်ပြန့်တယ်လို့ ထင်ပါတယ်။ အလန်တိတ်ရဲ့ အမှာထဲမှာ ဆရာ့ကဗျာထဲက အပိုဒ်တစ်ပိုဒ်ဟာ ဒရေတန်ရဲ့ 'ဗာဂျီးနီးယားသို့ခရီး' ဆိုတဲ့ ကဗျာထဲက အပိုဒ်ကို မှီးထားတယ်လို့ ရေးထားတယ်ထင်ပါတယ်။ အဲဒီတုန်းက ဒရေတန်ရဲ့ ကဗျာကိုဖတ်ဖို့ တစ်ယောက်ယောက်ကများ ညွှန်းခဲ့တာရှိဖူးသလား။

ဖြေ။ ။ အလန်တိတ်နဲ့ ကျွန်တော် ကဗျာစုစည်းမှုတစ်အုပ်ထုတ်ဖို့ အတူရေးခဲ့ကြတာပါ။ အဲဒီတုန်းက ကျွန်တော်နဲ့ အလန်တိတ်တို့ ဇနီးမောင်နှံ အတူတူနေခဲ့ကြတဲ့ အချိန်ပါ။ သူက အလွန်ကဗျာရေးနိုင်သူပါ။ သူ့မှာ ကဗျာစာအုပ်အတွက် သုံးပုံတစ်ပုံစာလောက် ရွေးပြီးနေပါပြီ။

ကျွန်တော်က ဂျိုနသန်အက်ဒွက်ရဲ့ အတ္ထုပ္ပတ္တိကို ရေးမလို့ ပြင်ဆင်နေတုန်းပါ။ သူက ဝတ္ထုရှည်ကြီးတစ်ပုဒ် ရေးမလို့။ ကျွန်တော်တို့ ဇနီးတွေကလည်း ဝတ္ထုတွေရေးမလို့။ ညနေရောက်ရင် ကျွန်တော်တို့ ဇနီးတွေက ဒီနေ့ ကျွန်မတို့ သုံးမျက်နှာလောက်ပြီးတယ်လို့ ပြောတတ်ကြပါတယ်။ သူတို့က တစ်နေ့တခြား စာရွက်တွေများလာတယ်။ ကျွန်တော်တို့က တစ်မျက်နှာမှ ရေးလို့မပြီးသေးဘူး။ တစ်နေ့မနက်ကျတော့ အလန်တိတ်က လေးမျက်နှာပြီး သွားတယ်။ ကျွန်တော်တို့နှစ်ယောက် စာကြည့်ခန်းထဲမှာ ကန့်လန့်ကာလေးခြားပြီး ကိုယ့်စားပွဲမှာ ကိုယ်ထိုင်ကြ တယ်။ ကျွန်တော်က ဂျိုနသန်အက်ဒွက်နဲ့ ပတ်သက်တဲ့ စာအုပ်တွေရှေ့ချပြီး မှတ်စုတွေထုတ်နေတယ်။ သူ့အတ္ထုပ္ပတ္တိ ကို ရေးရတာခက်လေတော့ ကျွန်တော် နည်းနည်းစိတ်ဓာတ် ကျလာတယ်။ ဒီတင် ကျွန်တော်တို့နှစ်ယောက် စိတ်ကူး ရပြီး ကျွန်တော်တို့နှစ်ယောက် ဂန္ထဝင်ကဗျာတွေကို ရွေးချယ် စုစည်းပြီး ထုတ်မယ်လို့ စိတ်ကူးရကြတယ်။ ကျွန်တော် တို့နှစ်ယောက်စလုံးက ရှေးထုံးနဲ့အညီ စပ်ထားတဲ့ ခပ်ခက် ခက်ကဗျာတွေကို သဘောကျတတ်တယ်။ အထူးသဖြင့် ၁၆ ရာစုနဲ့ ၁၇ ရာစုက ကဗျာတွေကို ဖတ်ကြတယ်။ ကဗျာတွေကို အသံထွက်ဖတ်ကြတယ်။ ညနေကျတော့ ဘယ်ကဗျာတွေကို ရွေးမယ်ဆိုပြီး ကတ်ပြားတင်ကြတယ်။ အဲဒီနောက် ကျွန်တော်တို့ ကဗျာတွေရေးကြတယ်။ ဒရေတန်ရဲ့ တမ်းချင်းမျိုးတွေကို ပုံစံယူပြီး ရေးမိတယ်လို့ ထင်တာပဲ။ အလန်တိတ်ကတော့ ဒရေတန်ရဲ့ ပုံစံကိုယူပြီး 'လေထဲက ပရိကွန်ဆယ်များ' ဆိုတဲ့ ကဗျာကို ရေးပါတယ်။ ရှေးဂန္ထဝင်ပုံမျိုး ပါတယ်လို့ထင်တာပဲ။ ကဗျာတော်တော် များများဟာ ပုံစံကျလွန်းတယ်လို့ ထင်တယ်။ ဒါပေမဲ့ မော်ဒန်ကဗျာဆရာ ပုံစံကျပြီဆိုရင် ရှေးက ကဗျာဆရာကြီး

တွေထက်တောင် ပုံစံကျအောင် တမင်အားထုတ်လေ့ရှိတယ်။ ကွဲပြားအောင်တော့ ကြိုးစားတာပေါ့လေ။ ဥပမာအားဖြင့် ရှယ်လီဟာ (terga rima) သုံးကြောင်းကာရန်တူအဖွဲ့မျိုးကို စပ်ရာမှာ တစ်မျက်နှာလုံးစပ်သွားတောင် သူ့ကဗျာဟာ ဖုထစ်မနေဘဲ ပြေချောနေအောင်စပ်လေ့ရှိတယ်။ ဒီနေ့ခေတ်မှာ အဲဒီလို အဖွဲ့အနွဲ့မျိုးနဲ့လိုက်စပ်ရင် သိပ်မလွယ်တော့ဘူး။ ရှုပ်ထွေးဝေဝါးကုန်တယ်။ ကျွန်တော်နဲ့ အလန်တိတ်တို့ စပ်တဲ့ကဗျာကကျွန်တော်တို့ရဲ့ ပုံစံကျကဗျာတွေကို အဲဒီလို ခက်ခဲတဲ့ပုံစံမျိုး ပေါ်စေချင်တယ်။ လွယ်လွယ်ကောက်စပ်သွားတဲ့ပုံမျိုး မပေါ်စေချင်ဘူး။

Ref: Robert Lowell - An Interview.

❒

ကဗျာဆရာနှင့် ဝေဝါးသောပုံရိပ်

(ဒဗလျူ၊ ဘီ၊ ယိတ်စ်ကို ၁၈၆၅ ခုနှစ်၊ ဇွန် ၁၂ ရက်နေ့မှာ ဒဗ္ဗလင်မြို့၊ ဆင်ဒီမောင့်အရပ်မှာမွေးတယ်။ ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့က ပြင်သစ် ရီဗီယားရားမှာ ကွယ်လွန်သွားခဲ့တယ်။ သူ့ရဲ့ ရှည်လျားပြီး စာတွေအများကြီးရေးခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ ယိတ်စ်ဟာ သဏ္ဌာန်အမျိုးမျိုးနဲ့ နေသွားခဲ့ပါတယ်။ အင်္ဂလို-အိုင်းရစ်လူငယ်ကဗျာဆရာကလေး၊ ကာရန်ဖွဲ့သူများ ကလပ်ကိုတည်ထောင်သူ၊ ရာဖီယာယ် အကြိုခေတ်ရဲ့ အငွေ့အသက်လွှမ်းနေတဲ့ ထူးခြားတဲ့ ကဗျာများကို ရေးခဲ့သူ၊ ရိုစီကရိုစီယန်ဂိုဏ်းလို့ခေါ်တဲ့ ဂန္ဓာရီပညာရပ်များနဲ့ ပဉ္စလက် ပညာရပ်များကို လေ့လာလိုက်စားတဲ့ သုတေသီ၊ ‘အမြင် အာရုံ’ဆိုတဲ့ ကဗျာထဲမှာ သင်္ကေတစနစ်ကို ဝိတ္ထာရချဲ့ခဲ့သူ၊ ‘ရမ္မက်ပြင်းထန်တဲ့ ဝါကျူဖွဲ့စည်းပုံပေါ်မှာ စီးနင်းလိုက်ပါလာတဲ့’ သင်္ကေတကဗျာမျိုးကိုစပ်တဲ့ သင်္ကေတဝါဒီ ကဗျာဆရာ၊ အိုင်းရစ်ရှေးဟောင်း ဒဏ္ဍာရီကို ရှာဖွေစုံစမ်းသူ၊ အိုင်းရစ်ဇာတ်သဘင် (လှုပ်ရှားမှု)ကို ဦးဆောင်သူ၊ အိုင်ယာလန် ယဉ်ကျေးမှုနဲ့ ထုံးတမ်းယဉ်ကျေးမှုတို့ကို ပြန်လည် ရှင်သန်လာရေးအတွက် ရှေ့ဆောင်ရှေ့ရွက်ပြုသူ စသည် ဖြင့် သူပါဝင်ခဲ့ရတဲ့ ဖြတ်သန်းမှုတွေဟာ စုံလင်လှပါတယ်။

စိတ်ကူးချိုချို

ဖြတ်သန်းမှု အခန်းကဏ္ဍတိုင်းမှာ ယိတ်စ်ဟာ ဗီဇရှိသူ၊ ပါရမီရှိသူ ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ဖြတ်သန်းမှုတစ်ခုတည်းကို ရေးပြရုံနဲ့ မြားမြောင်ကြီးမားတဲ့ အရည်အချင်းတွေကို ပြည့်စုံအောင် ဖော်ပြနိုင်မှာ မဟုတ်ပါဘူး။ အားလုံးကို ခြုံငုံကြည့်မှသာလျှင် ပေါ်နိုင်ပါလိမ့်မည်)

ကဗျာဆရာဟာ မိမိကိုယ်မိမိ ဖော်ပြရုံနဲ့ ကဗျာကိစ္စပြီးတယ်လို့ ယိတ်စ်မယူဆပါဘူး။ ဒါကြောင့် သူက (အိုင်းရစ်ပြဇာတ်ဆရာကြီး) ဆင်းချ်ကို ချီးကျူးရာမှာ 'သူသည် မျိုးရိုးဇာတိနွယ်ကို ရှာဖွေရာတွင် မံသစက္ခုဖြင့်လည်းမကြည့်၊ အတိတ်သမိုင်းထဲတွင်လည်း မရှာ၊ အနာဂတ်ကိုလည်း မျှော်မကြည့်ဘဲ စိတ်၏ အဇ္ဈတ္တသန္တာန်အတွင်း၌သာ ရှာဖွေခြင်းပြုပေသည်။ သူ၏ အနုပညာကဲ့သို့ အနုပညာတိုင်း၌ ဝေးလံသော နေရာအထိရောက်အောင် ဖြာ ထွက်သည့် အဖြစ်အပျက်များ၏ အောက်ခြေပင်မြစ်များသည် တည်ရှိနေတတ်ပေသည်။ သွန်သင်ဆုံးမခြင်း မပြုသော၊ အော်ဟစ်မြည်တမ်းခြင်း မပြုသော၊ ဆွဲဆောင်ဖြားယောင်းခြင်း မပြုသော၊ အပေါ်စီးမယူသော၊ ဖွင့်ဆိုချက်မပေးသော အရာများသာလျှင် ဆွဲဆောင်နိုင်စွမ်း ရှိပေသည်' လို့ သူက ရေးခဲ့ပါတယ်။

ကဗျာဆရာဟာ ဗျာဒိတ်ပေးသူ မျိုးနွယ်တစ်ဦးဖြစ်တယ်။ ထာဝရ လျှို့ဝှက်နက်နဲမှုတွေရဲ့ အခေါင်အချုပ်ဖြစ်တယ်။ သူ့ရဲ့စိတ်ဟာ အခြေခံအားဖြင့် ဘုံဆန်တယ်၊ ကဗျာဆရာဟာ သင်္ကေတတွေကို လူရဲ့ အစစ်အမှန်တွေ စုဝေးရာ 'မှတ်ဉာဏ်တော်'က ထုတ်ယူခြင်းဖြစ်တယ်။ ကဗျာဆရာဟာ ဘယ်လိုစကားကို ပြောသည်ဖြစ်စေ သူ့စကား (ကဗျာ)ဟာ ခံစားချက် သက်သက်တွေထက် အဆင့်မြင့် ကျော်လွန်သွားသင့်တယ်။ ခံစားချက် သက်သက်ဆိုတာ လောကီအရာကိစ္စ၊ ပုဂ္ဂိုလ်ရေးရာကိစ္စမျှသာဖြစ်

တယ်။ အဲဒီခံစားချက်သက်သက်ကို ကျော်လွန်သွားအောင် ပြောနိုင် (ကဗျာဖွဲ့နိုင်)မှသာလျှင် အလေးချိန်စီးပြီး ရမ္မက်ရဲ့ ခိုင်မာသိပ်သည်းမှုသဘောကို ဆောင်လိမ့်မယ်။

ဒါကြောင့်မို့ ကဗျာဟာ ကိုယ်ပိုင်သီးသန့်ဖြစ်မှုရှိတဲ့ ဆောင်ရွက်ချက်တစ်ခု အလုပ်တစ်ခုဖြစ်တယ်။ အဲဒီ ဆောင်ရွက်ချက်ထဲမှာ ငြင်းခုံခြင်း၊ သဘောတရား၊ ဉာဏ်ပညာနက်နဲခြင်း၊ အာရုံစိုက်မိခြင်းစတဲ့ အရာတွေဟာ ဝီလျံဘလိတ်ပြောသလို 'သူတို့ရပ်တည်ချက်အတွက် တိုက်နေတဲ့ မကောင်းဆိုးဝါးကောင်ကလေးတွေ'သာဖြစ်တယ်။ ကျွန်တော်တို့ရဲ့ ပကတိမျက်စိနဲ့ မြင်နိုင်တဲ့ ပြောင်းလဲလှုပ်ရှားနေတဲ့ ဘဝကြီးရဲ့ ဝိပလ္လာသတွေသာဖြစ်တယ်။ ဒီအရာတွေဟာ ကျွန်တော်တို့ စိတ်အခြေအနေကို အကျိုးပြုနိုင်အောင် အသုံးချရမယ့် အရာတွေသာဖြစ်တယ်။ ဒီလိုမှ မလုပ်နိုင်ရင် ကျွန်တော်တို့ဟာ ထာဝရကာလကြီးထဲမှာ အခန်းကဏ္ဍ မရှိနိုင်ဘူးလို့ ယိတ်စ်က ယူဆပါတယ်။ အနုပညာရှင်တစ်ယောက်အဖို့ မျိုးချစ်စိတ်သည်ပင်လျှင် မသန့်စင်တဲ့ ရည်ရွယ်ချက်ဖြစ်နေတယ်။ အစိတ်အပိုင်းကလေးသာဖြစ်တဲ့ ကဏ္ဍာရုံအလှအပ၊ သို့မဟုတ် ခွဲထုတ်လို့ရတဲ့ စိတ်ကူးတစ်ခု စသည်တို့ကို စိတ်ဝင်စားခြင်းဟာ ကျယ်ပြန့်ကြီးမားလှတဲ့ အကြောင်းအရာကြီးတစ်ခုကို တစ်ခုတည်းသော အာရုံရုပ်အဖြစ် ပုံသွန်းရာမှာ ကဗျာဆရာကို ခွန်အားမဲ့စေတယ်လို့ ယိတ်စ်က ပြောခဲ့ပါတယ်။ သူ့အလိုအရ သူ့ရဲ့ ရှေးဟောင်းဝတ်ကျောင်းတော်ထဲမှာ (ကဗျာထဲမှာ) ကိုးကွယ်ရာ ဘုရားပလ္လင်သာရှိပြီး ဟောပြောရာ တရားပလ္လင်မရှိဘူးလို့ ဆိုပါတယ်။

အဲဒီတုန်းက အစဉ်အလာဟာ သင်ခန်းစာတွေကို ထုတ်မပေးပါဘူး။ အစဉ်အလာဟာ ရင့်ကျက်မှုတစ်မျိုးသာ ဖြစ်နေပါသေးတယ်။ ယိတ်စ်က –

"နွေဦးတစ်ရက်က ကျွန်တော်တို့ ခံစားရတဲ့ ပျော်ရွှင်မှုထဲမှာ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ခံစားချက်နဲ့အတူ ဂွီလာမေဒီ လောရစ်ဆီကရတဲ့ ချော်ဇာရဲ့ ခံစားချက်မျိုး ရောနေပါတယ်။ ဂွီလာမေဟာလည်း ဒီခံစားချက်ကို ပရိုးဗင့်စ်ရဲ့ ကဗျာထဲက ရခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ပူပြင်းတဲ့ ကျွန်တော်တို့ မေလတွေကို မွန်းတည့်ချိန် နေမင်းတွေကြောင့် ရင့်မှည့်သွားတဲ့ စိတ်အားထက်သန်မှုတွေနဲ့ ကျင်းပပါတယ်။ ကျွန်တော်တို့ရဲ့ အနုပညာဟာ ကိုးကွယ်ဝတ်ပြုမှုထဲမှာ မိမိရဲ့ပုံရိပ်ကို သွားတွေ့ပါတယ်။ အဲဒီကိုးကွယ်ဝတ်ပြုမှုဟာ ဘေးအန္တရာယ်တွေ၊ ဝိညာဉ်တွေ၊ နတ်တွေက ကိုယ်လုံးတီးနေကြတဲ့ လူရိုင်းတွေကို သင်ကြားပေးလိုက်တဲ့ လူရိုင်းအခမ်းအနား၊ အဆောင်အယောင်တွေထဲက ဆင်းသက်လာခဲ့ခြင်း ဖြစ်ပါတယ်။ ပုံရိပ်ဟောင်းများ၊ ခံစားချက်ဟောင်းများဟာ ဝိညာဉ်သစ်ရဲ့ ယုံကြည်မှုနဲ့ ရမ္မက်ဇောကြောင့် (ဟိန်းပြောပြတဲ့ နတ်ဘုရားများလို) အိပ်ပျော်ရာက နိုးလာပြီး ရှင်သန်ထမြောက်လာခဲ့ကြပါတယ်။ အဲဒီလို ပုံရိပ်မျိုး၊ အဲဒီလို ခံစားချက်မျိုးသာလျှင် ထူးခြားပြောင်မြောက်တဲ့ အနုပညာလက်ရာများဖြစ်တယ်' လို့ ပြောခဲ့ပါတယ်။ ယိတ်စ်ရဲ့ မဟာအလင်္ကာဟာ အဲဒီ ရေခံမြေခံက ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါတယ်။

၁။ မူလအခြေခံတရား

ကဗျာဆရာတစ်ယောက်ဟာ သူ့ရဲ့ ပုဂ္ဂိုလ်ရေး ဘဝကိုသာ အမြဲရေးတယ်။ သူ့ရဲ့ အကောင်းဆုံးကဗျာဟာ ဘဝရဲ့ ကြေကွဲစရာတွေထဲက ပေါ်ထွက်လာတာဖြစ်တယ်။ အဲဒီကြေကွဲစရာဟာ နောင်တသံဝေဂ ဖြစ်ချင်ဖြစ်မယ်။ ရှုံးနိမ့်သွားတဲ့ အချစ်ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် သူ့ အထီးကျန်ဖြစ်မှု ဖြစ်ချင်ဖြစ်မယ်။ သူဟာ မနက်လက်ဖက်

ရည်ပိုင်းမှာ ပြောသလို ဘယ်တော့မှ တိုက်ရိုက်ကြီးမပြောဘူး။ ကဗျာမှာ အမြဲတမ်းဝေဝါးနေတဲ့ ပုံရိပ်တွေရှိတယ်။ ဒန်တီနဲ့ မီလ်တန်တို့မှာ ရှေးဟောင်းဒဏ္ဍာရီတွေရှိတယ်။ ရှိတ်စပီးယားမှာ အင်္ဂလိပ်ရာဇဝင်ထဲက ရာဇဝင်ပုဂ္ဂိုလ်တွေရှိတယ်။ ဒါမှမဟုတ် အစဉ်အလာ ပုံပြင်ဟောင်းတွေရှိတယ်။

ကဗျာဆရာဟာ ဘယ်အရာကမှ အရောင်ရိုက်ခတ်ခြင်း မခံရဘူးဆိုသည့်တိုင် ...

ရာလေးလို ဘုရင်ဧကရာဇ်ကိုတောင် အလိမ်အညာလို့ စွပ်စွဲသည့်တိုင် ...

ရှယ်လီလို 'ကမ္ဘာမြေကြီးရဲ့ ဖိစီးမှုမှအပ ဘာကိုမျှမမှု'လို့ ဆိုသည့်တိုင် ...

ဘိုင်ရွန်လို'ဝိညာဉ်က ရင်ကိုလိုက်စား'သည့်တိုင် ...

ကဗျာဆရာဟာ မနက်လက်ဖက်ရည်ပိုင်းမှာ ဝင်ထိုင်တဲ့ မတော်တဆဖြစ်မှုတွေ၊ အဆက်အစပ်မရှိတာတွေကို စုစည်းထုပ်ပိုးထားတဲ့ အထုပ်တစ်ထုပ် မဟုတ်ဘူး။ ကဗျာဆရာဟာ စိတ်ကူးတစ်ခုအဖြစ် အသစ်မွေးလာသူဖြစ်တယ်။ ရည်ရွယ်ချက်ရှိရှိ၊ ပြည့်စုံမှုရှိရှိနဲ့ အသစ်မွေးလာသူဖြစ်တယ်။ ဝတ္ထုရေးဆရာတစ်ယောက်ကတော့ သူ့ရဲ့ မတော်တဆဖြစ်မှု၊ သူ့ရဲ့ အဆက်အစပ်မရှိမှုကို ရေးကောင်းရေးမယ်။ ကဗျာဆရာကတော့ မရေးဘူး။ ကဗျာဆရာဟာ လူထက်ပုံစံတစ်ခုဖြစ်ပြီး ပုံစံတစ်ခုထက် ရမ္မက်ဇောတစ်ခုဖြစ်တယ်။ သူဟာ လီယာမင်းကြီးဖြစ်တယ်။ သူဟာ ရိုမီယိုဖြစ်တယ်။ သူဟာ အုတ်ဒီပဖြစ်တယ်။ သူဟာ တိရေသျှဖြစ်တယ်။ သူဟာပြဇာတ်တစ်ပုဒ်ထဲက အပြင်ကို လှမ်းထွက်လာခဲ့တယ်။ သူချစ်တဲ့ မိန်းမသည်ပင် ရိုဇာလင်လိုမိန်းမ၊ ကလီယိုပက်ထရာလိုမိန်းမဖြစ်တယ်။ 'မိန်းမယုတ်'ကို သူမချစ်ဘူး။ ကဗျာဆရာဟာ သူကိုယ်တိုင် ဝေဝါးတဲ့ပုံရိပ်

ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တယ်။ ကျွန်တော်တို့ဟာ ကဗျာဆရာကို မြတ်နိုးတယ်။ ဘာဖြစ်လို့လဲဆိုတော့ (သူ့ကြောင့်) သဘာဝကြီးဟာ နားလည်နိုင်တဲ့အရာ ဖြစ်လာလို့ပဲ။ ဒီနည်းအားဖြင့် သဘာဝကြီးဟာ ကျွန်တော်တို့ရဲ့ ဖန်တီးမှုစွမ်းအားရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်လာလို့ပဲ။ 'စိတ်သည် အတ္တ၏ အလင်းရောင်ထဲတွင် ပျောက်ကွယ်နစ်မြုပ်သွားပေ၏'လို့ ပရသျူဏာဥပနိသျှကျမ်းက ဆိုတယ်။ 'ပညာရှိသူသည် သေသောသူနှင့် ရှင်သောသူတို့ကို အတ္တအတွင်း၌ ရှာဖွေခြင်းပြုကာ ကမ္ဘာလောကကြီးက ပေးအပ်ခြင်းမပြုနိုင်သောအရာကို ရပေ၏'လို့ ဆန္ဒောဂယ ဥပနိသျှကျမ်းက ဆိုတယ်။

ကမ္ဘာကြီးဟာ ဘာကိုမှ လုပ်ပေးခြင်းမရှိတဲ့အတွက် ဘာကိုမှ မသိဘူး။ ကျွန်တော်တို့ကတော့ အရာရာကို လုပ်ပေးခဲ့တဲ့အတွက် အရာရာကိုသိတယ်။

❐

ကျွန်တော့်ကဗျာရဲ့ အကြောင်းအရာ

ကျွန်တော့်ကဗျာရဲ့ ဆိုလိုရင်း အကြောင်းအရာ (သဲမ်း)ကို တွေ့တာကတော့ ဖိန်းနီးယန်းလွတ်လပ်ရေး လှုပ်ရှားမှုရဲ့ ခေါင်းဆောင် 'ဂျွန်အိုလီယာရီ'ဆီက တွေ့ရတာတွေပါ။ သူ့ရဲ့ လှပတဲ့ဦးခေါင်း၊ သူ့ရဲ့ ပညာနဲ့စပ်မှု၊ သူ့ရဲ့မာန၊ သူ့ရဲ့ရိုးသားမှု၊ ဈေးဆိုင်ကလေးတွေနဲ့ ယာတောတွေကြားက ပေါက်ဖွားကြီးပြင်းလာခဲ့ရတဲ့ သူ့ရဲ့ မင်းစိုးရာဇာဆန်တဲ့ စိတ်ကူးအိပ်မက်တွေဟာ လူငယ်ကလေးတွေကို သူ့အနားမှာ ဝိုင်းရံအောင်လုပ်နိုင်ခဲ့ပါတယ်။

အဲဒီတုန်းက ကျွန်တော့်အသက် ၁၈ နှစ်၊ ၁၉ နှစ်လောက်ရှိနေပြီ။ ရှေးခေတ် ပြဇာတ်တွေဖြစ်တဲ့ 'နတ်သမီးကေရီ'တို့၊ 'ဝမ်းနည်းကြေကွဲနေတဲ့ သိုးကျောင်းသား'တို့ကို ဖတ်ပြီး အားကျလို့ ကျေးလက်နောက်ခံ ပြဇာတ်တစ်ပုဒ်ကို ရေးပြီးနေပြီ။ ရှယ်လီရဲ့ 'ပရိုမီးသီးယပ်စ်လွတ်လပ်ပြီ'ရဲ့ ဩဇာအောက်မှာ ပြဇာတ်နှစ်ပုဒ်ရေးပြီးနေပြီ။ တစ်ပုဒ်က ကော့ကေးဆပ်စ် တောင်တန်းနောက်ခံ။ နောက်တစ်ပုဒ်က လပေါ်က ချိုင့်ဝှမ်းကြီးတွေထဲမှာ နောက်ခံထားတယ်။ အဲဒီပြဇာတ်တွေဟာ သိပ်သရုပ်မပီပြင်ဘူး။ စလယ်ဆုံး သိပ်မညီညွတ်ဘူးဆိုတာ ကျွန်တော် သိပါတယ်။ ဒီတုန်းမှာ 'ဂျွန်အိုလီယာရီ'က 'တောမတ်စ်ဒေးဗစ်'ရဲ့ ကဗျာစာအုပ်

တစ်အုပ်ပေးပြီး အဖတ်ခိုင်းတယ်။ ကဗျာက သိပ်တော့ မကောင်းဘူးတဲ့။ ဒါပေမဲ့ သူငယ်ငယ်မှာ သူ့ဘဝကို ပြောင်းလဲသွားအောင် လုပ်ပေးလိုက်တဲ့ ကဗျာတစ်အုပ်ပဲတဲ့။ ပြီးတော့ ဒေးဗစ်ရဲ့ အပေါင်းအသင်း ကဗျာဆရာတွေအကြောင်းကိုလည်း ပြောပြတယ်။ သူတို့ကဗျာတွေ၊ စာအုပ်တွေကိုလည်း ကျွန်တော့်ကို ငှားသေးတယ်ထင်တယ်။ 'နေရှင်း' သတင်းစာကိုလည်း အဖတ်ခိုင်းတယ်။ သူတို့ကဗျာတွေက ခပ်ညံ့ညံ့တွေဆိုတာ အိုလီယာရီထက်တောင် ကျွန်တော် ပိုပြီးမြင်လာတယ်။ ကျွန်တော်က စိတ်ကူးယဉ် (ရိုမန်တစ်) စာပေတွေမှအပ တခြားဘာကိုမှ ဖတ်တာ မဟုတ်ဘူး။ ၁၈ ရာစုက ကျမ်းဆန်ဆန် စာတွေကိုလည်း မုန်းတယ်။ ဒါပေမဲ့ အဲဒီကဗျာတွေထဲမှာ ကျွန်တော် နှစ်သက်ခဲ့၊ နှစ်သက်ဆဲဖြစ်တဲ့ အရည်အချင်းတစ်ခုတော့ ရှိတယ်။ သူတို့ဟာ တစ်ကွဲတစ်ပြားစီ ဖြစ်နေကြတဲ့ တစ်ဦးချင်းပုဂ္ဂိုလ်တွေ မဟုတ်ဘူး။ သူတို့ဟာ လူထုတစ်ခုကနေ တခြားလူထုတစ်ခုကို စကားပြောနေတာ၊ စကားပြောဖို့ ကြိုးစားနေတာ။ ကျွန်တော်ဟာ ခေတ်ပေါ်စာပေတွေကိုချည်း ဖတ်နေလို့ မဖြစ်ဘူးဆိုတာ ကျွန်တော် သိလာတယ်။ ခုခေတ်မှာလည်း လူငယ်ကလေးတွေ တော်တော်များများ သိကြပါတယ်လေ။ 'ဂျိုနသန်ဆွစ်'က ခေတ်ပေါ်စာပေကို ပင့်ကူတစ်ကောင်ရဲ့ အူတွေနဲ့ ရက်လုပ်ထားတဲ့ ပင့်ကူအိမ်နဲ့ နှိုင်းယှဉ်သွားဖူးတယ်။ ကျွန်တော်က ရှုမြင်ချက်တွေကို ဖော်ပြတဲ့ ကဗျာမျိုးကို အရင်တုန်းကလည်း မုန်းခဲ့တယ်။ ခုလည်း ပိုပြီးမုန်းလာတယ်။ ကျွန်တော်ရဲ့ မသိနားမလည်မှုဟာ ခွင့်ပြုမယ်ဆိုရင် ကျွန်တော် 'ဟိုးမား'ရဲ့ ကဗျာတွေဆီကို ပြန်သွားချင်တယ်။ သူ့ထမင်းပွဲမှာ စားတဲ့ အစာတွေဆီကို ပြန်သွားချင်တယ်။ အရင်တုန်းက လူတွေငိုခဲ့ကြသလို ကျွန်တော် ငိုချင်လာ

တယ်။ အရင်တုန်းက လူတွေ ရယ်ခဲ့သလို ကျွန်တော် ရယ်ချင်တယ်။ နှုပ်ပို့တဲ့ အိုင်ယာလန်ပြည်ရဲ့ ကဗျာဆရာတွေ ဟာ နိုင်ငံရေးသက်သက်ကိုသာ မရေးတဲ့ အချိန်မျိုးမှာ တူညီတဲ့လိုအင်ဆန္ဒ တစ်ခုတည်းပဲရှိတယ်။ ဒါ သာမန် အိုင်ယာလန်ပြည်သူလူထုနဲ့ သူတို့ရဲ့ ဘာသာစကားဟာ တစ်သက်လုံး သုတေသန လုပ်နေရမယ့် အလုပ်မျိုးဖြစ် တယ်လို့ဆိုတဲ့ အချက်။ အဲဒီ ဘာသာစကားကို ရှာဖွေ တွေ့ရှိလာရင်လည်း အများက အသိအမှတ်မပြုဘူးဆိုတဲ့ အချက်ကို သူတို့ မသိကြဘူး။ ဒီတုန်းက အိုင်ယာလန် စာဆိုကြီး 'စတင်းဒစ်အိုဂရာဒီ'နဲ့ အိုင်းရစ်ဒဏ္ဍာရီတွေနဲ့ ပတ်သက်တဲ့ သူ့ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေအကြောင်း ကျွန်တော့်ကို တစ်ယောက်က ပြောပြတယ်။ 'အိုလီယာရီ' မဟုတ်ဘူး။ 'အိုလီယာရီ'က ကျွန်တော့်ကို 'အိုကာရီ' ဆီကို လွှတ်တယ်။ ဒါပေမဲ့ သူ့ရဲ့ စီစဉ်တကျလည်း မရှိ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်လည်း မပါတဲ့ သမိုင်းအကြောင်း အရာတွေက ကျွန်တော့်ရဲ့ ပျင်းရိတဲ့ လူငယ်စိတ်ကို အနိုင်ရသွားတယ်။

'နေးရှင်း' သတင်းစာ မထုတ်ဝေခင် မျိုးဆက်တစ် ဆက်လောက်တုန်းက ဘုရင့်အိုင်းရစ် အကယ်ဒမီက ရှေးဟောင်းအိုင်းရစ်စာပေကို စတင်လေ့လာစပြုနေပြီ။ အဲဒီ လေ့လာမှုကို ပါလီမန်စနစ်ကို ထူထောင်ပေးခဲ့တဲ့ ပရိုတက် စတင့် ဘာသာဝင် မင်းစိုးရာဇာတွေက အားပေးထောက်ခံခဲ့ ကြတယ်။ နေးရှင်းသတင်းစာနဲ့ သူတို့ရဲ့ဂိုဏ်းကို လွတ်လပ် သော အိုင်ယာလန် ထူထောင်မယ့် ကက်သလစ်ဘာသာဝင် လူလတ်တန်းစားတွေက ထောက်ခံအားပေးခဲ့ကြသလိုပေါ့။ အကယ်ဒမီက အိုင်းရစ်ရှေ့ဟောင်းစာပေ သုတေသနအ တွက် လိုအပ်တဲ့ ငွေကြေးကို ရက်ရက်ရောရော ထောက်ပံ့ဖို့ အင်္ဂလိပ်အစိုးရကို မေတ္တာရပ်ခံခဲ့တယ်။ ကြီးကျယ်တဲ့

ပညာရှင်ကြီးတစ်ဦးဖြစ်တဲ့ 'အိုဒိုနိုဗန်' အပါအဝင် ပညာရှင်အများအပြားကို ကျေးလက်မှာ တစ်ရွာပြီးတစ်ရွာလွှတ်ပြီး ရှာနာမည်ကို စာရင်းကောက်ခိုင်းတယ်။ သူတို့ရဲ့ ဒဏ္ဍာရီသမိုင်းအကြောင်းတွေကို မှတ်တမ်းတင်ခိုင်းတယ်။ ဒီလိုသုတေသနလုပ်တာဟာ အချိန်မီပဲလို့ထင်တယ်။ အဲဒီတုန်းက လူတွေရဲ့ မှတ်ဉာဏ်ကလည်း လတ်လတ်ဆတ်ဆတ်ပဲ ရှိနေသေးတယ်။ သွားရောက်စုဆောင်းတဲ့ ပညာရှင်တွေကိုယ်တိုင်လည်း ဘန်းရှီး (အိုင်ယာလန်တွင် အိမ်တစ်အိမ်မှ လူတစ်ယောက် သေခါနီးမှာ လာပြီးငိုကြွေးခြောက်လှန့်တဲ့ နာနာဘာဝ)ကို တွေ့ခဲ့ဖူးကောင်း တွေ့ခဲ့ဖူးကြမှာပဲ။ ဘုရင့်အိုင်းရစ် အကယ်ဒမီနဲ့ သူ့ဂိုဏ်းသားတွေကလည်း ရုပ်တုကိုးကွယ်သူကိုရော ခရစ်ယာန်ဘာသာဝင်တွေကိုရော အားတက်သရော ဆီးကြိုခဲ့တယ်။ မျှော်စင်ဝိုင်းကြီးဟာ ပါဠျှန်း မီးကိုးကွယ်မှုကို အထိမ်းအမှတ်ပြုတည်ဆောက်ထားတာလို့ ယူဆခဲ့ကြတယ်။ လူတွေကလည်း သိပ်ဘာသာရေး အယူမသီးကြတော့ဘူး။ ကက်သလစ်ဘာသာဝင်တွေကို ချေမှုန်းပြီးပြီ။ ပြားပြားဝပ်နေကြပြီ။ အိုင်ယာလန် သာသနာဂိုဏ်းရဲ့ နာယကဆရာတော်တစ်ပါးဖြစ်တဲ့ ကျွန်တော့်ဘိုးလေးတစ်ယောက်ဆိုရင် (အဲဒီဘိုးလေးရဲ့ပုံတူ ကျွန်တော့်အိပ်ခန်းထဲမှာ ချိတ်ထားတယ်။ ဘယ်သူဆွဲတာလည်းတော့ မမှတ်မိတော့ဘူး) မကြာခဏကြားလေ့ရှိတယ်။ သူမဖြေနိုင်တဲ့ (ဘာသာရေးဆိုင်ရာ) မေးခွန်းကို ဘယ်သူမှ မမေးရဲဘူးတဲ့။ မေးရင် ခမ္ဘဂိုဏ်းသင့်တယ်လို့ ယူဆကြလို့တဲ့။ အဲဒီလို ပညာရှင်တွေကျေးရွာတွေမှာ လိုက်လံသုတေသနလုပ်ပြီး ဘာကျမ်းရယ်လို့မှ မထွက်လာတော့ အင်္ဂလိပ်အစိုးရကလည်း အထောက်အပံ့ကို ရပ်စဲပစ်လိုက်တယ်။ ရွာတွေဆင်းပြီး အင်္ဂလိပ်ဆန့်ကျင်ရေးတရားတွေ ဟောနေသလား၊ မျိုးချစ်စိတ်

ထကြွဖို့အကြောင်းတွေ ဟောနေသလားဆိုပြီး စိုးရိမ်လာတယ်။ ဒီအကြောင်းနဲ့ ပတ်သက်လို့ ပညာရှင်အချင်းချင်း အပြန်ပြန်အလှန်လှန်ပေးတဲ့ လက်ရေးစာမူတွေ အများကြီးရှိတယ်။

ခေတ်သစ်အိုင်းရစ်စာပေ ပေါ်ထွန်းရာမှာ 'အိုဂရာဒီ' ရဲ့ သြဇာဟာ တော်တော်ကြီးပါတယ်။ သူက အိုင်းရစ်လူမျိုးရဲ့ ဇာတိမာန်နဲ့ပတ်သက်လို့ တော်တော်လွန်လွန်ကြူးကြူး ပြောခဲ့တာတွေရှိတယ်။ တချို့ဆိုရင် ကျွန်တော်တို့ကိုယ်တိုင်တောင် အားလုံးလက်မခံနိုင်ဘူး။ ဥပမာ– သူက 'ဆလိနာမွန်' တောင်ထိပ်ဟာ 'အိုလံပစ်' တောင်ထိပ်ထက်နာမည်ကျော်တဲ့နေ့တစ်နေ့ကို ရောက်လာလိမ့်မယ်တဲ့။ ဒါပေမဲ့ သူဟာ ကျွန်တော်တို့ နားလည်နေတဲ့ အမျိုးသားရေးဝါဒီမျိုး မဟုတ်ဘူး။ သူကပြောတဲ့စကားအတိုင်းပြောရရင် ပါလီမန်ကို ပုန်ကန်နေတဲ့သူ၊ ဘုရင်ကို ပုန်ကန်ဖီဆန်တာ မဟုတ်ဘူး။ သူ့ရဲ့ ဝမ်းကွဲညီအစ်ကိုဖြစ်တဲ့ ပညာရှင် 'ဟေးစ်အိုဂရာဒီ'ကတော့ ကျွန်တော်တို့ရဲ့ နိုင်ငံရေးမပါတဲ့ အိုင်းရစ်စာပေအသင်းကို မဝင်ဘူး။ ကျွန်တော်တို့အဖွဲ့ဟာ 'ဖိန်းနီယန်း' အဖွဲ့လို့ပြောတယ်။ ဒါပေမဲ့ သူကြွားတာတစ်ခုတော့ရှိတယ်။ သူဟာ အင်္ဂလန်မှာ အနှစ်လေးဆယ်နေခဲ့ပြီတဲ့။ ဒါပေမဲ့ သူ့မှာ အင်္ဂလိပ်မိတ်ဆွေဆိုလို့ တစ်ယောက်မှမရှိဖူးဘူးတဲ့။ သူက ဗြိတိသျှပြတိုက်မှာ အလုပ်လုပ်တယ်။ သူတို့ ဂဲလစ်ဒဏ္ဍာရီစာရင်းတွေ ပြုစုနေတယ်။ ကျွန်တော်တို့ အိုင်းရစ်ရှေးဟောင်းမော်ကွန်းပုံပြင်တွေကို ဆယ့်ရှစ်ရာစုနှစ် စိတ်အားထက်သန်မှုမျိုးနဲ့ အင်္ဂလိပ်ဘာသာကို ပြန်နေတယ်။ သူ့မော်ကွန်းပုံပြင်တွေထဲက သူရဲကောင်းမယ်တွေက 'နှလုံးကွဲအက်' တာတို့၊ သူ့သူရဲကောင်းက 'ကျော်ကြားမှုတောင်ထိပ်ကိုတက်တာ'တို့၊ 'လုံဖျားကို လှုပ်ခါယမ်း'တာတို့။ နောက်မှာ

'လှေတွေက မဟာသမုဒ္ဒရာရဲ့ ထိပ်ဖျားမှာ'တို့ဆိုတဲ့ အသုံးအနှုန်းမျိုးတွေကို သုံးခဲ့တာပေါ့။ အိုဂရာဒီညီအစ်ကို နှစ်ယောက်စလုံးကပဲသူတို့ဟာ ရေးခေတ်အိုင်းရစ်မြေရှင်မှူးမတ်လူတန်းစားက ဆင်းသက်လာတာလို့ ယူဆကြတယ်။ နှစ်ဦးစလုံး (အထူးသဖြင့် 'စတင်းဒစ် အိုဂရာဒီ') ကပဲ အင်္ဂလန်ဟာ ရေးအစဉ်အလာက ရွေ့လျားပြီး ဒီမိုကရက်တစ် အစဉ်အလာတွေ ထွန်းကားလာတဲ့အတွက် မိမိတို့ အင်္ဂလို–အိုင်းရစ်မျိုးနွယ်ရဲ့ အစဉ်အလာကို သစ္စာဖောက်သွားပြီလို့ ယူဆတယ်။ အဲဒီအစုထဲက လေဒီ 'ဂရီဂိုရီ' ရဲ့ 'ထာဝရဘုရားနှင့် စစ်သည်များ'တို့ ဘာတို့ဆိုတဲ့ ကဗျာတွေမှာ သူရဲကောင်းဘွဲ့ ရေးခဲ့ကြတယ်။ ဝေလနယ်က လေဒီ 'ရှားလော့ဂတ်စ်'က ဝေလသူရဲကောင်းတွေအကြောင်းကို မော်ကွန်းလင်္ကာကြီးတွေ ရေးခဲ့ကြသလိုပေါ့။ 'စတင်းဒစ်အိုဂရာဒီ'ကတော့ သူတို့ထက်ခေတ်သစ်စိတ်ဓာတ်ရှိတယ်။ သူ့ရေးဟန်က သူ့အရှေ့အနှစ်လေးဆယ်လောက်က ပေါ်ခဲ့တဲ့ 'ဂျွန်မစ်ရဲ'ရဲ့ ရေးဟန်လို 'ကာလိုင်း'ရဲ့ဟန်မျိုး၊ သူ့ရေးဟန်က သူ့ဇာတိချက်မြှုပ်နေရာတစ်ဝိုက်မှာ ပြောဆိုသုံးစွဲနေကြတဲ့ အင်္ဂလို–အိုင်းရစ်ဒေသ စကားပေါ်မှာမှီထားတာ။ အဲဒီဒေသစကားတွေက 'ကျူးဒါး'ခေတ် ဝေါဟာရတွေ တစ်စိတ်တစ်ပိုင်းပါပြီး တော်တော်ပီပြင်တဲ့စကား။ ဝါကျဖွဲ့ပုံမျိုးတွေကလည်း 'ဂဲလစ်ဘာသာ'နဲ့ တွေးတဲ့လူတွေပြောတဲ့ ဝါကျဖွဲ့ပုံမျိုးတွေ။

ကျွန်တော် ငယ်ငယ်တုန်းက 'ဆလီဂို' ကျေးလက်အိမ်ကလေးတွေမှာရော၊ 'ရော့ဆက်' အငူစွန်းက ပဲ့နင်းတွေဆီကရော တစ္ဆေပုံပြင်တွေ မကြာခဏ ကြားရလေ့ရှိတယ်။ လောလောလတ်လတ် သေသွားတဲ့လူတွေ တစ္ဆေဖြစ်သွားတဲ့အကြောင်းတွေ။ သမိုင်းထဲ၊ ဒဏ္ဍာရီထဲမှာ ရှိခဲ့တဲ့လူတွေ တစ္ဆေဖြစ်သွားတဲ့ အကြောင်းတွေ။ ပင်လယ်ကွေ့နားက

တောင်ထိပ်ပေါ်မှာရှိတဲ့ ကျောက်တိုင်အထိမ်းအမှတ်ကလေး စိုက်ထားတဲ့ မေရီမိဖုရားရဲ့ တရွှေအကြောင်း စတာတွေ ပေါ့။ နောက်တော့ ဗြိတိသျှပြတိုက်မှာ သွားစာဖတ်ရင်း ၁၈၄၀နဲ့ ၅၀ ခုတစ်ဝိုက်က အိုင်းရစ်စာရေးဆရာတွေ ရေးခဲ့ကြတဲ့ တရွှေပုံပြင်တွေကို ကျွန်တော် ဖတ်ခဲ့ရတယ်။ ဒါတွေဖတ်လိုက်တော့ ကျေးလက်ကလူတွေ တွေ့မြင်တာ တွေကို လှောင်ပြောင်သရော်ထားတဲ့အတွက် အဲဒီပုံပြင် တွေကို မကျေမနပ်ဖြစ်ပြီး ဒေါသထွက်ခဲ့ရတယ်။ ဒါပေမဲ့ လေဒီ 'ဂရီဂိုရီ'ရဲ့ စာတွေကို ဖတ်သူနဲ့အတူ တောကျေး လက်က တဲအိမ်ကလေးတွေကို တစ်အိမ်ပြီးတစ်အိမ် လိုက်သွားပြီး သူကိုယ်တိုင် အဲဒီကကြားရတဲ့ ပုံပြင်တွေကို လက်နဲ့ရေးကူးမှတ်တာတွေကို မြင်ရတော့ ကျွန်တော့်စိတ် ထဲမှာ ရယ်စရာတွေပါလားဆိုတဲ့ အစွဲပျောက်သွားတယ်။ နောင်မှာ လေဒီ 'ဂရီဂိုရီ'က အဲဒီမှတ်တမ်းတွေ၊ ပုံပြင် တွေကို 'အမြင်အာရုံများနှင့် အစွဲအလမ်းများ' ဆိုတဲ့ အမည်နဲ့ စာအုပ်ထုတ်ခဲ့ပါတယ်။

အိုင်းရစ်သမိုင်းရဲ့ နောက်ကွယ်မှာ ကြီးကျယ်ခမ်း နားတဲ့ ရွှေခြည်ထိုးကန့်လန့်ကာကြီး ချိတ်ဆွဲထားပါတယ်။ ခရစ်ယာန်ဘာသာသည်ပင်လျှင် အိုင်းရစ်မြေပေါ်ရောက် တော့ တစ်မျိုးတစ်ဖုံ ပြောင်းသွားပြီး အိုင်းရစ်ရနံ့ပါ ပါလာတယ်။ ဝေးဝေးမှုန်မှုန်သာမြင်ရတဲ့ ကန့်လန့်ကာ အတွန့်အခေါက်တွေကို လှမ်းကြည့်ရင်တော့ ဒရူးအစ် ဘာသာဟာ ဘယ်နေရာမှာ ဆုံးသွားပြီး ခရစ်ယာန်ဘာသာ ဟာ ဘယ်နေရာမှာ အစပြုသလဲဆိုတာ ဘယ်သူမှ မသိနိုင် ပါဘူး။ 'ငှက်များတွင်လည်း၊ တစ်ကောင်တည်းသာ၊ ပြီးပြည့်စုံ၏။ ငါးများတွင်လည်း တစ်ကောင်တည်းသာ၊ ပြည့်စုံစွာရှင့်'လို့ ကျွန်တော် ရေးခဲ့ဖူးတယ်။ ဒီလို စပ်ရတာက တစ်ခြားကြောင့်မဟုတ်ဘူး။ ပညာရှင်တွေပြောတဲ့ အဆို

အမိန့်တစ်ခုကို ကျွန်တော်သွားပြီး သတိရမိလို့ပါ။ အဲဒီပညာရှင်တွေထဲမှာ ကျွန်တော် မှတ်မိသလောက်ပြောရရင် ကိန်းဘရစ် တက္ကသိုလ်ပါမောက္ခ 'ဘားကစ်'တို့လည်း ပါတာပေါ့လေ။ အဲ – သူတို့က ဘာပြောသလဲဆိုတော့ ခရစ်တော်ရဲ့ သာဝက ရှင်ပေထရု (စိန့်ပီတာ) အိုင်ယာလန်ကို ရောက်လာတာဟာ အများပြောနေကြသလို ငါးရာစုမှာ ရောက်လာတာ မဟုတ်ဘူးတဲ့။ နှစ်ရာစုအကုန်လောက်မှာ ရောက်လာတာလို့ ဆိုကြတယ်။ အဲဒီတုန်းက ဒီပြဿနာနဲ့ပတ်သက်လို့ ခုလောက် အငြင်းအခုံ မပြင်းထန်ကြသေးဘူး။ အီစတာပွဲတော်ဟာ မဗ္ဗေစက်ရဲ့ ပထမဆုံးလပြည့်ရက်မှာ ကျတယ်လို့ ယူဆနေကြတုန်းရှိသေးတယ်။ အဲဒီနေ့မှာ ဘုရားသခင်ဟာ ကမ္ဘာမြေကြီးကို ဖန်ဆင်းတယ်။ အဲဒီနေ့မှာ နောဧရဲ့ ရွက်လှေဟာ အာရာရတ်တောင်ထိပ်ပေါ်ကို ရောက်တယ်။ အဲဒီနေ့မှာ မောရှေဟာ အီဂျစ်ပြည်ထဲကနေပြီး ဣသရေလလူမျိုးတွေကို ခေါ်သွားတယ်။ ခရစ်ယာန် ဘာသာနဲ့ ရှေးဟောင်းကမ္ဘာကြီးကို ဆက်သွယ်ထားရာ သမ္မာကျမ်းစာမဆန်တဲ့ ချက်ကြိုးကို မဖြတ်ရသေးဘူး။ တစ်ဘာသာနဲ့ တစ်ဘာသာ အတူတူပဲလို့ သဘောထားနိုင်ကြသေးတယ်။ ဒါပေမဲ့ သူတို့သားသမီးတွေ၊ မြေးမြစ်တွေ လက်ထက်ကျတော့ ဒီလိုတူညီတဲ့ သဘောထားမျိုးကို မထားနိုင်ကြဘူး။ မျိုးတူစု ကလေးတွေ ပေါင်းစည်းသွားတာနဲ့အတူ သာသနာရဲ့ အရှိန်အဝါဟာလည်း အားနည်းလာခဲ့တယ်။ ဒရူးအစ်ဘုန်းကြီးကို လက်ခံနိုင်ပေမဲ့ ခရစ်ယာန်ဘုန်းကြီးကိုတော့ လက်မခံနိုင်ကြတော့ဘူး။

ခေတ်သစ်လူသား တစ်ယောက်ဟာ (ဥပမာ – 'ရွှေသစ်ကိုင်း' နဲ့ 'လူ၏ဥပမိ' ကျမ်းတို့ကို ဖတ်ကြည့်ပါ) စိန့်ပက်ထရစ်ရဲ့ အယူဝါဒကို သူ့ဖွင့်ဟဝန်ခံချက်ထဲမှာ

ပါတဲ့အတိုင်းပဲ လက်ခံချင်တယ်။ 'ခရစ်တော်သည် မကြာမီ ရှင်သူနှင့် သေသူတို့ကို စီရင်ဆုံးဖြတ်ပေအံ့'ဆိုတဲ့ စိန့်ပက်ထရစ်ရဲ့ ဟောကြားချက်ထဲမှာ 'မကြာမီ' ဆိုတဲ့ စကားက လွဲရင် အားလုံးကို လက်ခံတယ်။ ရာဇဝင်မှာ တကယ်ရှိခဲ့တဲ့ ခရစ်တော်ကို ယုံချင်ယုံ မယုံချင်နေ။ ရာဇဝင်မှာရှိတဲ့ ယုဒကို ယုံချင်ယုံ မယုံချင်နေ။ ရာဇဝင်မှာရှိခဲ့တယ်လို့ ပြောကြတဲ့ တခြားသော အထောက်အထားများကို ယုံချင်ယုံ မယုံချင်နေ။ အဲဒီအဟောကိုရွတ်ပြီး ဘုရားဝတ်ပြုနိုင်တယ်။ တကယ် ယုံကြည်ချင်ရင်လည်း ယုံကြည်နိုင်တယ်။ ကျွန်တော်ကတော့ အဲဒီဝတ်ရွတ်စဉ်ကိုရွတ်ပြီး 'ဉပါနိသျှ' ကျမ်းထဲက 'အတ္တ' အကြောင်းကို တွေးနေတဲ့လူ။ အဲဒီ အရေးနဲ့ အပြောပုံပြင်တွေ၊ ဒဏ္ဍာရီတွေထဲက ကြီးပြင်းလာခဲ့ပြီး နောက်တော့ အဲဒီအစဉ်အလာတွေထဲကို နီယိုပလေတို ဝါဒ အပိုင်းအစတွေ၊ စကားလုံးအဆန်းတွေ (ဉပမာ **te-tragram maton agla** ဆိုတဲ့ စကားလုံးကို 'ဒိုနယ်ရေလီ' ရဲ့ ကဗျာထဲမှာ သွားတွေ့ရတယ်) အလယ်ခေတ် တွေးခေါ်မှုက မျောပါလာတဲ့ အတွေးအခေါ် အပိုင်းအစတွေ ရောထွေးသွားတော့တာပါပဲ။ ဘားရှော့ဗိသုကာလို၊ ရိုကိုကို ဗိသုကာလိုမှာ ဖော်ပြလေ့ရှိတဲ့ ဘာသာရေးနဲ့ဆိုင်တဲ့ အကြောင်းအရာများသည်ပင်လျှင် ကျွန်တော်တို့ဆီကို အတွေးအခေါ် တစ်ရပ်အနေနဲ့ ရောက်လာတာမဟုတ်ပါဘူး။ ဂဲလစ်မျိုးနွယ်ဟာ ဒြပ်မဲ့တွေးခေါ်မှုကို ဝါသနာမပါ လို့လားတော့ မပြောတတ်ဘူးပေါ့။ ကျွန်တော်တို့အဖို့ တွေးခေါ်မှုဆိုတာဟာ ရက်စက်ကြမ်းကြုတ်မှုကြီးတစ်ရပ်လို ဖြစ်နေတယ်။

အဲဒါ အိုင်းရစ်သမိုင်းရဲ့ နောက်ခံကားပဲ။ အိုင်းရစ်ခေတ်သစ်စာပေ ပေါ်ထွန်းလာချိန်တုန်းက နောက်ခံကားမှာ အဲဒီရှုခင်း လွှမ်းနေတယ်။ အဲဒီရှုခင်းဟာ 'ဆင်းချ်'ရဲ့

'သူတော်စင်တို့၏ ရေတွင်း' ကဗျာထဲမှာလည်း လွှမ်းနေတယ်။ 'ဂျိမ်းစ်စတီဖင်'ရဲ့ ကဗျာထဲမှာလည်း လွှမ်းနေတယ်။ လေဒီ 'ဂရီဂိုရီ'ရဲ့ ကဗျာထဲမှာလည်း လွှမ်းနေတယ်။ ဥပါနိသျှရဲ့ အငွေ့အသက် လုံးဝမပါတဲ့ 'ဂျော့ရပ်ဆဲ'ရဲ့ ကဗျာထဲမှာလည်း လွှမ်းနေတယ်။

ပြီးတော့ ကျွန်တော်ရဲ့ နောက်ပိုင်းကဗျာတွေ အားလုံးထဲမှာလည်း အဲဒီရှုခင်း လွှမ်းနေတယ်။

❐

သိစိတ်ကဗျာနဲ့ မသိစိတ်ကဗျာ

ခင်ဗျားမေးတဲ့ နောက်မေးခွန်းတစ်ခုက ကျွန်တော်ရဲ့ ထုတ်ဝေပြီးစကားပြေနဲ့ ကဗျာတွေအပေါ်မှာ အဓိက လွှမ်းမိုးတဲ့ ဩဇာသုံးခုက ဂျိမ်းဂွိုက်စ်ရယ်၊ သမ္မာကျမ်းစာရယ်၊ ဖရွိုက်ရယ်ဆိုတာ ဟုတ်သလားဆိုတဲ့ မေးခွန်း။ (စောစောပိုင်းက ကျွန်တော်ပြောခဲ့တဲ့ ကျွန်တော့်စာတွေနဲ့ ကဗျာတွေအကြောင်း ပြောခဲ့တုန်းက နုစဉ်တုန်းက ပုံမနှိပ်ဖြစ်ဘဲရေးခဲ့တဲ့ စာတွေအပေါ်မှာ လွှမ်းမိုးခဲ့တဲ့ ဩဇာအကြောင်းကို ပြောခဲ့တယ်။ ခု ကျွန်တော်ပြောတာက ကျွန်တော်ရဲ့ ပုံနှိပ်ထုတ်ဝေပြီးဖြစ်တဲ့ စာတွေနဲ့ ကဗျာတွေအပေါ်မှာ လွှမ်းမိုးတဲ့ဩဇာကို ကျွန်တော်ပြောတာ) ကျွန်တော်ဟာ ဂွိုက်စ်ကို အကြီးအကျယ် သဘောကျတယ်။ သူ့ရဲ့ 'ယူလီဆီး'နဲ့ စောစောပိုင်း သူရေးခဲ့တဲ့ ဝတ္ထုတွေကိုလည်း အများကြီးဖတ်ဖူးတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ဂွိုက်စ်ရဲ့ 'ဩဇာလွှမ်းမိုးမှုကို ခံရတယ်'လို့တော့ မပြောနိုင်ဘူး။ ကျွန်တော့်ရဲ့ "ခွေးငယ်တစ်ကောင်အနေဖြင့် အနုပညာ သည်၏ ရုပ်ပုံလွှာ"ဆိုတဲ့ ဝတ္ထုတိုပေါင်းချုပ်ရဲ့ အမည်ဟာ ဂွိုက်စ်ရဲ့ "လူငယ်တစ်ယောက်အနေဖြင့် အနုပညာသည် ၏ ရုပ်ပုံလွှာ"ဆိုတဲ့ နာမည်နဲ့တူတယ်လို့

လူတစ်ယောက်က ဆောင်းပါးတစ်စောင်မှာ ရေးလိုက်တယ်။ ဒီတုန်းက ဂျိုက်စ်ပြဿနာ ပေါ်ခဲ့ဖူးတယ်ထင်တယ်။ သိတဲ့အတိုင်းပဲ ပန်းချီဆရာတွေဟာ သူ့ရဲ့ ပုံတူတွေကိုဆွဲရင် အဲဒီပုံတူ တွေကို "လူငယ်တစ်ယောက်အနေဖြင့် အနုပညာသည်၏ ရုပ်ပုံလွှာ"လို့ အမည်ပေးလေ့ရှိကြတယ်။ ဒါဟာ ရိုးရိုး စင်းစင်းပေးလိုက်တဲ့ နာမည်ပါပဲ။ ဂျိုက်စ်ဟာ အဲဒီပန်းချီ ကားတွေ ပေးလေ့ရှိတဲ့ ပန်းချီကားနာမည်ကို သူ့ရဲ့ ဝတ္ထုတစ်ပုဒ်ရဲ့ ခေါင်းစဉ်အဖြစ် ပထမဆုံး စသုံးလိုက်တယ်။ ဒီတင် ကျွန်တော်ကလည်း အပြောင်အပြက် သဘောနဲ့ အဲဒီပန်းချီခေါင်းစဉ်ကို ကောက်တပ်လိုက်တာပါပဲ။ ကျွန်တော့် အရေးအသားတွေထဲမှာ ဂျိုက်စ်ရဲ့ ဩဇာပါတယ်လို့ မထင်ပါဘူး။ အထူးဖြင့် သူ့ရဲ့ 'ယူလီဆီး' ဩဇာကတော့ လုံးဝမပါဘူး။ ကျွန်တော့်ရဲ့ 'ရုပ်ပုံလွှာ' ဝတ္ထုတချို့ ရေးဖို့ စိတ်ကူးရလာတာကတော့ ဂျိုက်စ်ရဲ့ 'ဒဗ္ဗလင်မြို့နေများ' ဝတ္ထုတိုပေါင်းချုပ်ထဲက ဝတ္ထုကလေးတွေကိုဖတ် ပြီး စိတ်ကူးရလာတယ်လို့တော့ ပြောနိုင်ပါတယ်။ ဒါပေမဲ့ အဲဒီတုန်းက 'ဒဗ္ဗလင်မြို့နေများ'ဟာ ဝတ္ထုတို အရေးအသား မှာ လမ်းသစ်ဖောက်ရတဲ့ဝတ္ထု။ ဒီတော့ အဲဒီနောက်မှာ ပေါ်လာတဲ့ ဘယ်ဝတ္ထုရေးဆရာပဲ ဖြစ်ဖြစ် တစ်နည်းမဟုတ် တစ်နည်း၊ အနည်းနဲ့အများဆို သလိုတော့ အဲဒီဝတ္ထုကြောင့် အကျိုးကျေးဇူး ရခဲ့ကြတာချည်းပဲ။

နောက်တစ်ခုက သမ္မာကျမ်းစာ။ သမ္မာကျမ်းစာ အကြောင်း ပထမမေးခွန်းကို ဖြေခဲ့တုန်းက နည်းနည်းပါးပါး ပြောခဲ့ပြီးပြီ။ သမ္မာကျမ်းစာထဲက ပုံဝတ္ထုကောင်းတွေ ဖြစ်ကြတဲ့ နောဧ၊ ယောန၊ လော့၊ မောရှေ၊ ယာကုတ်၊ ဒါဝိတ်၊ ရှောလမုန်နဲ့ သမ္မာကျမ်းစာမှာပါတဲ့အခြား ပုံပြင်တစ်ထောင်လောက်ကို ကျွန်တော် ငယ်ငယ်ကတည်း

က သိခဲ့တယ်ဆိုတာမှန်တယ်။ ဝေလနယ်က တရားပလ္လင်တွေဆီက ပျံ့လွင့်လာတဲ့ မဟာနရီတွေဟာ ကျွန်တော့်ကိုယ်ပေါ်မှာ ဖုံးလွှမ်းသွားခဲ့တယ်။ ကျွန်တော့်ကိုယ်တိုင်လည်း ယောဘတို့၊ တောလည်ရာကျမ်းတို့ကို ဖတ်ခဲ့ဖူးတယ်။ ပြီးတော့ ဓမ္မသစ်ကျမ်းကိုဖတ်တယ်။ ဓမ္မသစ်ကျမ်းဝတ္ထုဟာ ကျွန်တော့်ဘဝရဲ့ အစိတ်အပိုင်းပဲ။ ဒါပေမဲ့ သမ္မာကျမ်းစာရဲ့ အရေးအသားကို တစ်ခါမှ ပဲ့တင်မထပ်ဖူးပါဘူး။ တကယ်တော့ ကျွန်တော်ဟာ များစွာသောမိရိုးဖလာ ခရစ်ယာန်ဘာသာဝင်များလိုပဲ သမ္မာကျမ်းစာကို သိပ်သိတာမဟုတ်ပါဘူး။ ကျွန်တော့်စာပေ အရေးအသားထဲမှာ အသုံးပြုတဲ့ သမ္မာကျမ်းစာက အကြောင်းအရာမှန်သမျှဟာ ကလေးဘဝတုန်းက သိခဲ့တာတွေကို ရေးတာလောက်ပဲ ရှိပါတယ်။ ဒါကလည်း အင်္ဂလိပ်စကားပြောတဲ့ အသိုက်အဝန်းထဲမှာ ကြီးပြင်းလူလားမြောက်ခဲ့သူတွေအားလုံးရဲ့ ဘုံပစ္စည်းပါ။ ကျွန်တော်ရေးသမျှ စာတွေထဲမှာ စာတတ်တဲ့လူတစ်ယောက်မှ မသိတဲ့အကြောင်းအရာကို ရေးထားတာဆိုလို့ တစ်ခုမှ မပါပါဘူး။ စောစောပိုင်းတုန်းက ကျွန်တော်ရေးခဲ့တဲ့ ကဗျာတွေထဲမှာ ခက်ခဲတဲ့စကားလုံးတွေကို သုံးထားတာမျိုးတွေ ရှိပါတယ်။ ဒါပေမဲ့ ဒါတွေကလည်း အလွယ်တကူရှာလို့ တွေ့တာမျိုးပါ။ ဘာပဲဖြစ်ဖြစ် မနူးမနပ်နဲ့ ဟန်ရေးပြချင်လို့ ကဗျာထဲမှာ ထည့်သုံးလိုက်တာပေါ့လေ။ ခု ကျွန်တော် ဒါမျိုးတွေကို စွန့်ပစ်ခဲ့ပြီလို့ ထင်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော့်ကို လွှမ်းမိုးတဲ့ **'**တတိယသြဇာ**'** လို့ဆိုတဲ့ ဆစ်ဂမန်ဖရွိုက်ရဲ့ကိစ္စ။ ဒေါက်တာ ဖရွိုက်ရဲ့ စိတ်ပညာသဘောတရားတွေ၊ တွေ့ရှိချက်တွေနဲ့ပတ်သက်လို့ ကျွန်တော်သိရတဲ့ အသိဟာ သူ့ရဲ့လူနာမှတ်တမ်း ရာဇဝင်တွေကို ဖတ်ပြီးရေးကြတဲ့ စာရေးဆရာ

တွေနဲ့ ဝတ္ထုထဲကတစ်ဆင့်၊ သတင်းစာတွေထဲက အပျော်ဖတ်သိပ္ပံဝတ္ထုတွေကတစ်ဆင့် သိရတာပါ။ ဒါထက် ဘာမှပိုမသိပါဘူး။ အဲဒီဝတ္ထုတွေ၊ သတင်းစာထဲက ဆောင်းပါးတွေဟာ ဖရွိုက်ရဲ့သဘောတရားကို မှတ်မိနိုင်စရာမရှိလောက်အောင် ပုံပျက်ပန်းပျက် လုပ်ခဲ့ကြတယ်လို့ ကျွန်တော်ထင်ပါတယ်။ ပြီးတော့ သူတို့ရဲ့ ကဗျာတချို့မှာ စိတ်သရုပ်ခွဲပညာရပ်သဘောတရားတွေ၊ စကားလုံးတွေကို အသုံးပြုဖို့ကြိုးစားတဲ့ အော်ဒင်အပါအဝင် ခေတ်ပေါ်ကဗျာဆရာအချို့ရဲ့ ကဗျာတွေထဲကတစ်ဆင့် ဖရွိုက်ရဲ့ သဘောတရားကို နည်းနည်းပါးပါး သိရတာလည်းရှိပါတယ်။ ဒီထက်ဘာမှ ပိုမသိပါဘူး။ ဖရွိုက်ရဲ့စာဆိုလို့ တစ်အုပ်ပဲဖတ်ဖူးပါတယ်။ အဲဒါက 'အိပ်မက်များကို ဖွင့်ဆိုခြင်း'ဆိုတဲ့စာအုပ်ပါ။ ဒီတော့ အဲဒီစာအုပ်တစ်အုပ်က ကျွန်တော့်ကို ဩဇာလွှမ်းတယ်လို့ မပြောနိုင်ပါဘူး။ ဒါပေမဲ့ မသိစိတ်နဲ့ပတ်သက်တဲ့ ဖရွိုက်ရဲ့ တွေ့ရှိချက်ရဲ့ ဩဇာ၊ သူနဲ့ခေတ်ပြိုင်တွေရဲ့ သိပ္ပံပညာဆိုင်ရာ၊ ဒဿနဆိုင်ရာ၊ အနုပညာဆိုင်ရာ ကျမ်းတွေရဲ့ ဩဇာကိုတော့ ဒီနေ့ခေတ် ဘယ်ရိုးသားတဲ့စာရေးဆရာမှ လွတ်အောင်ရှောင်နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဖရွိုက်ရဲ့ ရေးသားချက်တွေက တိုက်ရိုက်ဩဇာလွှမ်းတာကတော့ လုံးဝကို မဟုတ်ပါဘူး။

တတိယမေးခွန်း… ကာရန်၊ နရီနဲ့ စကားလုံးဖွဲ့စည်းမှု ပုံစံတွေကို ကျွန်တော့်ကဗျာတွေထဲမှာ တမင်ရှာကြံပြီး အသုံးချတာလားတဲ့။ ဟုတ်တယ်လို့ပဲ မြန်မြန်ဖြေလိုက်ချင်ပါတယ်။ ကျွန်တော်ဟာ ကြိုးစားတဲ့၊ အားထုတ်တဲ့၊ စိတ်ထက်သန်တဲ့၊ နည်းလမ်းအမျိုးမျိုးရှာတဲ့ စကားလုံးအတတ်ပညာသည် တစ်ဦးဖြစ်ပါတယ်။ ဒါပေမဲ့ အခါခပ်သိမ်း ကိုယ်လိုချင်တဲ့ ရလဒ်မျိုး မရတာတွေ၊ မအောင်မြင်တာတွေ၊ ကိုယ်ရဲ့ အတတ်ပညာ လက်နက်ကိရိယာ

တွေကို မှန်မှန်ကန်ကန် မသုံးစွဲတတ်တဲ့အခါတွေတော့ ရှိချင်ရှိမှာပေါ့လေ။ ကျွန်တော်ဟာ ကဗျာရေးရာမှာ ကိုယ်လိုချင်တဲ့ ရည်ရွယ်ချက်ရောက်အောင် ကိုယ်ဆိုလိုချင်တာပေါ်အောင် နည်းအမျိုးမျိုးကို အသုံးချပါတယ်။ နည်းသစ်တွေ၊ နည်းဟောင်းတွေ၊ ဝိရောဓိအဓိပ္ပာယ်ထွက်တဲ့ စကားလုံးတွေ၊ စကားလှန့်တွေ၊ သံတူကြောင်းကွဲ စကားလုံးတွေ၊ အတိသယယဝုတ္တိတွေ၊ ဗန်းစကားတွေ၊ အသံကာရန်တွေ၊ စာလုံးကာရန် (အမြင်ကာရန်)တွေ၊ တစ်ဝက်ကာရန်တွေ၊ အကုန်သုံးတာပါပဲ။ စိတ်ကူးရရင် ရသလို ဘာသာစကားထဲမှာရှိတဲ့ ဘယ်ပုံစံကိုမဆို သုံးလိုက်တာပါပဲ။ ကဗျာဆရာဆိုတာ တစ်ခါတလေမှာ ဒီလိုပဲ ကြည်နူးမှုကို ရှာရတယ်လေ။ စကားလုံးတွေကို ဒီလိုကွေ့ဝိုက်သုံးရတာ၊ ပေါင်းစပ်ယူရတာ၊ အသစ်ထွင်ကြည့်ရတာ၊ စမ်းသပ်ကြည့်ရတာဟာ ပျော်စရာကောင်းတယ်လေ။

ခင်ဗျားရဲ့ နောက်မေးတဲ့မေးခွန်းတစ်ခုက သရုပ်မှန်လွန် ဝါဒီတွေရဲ့ ပုံသေနည်းဆိုတာက မျှော်လင့်မထားတဲ့ အရာနှစ်ခုကို ယှဉ်ပြလိုက်တဲ့နည်း။

ဒီထက်နည်းနည်းရှင်းအောင် ကျွန်တော် ကြိုးစားပြီး ပြောဦးမယ်။ သရုပ်မှန်လွန်ဝါဒီဆိုတာက (သရုပ်မှန်လွန်ဝါဒီလို့ဆိုတဲ့ အထဲမှာ စူပါသရုပ်မှန်ဝါဒီတွေ၊ ဒါမှမဟုတ် သရုပ်မှန်ဝါဒထက် ကျော်လွန်သွားသူတွေ အားလုံးကို ဆိုလိုတာပါ) ၁၉၂၀ ပြည့်လွန်နှစ်တွေတုန်းက ပါရီမှာရှိခဲ့တဲ့ ပန်းချီဆရာတွေနဲ့ စာရေးဆရာတွေရဲ့ အစုတစ်စုကို ခေါ်တာပါ။ သူတို့က ပုံရိပ်တွေ၊ နိမိတ်ပုံတွေကို သိစိတ်ရှိရှိ ရွေးချယ်ပြီး သုံးတာမျိုးကို မယုံကြည်ဘူး။ တစ်နည်းပြောရဦးမယ်ဆိုရင် သူတို့က သရုပ်မှန်ဝါဒီကိုရော၊ အာရုံစွဲဝါဒီ (အင်ပရက်ရှင်းနစ်ဝါဒီ) တွေကိုရော မကြိုက်ဘူး။ (အကြမ်းအားဖြင့်ပြောရရင် သရုပ်မှန်ဝါဒီဆိုတာ အစစ်မှန်

ဖြစ်တယ်လို့ သူတို့စိတ်ထဲမှာ ထင်နေတဲ့အရာတွေကို ပန်းချီနဲ့ဖြစ်စေ စကားလုံးနဲ့ဖြစ်စေ အတိအကျ ကိုယ်စားပြု ဖော်ပြတဲ့သူတွေကို ဆိုလိုတာပါ။ အကြမ်းအားဖြင့် ပြောရရင် အာရုံစွဲဝါဒီဆိုတာ အစစ်အမှန် ကမ္ဘာလောကကြီးလို့ သူတို့ထင်နေတဲ့အရာကို သူတို့စိတ်ထဲမှာလာပြီး ထင်ဟပ်တဲ့ အတိုင်း ဖော်ပြလိုသူများကို ဆိုလိုတာပါ) သရုပ်မှန်လွန် ဝါဒီတွေကတော့ ဒီလောက်နဲ့ မကျေနပ်ဘူး။ သူတို့က အထက်ကျော်သွားချင်တဲ့သူတွေ။ မသိစိတ်ထဲကိုရောက် အောင် သိစိတ်ရဲ့ မျက်နှာပြင်အောက်မှာရှိတဲ့ စိတ်ထဲကို ရောက်အောင် ငုပ်လျှိုးဆင်းသွားချင်သူတွေ။ ဆင်ခြင်တုံ တရားရဲ့ ယုတ္တိဗေဒ အကူအညီကိုမယူဘဲ အဲဒီမသိစိတ် ထဲက ပုံရိပ်တွေကို တူးဖော်ချင်သူတွေ။ အဲဒီပုံရိပ်တွေကို ယုတ္တိကင်းစွာ၊ ကျိုးကြောင်းညီညွတ်မှု ကင်းစွာဖြင့် စာနဲ့ဖြစ် စေ၊ ပန်းချီနဲ့ဖြစ်စေ၊ ရေးခြယ်ပြချင်သူတွေပါ။

သရုပ်မှန်လွန် ဝါဒီတွေက လူ့စိတ်ရဲ့ လေးပုံသုံး ပုံဟာ နစ်မြုပ်ပျောက်ကွယ်နေတယ်။ လူ့စိတ်ရဲ့ လေးပုံတစ် ပုံသာလျှင် ရေခဲတုံးတစ်တုံးရဲ့ ထိပ်ဖျားပေါ်သလို မသိ စိတ်ပင်လယ်ရဲ့ မျက်နှာပြင်ထက်မှာ ပေါ်နေတယ်လို့ ယူဆတယ်။ အနုပညာသည်ရဲ့ အလုပ်ဟာ ရေပြင်အထက် မှာ ပေါ်နေတဲ့ ရေခဲတုံးရဲ့ ထိပ်ဖျားကို ရေးခြယ်ပြဖို့မဟုတ် ဘဲ လူ့စိတ်ရဲ့ အကြီးဆုံးအစိတ်အပိုင်းဖြစ်တဲ့ ပျောက်ကွယ် နစ်မြုပ်နေတဲ့ အစိတ်အပိုင်းကို ရေးခြယ်ဖော်ပြဖို့ ဖြစ်တယ် လို့ သရုပ်မှန်လွန်ဝါဒီတွေက ယူဆကြတယ်။ သရုပ်မှန် လွန်ဝါဒီတွေက သူတို့ကဗျာတွေထဲမှာ အသုံးပြုတဲ့ နည်းတစ် နည်းကတော့ ကျိုးကြောင်းညီညွတ်စွာ ဆက်သွယ်မှုမရှိတဲ့ စကားလုံးတွေနဲ့ ပုံရိပ်တွေကို ယှဉ်တွဲအသုံးပြုတဲ့နည်းပါပဲ။ ဒီနည်းအားဖြင့် သူတို့ဟာ မသိစိတ်ကဗျာ၊ သို့မဟုတ် အိပ်မက်ကဗျာတစ်မျိုးကို ရေးဖွဲ့နိုင်လိမ့်မယ်လို့ မျှော်လင့်နေ

ကြတယ်။ အတွေးအခေါ်တွေ၊ အရာဝတ္ထုတွေနဲ့ ပုံရိပ်တွေရဲ့ ကျိုးကြောင်းညီညွတ်တဲ့ ယုတ္တိရှိတဲ့ ဆက်သွယ်မှုတွေအပေါ်မှာ အမှီပြုတဲ့ ညီညွတ်တဲ့သိစိတ်က စပ်ဆိုတဲ့ကဗျာဟာ အများအားဖြင့် ပျောက်ကွယ်နစ်မြုပ်နေတဲ့ အစစ်အမှန်စိတ်ကမ္ဘာကြီးနဲ့ နီးစပ်ခြင်းမရှိဘူး၊ သူတို့ရဲ့ သရုပ်မှန်လွန်နည်းကသာလျှင် အစစ်အမှန် စိတ်ကမ္ဘာကြီးနဲ့ နီးစပ်တယ်လို့ ယူဆတယ်။

ဒါကတော့ သရုပ်မှန်လွန်ဝါဒီတွေရဲ့ ကဗျာအယူအဆကို ကျွန်တော် အလွန်အကြမ်းဖျင်းကျကျ ပြောလိုက်တာပါပဲ။ ကျွန်တော်ကတော့ သူတို့အယူအဆနဲ့ လုံးဝခြားနားတယ်။ ကျွန်တော်ကတော့ ကဗျာတစ်ပုဒ်ရဲ့ နိမိတ်ပုံ(ပုံရိပ်)တွေဟာ (သိစိတ်က ဆွဲထုတ်ယူလာတာလား၊ မသိစိတ်က ဆွဲထုတ်ယူလာတာလား) ဘယ်ကဆွဲထုတ်ယူလာသလဲဆိုတာ ကျွန်တော့်အဖို့တော့ သိပ်အရေးမကြီးပါဘူး။ ခင်ဗျားကြိုက်ရာက ဆွဲထုတ်နိုင်တယ်။ ပုန်းကွယ်နေတဲ့ အတ္တရဲ့ အနက်ဆုံးပင်လယ်ထဲက ဆွဲထုတ်ယူလာချင်တယ်ဆိုရင်လည်း ဆွဲထုတ်ပါ။ အကြောင်းမဟုတ်ပါဘူး။ အဲဒီလို ဆွဲထုတ်ပြီး စာရွက်ပေါ်မှာ ချမရေးခင်မှာတော့ အဲဒီပုံရိပ် (နိမိတ်ပုံ)တွေဟာ အသိဉာဏ်ရဲ့ ကျိုးကြောင်းညီညွတ်တဲ့ ဖြစ်စဉ်ကိုတော့ ဖြတ်သန်းလာရမယ်။ ဒါပေမဲ့ သရုပ်မှန်လွန်ဝါဒီတွေကတော့ အဲဒီပုံရိပ် (နိမိတ်ပုံ)တွေဟာ စိတ်ထဲမှာ ဖရိုဖရဲ ပေါ်ချင်သလိုပေါ်လာတာကို ဒီအတိုင်းကောက်ပြီး စာရွက်ပေါ်မှာ စာလုံးအဖြစ်ရေးချလိုက်တာပါပဲ။ ဒီစကားလုံးတွေကို ချောမွေ့သွားအောင် ပုံသွင်းတာတို့၊ ဘာတို့ မလုပ်တော့ဘူး။ စီစဉ်တကျဖြစ်အောင်လည်း မလုပ်တော့ဘူး။ သူတို့အဖို့တော့ အဲဒီလိုကစဥ့်ကလျား၊ ဖရိုဖရဲ ဖြစ်နေခြင်းသည်ပင်လျှင် ပုံသဏ္ဍာန်ဖြစ်နေတယ်။ ဒါသည်ပင်လျှင် စီစဉ်တကျဖြစ်မှု ဖြစ်နေ

တယ်။ ဒါဟာ ကျွန်တော့်အမြင်မှာတော့ အလွန်အမင်း ရဲတင်းလွန်းတယ်လို့ထင်တယ်။ သရုပ်မှန်လွန်ဝါဒီတွေက သူတို့ရဲ့ ပျောက်ကွယ်နစ်မြုပ်နေတဲ့ မသိစိတ်က ဆယ်ယူလာပြီး စာလုံးအဖြစ်၊ ပန်းချီအဖြစ် ရေးချလိုက်ရတဲ့ အရာမှန်သမျှဟာ စိတ်ဝင်စားစရာ ကောင်းရမယ်။ တန်ဖိုးရှိရမယ်လို့ ထင်နေကြတယ်။ ကျွန်တော်ကတော့ လက်မခံဘူး။ ကဗျာဆရာရဲ့ အတတ်ပညာတွေအနက် တစ်ခုကတော့ မသိစိတ်ရင်းမြစ်က ပေါ်ထွက်လာတဲ့ အရာတွေကို နားလည်အောင်၊ ပီသအောင်လုပ်ဖို့ပဲ။ အသိပညာရဲ့ အသုံးဝင်မှုများစွာအနက် တစ်ခုကတော့ မသိစိတ်က ပေါ်ထွက်လာတဲ့ များပြားရှုပ်ထွေးတဲ့ ပုံရိပ်များ (နိမိတ်ပုံများ)ကို ရွေးထုတ်စီစဉ်ဖို့ဖြစ်တယ်။ မိမိရဲ့ ကဗျာအတွက် အကောင်းဆုံးဖြစ်နိုင်မယ့် မသိစိတ်ပုံရိပ်တွေကို ရွေးချယ်ဖို့ဖြစ်တယ်။

မေးခွန်းနံပါတ်ငါးကတော့ (ဘုရားသိကြားမပါစေ ဗျာ) ကဗျာနဲ့ပတ်သက်တဲ့ ကျွန်တော့်ဖွင့်ဆိုချက်။ ကဗျာ ဆိုတာ ဘာပဲပေါ့။

ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုရင် ကဗျာကို ကျွန်တော် ဖတ်တာဟာ ကြည်နူးမှုကို အရသာခံချင်လို့ ဖတ်တာ။ တခြားဘာရည်ရွယ်ချက်ကြောင့်မှ ဖတ်တာ မဟုတ်ဘူး။ ဆိုလိုတဲ့ သဘောကတော့ ကျွန်တော်ဟာ ကျွန်တော်ကြိုက်တဲ့ ကဗျာတွေကို မတွေ့ခင် ကျွန်တော် မကြိုက်တဲ့ ကဗျာတွေကို အများကြီး ဖတ်ခဲ့ရတယ်။ အဲ… ကျွန်တော်ကြိုက်တဲ့ ကဗျာတွေကို တွေ့သွားတဲ့အခါမှာ 'ဒါမှ… ကဗျာကွ' ဆိုပြီး အရသာခံဖို့အတွက် ကျွန်တော် ဖတ်တော့တာပဲ။

ဒီတော့ ကိုယ်ကြိုက်တဲ့ ကဗျာကိုပဲဖတ်ပါ။ အရေးကြီးတဲ့ကဗျာမို့လို့၊ နောင်ကျန်ရစ်မယ့် ကဗျာမို့လို့ဆိုပြီး မဖတ်ပါနဲ့။ ဒါတွေကို စဉ်းစားမနေနဲ့၊ ဒီတော့ ကဗျာဆို

တာဘာလဲဆိုတဲ့ ပြဿနာက အရေးမကြီးပါဘူး။ ကဗျာဟာ ဘာလဲဆိုတာ သိချင်ရင်တော့၊ ကဗျာဆိုတာ ရယ်စေတဲ့၊ ငိုစေတဲ့ သမ်းဝေစေတဲ့၊ ကိုယ့်ခြေသည်းတွေကို တလက်လက်တောက်ပစေတဲ့၊ ကိုယ့်ကိုတစ်ခုခု လုပ်စေချင်တဲ့၊ သို့မဟုတ် ကိုယ့်ကိုဘာမှ မလုပ်ချင်ဖြစ်စေတဲ့ အရာလို့လည်း ပြောချင်တယ်။ ကဗျာဆိုတာ သူ့ကို ဖတ်စေချင်အောင် လုပ်တဲ့ အရာပဲလို့ ပြောချင်တယ်။ ကဗျာမှာ အရေးကြီးဆုံးကတော့ ဘယ်လောက်ပဲ စိတ်ညစ်စရာကောင်းကောင်း၊ ကြေကွဲစရာကောင်းကောင်း ကဗျာဖတ်ပြီး အရသာကိုခံစားဖို့ပဲ။ အရေးကြီးတာက ကဗျာရဲ့နောက်ကွယ်မှာရှိတဲ့ လှုပ်ရှားမှုပဲ။ ဆိုလိုတာက လူတွေရဲ့ ဝမ်းနည်းကြေကွဲမှု၊ မိုက်မဲမှု၊ ဟန်ဆောင်မှု၊ ဝမ်းမြောက်မှု၊ မသိမှုတို့ကို ကျယ်ကျယ်ပြန့်ပြန့်၊ ရေရေလည်လည် နားလည်သဘောပေါက်ဖို့ပဲ။ ကဗျာရဲ့ ရည်ရွယ်ချက်က မြင့်မားတယ် မမြင့်မားဘူးဆိုတာက အကြောင်းမဟုတ်ပါဘူး။

ကဗျာဟာ ဘာကြောင့် ဒီလောက်ဆွဲဆောင်နိုင်ရသလဲဆိုပြီး ဆန်းစစ်ဖို့အတွက် အဲဒီကဗျာတစ်ပုဒ်ကို ဆုတ်ဖြဲခွဲစိတ်ပြီး ကြည့်နိုင်တယ်။ သြော်... လက်စသတ်တော့ ကဗျာဆိုတာဒါကိုး၊ ဒါကြောင့် ဒီကဗျာဟာ ငါ့ကို ဒီလောက် စိတ်လှုပ်ရှားစေတာကိုး၊ ကဗျာအတတ်ပညာကြောင့်ကိုးလို့ ပြောကောင်းပြောမိလိမ့်မယ်။ ဒါပေမဲ့ ဒီလိုလုပ်ရင် ခင်ဗျားဟာ အစကိုပြန်ရောက်သွားပြီ။ စကားလုံးတွေနဲ့ အညှို့ခံရတဲ့ လျှို့ဝှက်တဲ့ ပဟေဠိထဲကိုပြန်ရောက်သွားပြီ။ အကောင်းဆုံးသော (ကဗျာ) အတတ်ပညာလက်ရာတစ်ခုဟာ ကဗျာထဲမှာ ကွက်လပ်တွေ၊ အပေါက်တွေချန်ပစ်ခဲ့တယ်။ ကဗျာထဲမှာ တွားသွားလာတယ်။ လေးဘက်ထောက်လာတယ်။ လျှပ်စီးလို ဝင်းလက်လာတယ်။ မိုးချုန်းသလို မြည်ဟည်းလာတယ်။

ကဗျာရဲ့ အလုပ်နဲ့ ကဗျာရဲ့ရသဟာ လူကိုချီးကျူးဂုဏ်ပြုဖို့ဖြစ်တယ်။ ဘုရားသခင်ကိုလည်း ချီးကျူးဂုဏ်ပြုပူဇော်ဖို့ဖြစ်တယ်။ ဒါဟာ အရင်တုန်းကလည်း ဒီအတိုင်းပဲ။ ခုလည်း ဒီအတိုင်းပါပဲ။

❐

ဝေလငါးရဲ့ဝမ်းဗိုက်

ဟန်ဆိုတာ အလိုလိုဖြစ်လာတာ။ ကျွန်တော် ဘာလုပ်မယ်ဆိုတာကို ကျွန်တော်သိတယ်။ ဒါပေမဲ့ ကျွန်တော် တကယ်လုပ်သွားတာကိုတော့ သိပ်သိလိုက်တာ မဟုတ်ဘူး။ ခေတ်ပြိုင် 'လဲရစ်' ကဗျာကို ကျွန်တော် သဘောကျပါတယ်။ ဥပမာ 'စမ်းချောင်း၏ လျှို့ဝှက်ချက်' တို့ 'ဒလိုရီ'ဆိုတဲ့ ကဗျာဆိုးတွေပေါ့။ ဒါပေမဲ့ ခေတ်ပြိုင် 'လဲရစ်' ကဗျာဟာ ရှည်လွန်းနေတယ်။ အိုင်းရစ်လူမျိုးဟာ ရေစီးမြန်တာ၊ အပြောင်းအလဲမြန်တာကို သဘောကျတတ်တယ်။ ရေစီးမှာ မျှောလိုက်ချင်တယ်။ 'သွန်မဆင်'နဲ့ 'ကူးပါး'တို့ရဲ့ ကဗျာတွေကို ဖတ်ခဲ့တုန်းက 'ရောဘတ် ဘန်းစ်'ဟာလည်း ဒီအတိုင်းပဲ ခံစားခဲ့ရလိမ့်မယ်လို့ ထင်တယ်။ အင်္ဂလိပ်လူမျိုးရဲ့ စိတ်ဓာတ်ကတော့ သိပ်ပြီး အစဉ်းစားကြီးလွန်းတယ်။ ကြွယ်ဝတယ်။ ချင့်ချိန်တယ်။ အင်္ဂလိပ်ရဲ့ စိတ်ဓာတ်ဟာ သိမ်းမြစ်ဝှမ်းလွင်ပြင်ကြီး တစ်ခုလုံးကို အမှတ်ရချင်နေမယ်။ လဲရစ်ကဗျာအတိုကလေး တွေ၊ ကဗျာပြဇာတ်တိုကလေးတွေကိုရေးဖို့ ကျွန်တော် ကြိုးစားဖူးတယ်။ အဲဒီလို စာမျိုးကိုရေးရင် စကားလုံးက တိုရမယ်။ သိပ်သည်းရမယ်။ ပြဇာတ်ရဲ့ အရှိန်နဲ့ထင်ဟပ်

နေရမယ်။ ဒါကြောင့်မို့ ရေးနိုင်လိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ကျွန်တော် ရေးခဲ့တယ်။ အဲဒီတုန်းက လူငယ်အင်္ဂလိပ်ကဗျာဆရာတွေက ပြဿနာနဲ့ ကြုံလာတဲ့အခါမှာ ခံစားချက်တွေနဲ့ ရေးနေကြတာကိုး။ ဒါပေမဲ့ အင်္ဂလိပ်လူငယ်ကဗျာဆရာတွေဟာ သူတို့ရဲ့ နည်းဟောင်းဖြစ်တဲ့ နှေးကွေးတဲ့ စဉ်းစားတွေးခေါ်မှုဆီကို ချက်ချင်းပြန်ရောက်လာကြတယ်။ ဒီနောက်မှာတော့ အင်္ဂလိပ်ကဗျာဟာ ကျွန်တော့်နောက်ကို လိုက်လာတယ်။ ကဗျာရဲ့ ဘာသာစကားကို အသက်ပါတဲ့ နေ့စဉ်သုံးစကားတွေနဲ့ ထပ်တူဖြစ်လာအောင် ကျွန်တော် ကြိုးစားကြည့်ချင်တယ်။ တစ်ခါတလေမှာ ဆင်းရဲသားရပ်ကွက်က မိန်းမကြီးတွေ ပျစ်ပျစ်နှစ်နှစ်ပြောတဲ့ စကားလုံးမျိုး၊ သူတို့နေ့စဉ်သုံးစွဲနေတဲ့ စကားလုံးမျိုးတွေနဲ့ ကျွန်တော့် စကာလုံးတွေကို နှိုင်းယှဉ်ကြည့်မိတယ်။ ကိုယ့်ကို ရည်စားစကား လာပြောရင် “နင့်လိုကောင်ကများ ရာရာစစ၊ အိုးမရှိအိမ်မရှိအကောင်”စတဲ့ စကားလုံးမျိုးတွေကို ကျွန်တော် ကြားဖူးတယ်။ ကျွန်တော့်အတွေးတွေကို ထုတ်ပြောရင် ဒေါသပါချင်ပါနေမယ်။ ကြမ်းချင်ကြမ်းနေမယ်။ ဒီလိုနဲ့ တော်တော်ကြာလာတော့မှ ကျွန်တော်ဟာ ကျွန်တော် ကြိုက်တဲ့ ဘာသာစကားတစ်ခုကို ရလာခဲ့တာပါ။ ဒီလိုနဲ့ ကိုယ်ကြိုက်တဲ့ ဘာသာစကားမျိုးကို လိုက်ရှာတာ။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်တုန်းကတော့ ကျွန်တော်ဟာ ဝါ့စဝပ်တို့တုန်းကလို အများသုံးနေတဲ့ စကားလုံးတွေကို မရှာဘဲ ခွန်အားကောင်းတဲ့ ပြင်းထန်တဲ့ ဝါကျဖွဲ့နည်းတွေကို လိုက်ရှာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြင်းထန်အားကောင်းတဲ့ အကြောင်းအရာအတွက် ပြင်းထန်အားကောင်းတဲ့ ဝါကျအဖွဲ့လိုတယ်။ ဒါကြောင့်မို့ ဘာသာစကားနဲ့အတူ ဖွံ့ဖြိုးတိုးတက်လာတဲ့ အစဉ်အလာနရီကို ကျွန်တော် လက်ခံရတယ်။

'အက်ဇရာပေါင်း၊ 'တန်းနား'နဲ့ 'လောရင့်စ်' တို့ဟာ တော်တော်ကောင်းတဲ့ လွတ်လပ်ကဗျာတွေကို ရေးနိုင်တယ်။ ကျွန်တော် မရေးနိုင်ဘူး။ ရေးကြည့်လိုက်တာနဲ့ တစ်ပြိုင်နက် လွတ်ထွက်သွားပြီး ကျွန်တော့်စကားလုံးတွေဟာ စောစောကပြောခဲ့တဲ့ ဆင်းရဲသားရပ်ကွက်က မိန်းမတွေရဲ့ စကားလုံးတွေ ဖြစ်သွားတတ်တယ်။ သမ္မာကျမ်းစာကို ဘာသာပြန်သူများ (ဥပမာ ဆာတောမတ်စ်ဘရောင်း) ဂရိဘာသာကနေ ပြန်ဆိုတဲ့ ဘာသာပြန်သူများဟာ နရီနဲ့ပတ်သက်လို့ အခက်အခဲတွေ့လေ့ရှိကြတယ်။ ဒီအခါမျိုးမှာ သူတို့ဟာ စကားပြေနဲ့ လင်္ကာကြားက ပုံသဏ္ဍာန်တစ်ခုကို ဖန်တီးလာခဲ့ကြတယ်။ ကိုယ်ရေးကိုယ်တာ အာရုံဝင်စားမှု မဟုတ်သေးတော့ ဒီပုံသဏ္ဍာန်နဲ့ လုပ်လို့ရတယ်။ ဒါပေမဲ့ ကိုယ်ရေးကိုယ်တာ အာရုံဝင်စားမှု အကြောင်းအရာတွေကို ဖွဲ့ဆိုလာတဲ့အခါမှာတော့ ဒီပုံသဏ္ဍာန်နဲ့ မရတော့ဘူးလေ။ ဒီပုံသဏ္ဍာန်နဲ့ ကိုယ်ရေးကိုယ်တာ အာရုံဝင်စားမှု အကြောင်းအရာမျိုးကို စပ်လာရင်တော့ အဲဒီအကြောင်းအရာဟာ ကြာရှည်မခံတော့ဘဲ ပုပ်သိုးသွားတော့တာပဲ။ ဒါကြောင့် ကိုယ်ရေးကိုယ်တာ အာရုံဝင်စားမှုကို ကြာရှည်ခံအောင် စပ်ဆိုချင်ရင် ဆားပက်ပေးရမယ်။ ရေခဲရိုက်ပေးရမယ်။

တစ်ခါတုန်းက ကျွန်တော် ရှုမိုးနီးယားဖြစ်ပြီး ကယောင်ကတမ်း ဖြစ်နေတုန်းမှာ ပါးစပ်ကရွတ်ပြီး 'ဆာဂျော့မိုး'ဆီကို စာတစ်စောင်ရေးတယ်။ အဲဒီစာထဲမှာ ဘာရေးထားသလဲဆိုတော့ ဆားကိုများများစားပါတဲ့။ ဆားဟာ ထာဝရကမ္ဘာရဲ့ သင်္ကေတဖြစ်တယ်လို့ ကျွန်တော် ရေးလိုက်တယ်။ ဒါ ကယောင်ကတမ်းနဲ့ တွေ့ရာတွေကို ရေးလိုက်တာထင်တယ်။ နောက်တော့ ကျွန်တော် ပြန်ပြီး နေကောင်းသွားတယ်။ 'ဆာဂျော့မိုး'ဆီကို ရေးတဲ့စာကို

လည်း သတိမရတော့ပါဘူး။ ဒါပေမဲ့ ခု ကျွန်တော် ပြောနေတာက အဲဒီသဘောအတိုင်းပဲ။ ကိုယ်ရေးကိုယ်တာ အချစ်အကြောင်း၊ ကိုယ်ရေးကိုယ်တာ ဝမ်းနည်းကြေကွဲမှု အကြောင်းကို လွတ်လပ်ကဗျာနဲ့၊ ဒါမှမဟုတ် နရီနဲ့ ရေးချကြည့်လိုက်တဲ့အခါမှာ ကိုယ့်ဘာသာကိုယ် စိတ်ပျက် သွားတယ်။ ကိုယ့်ဘာသာကိုယ်လည်း အထင်သေးမိတယ်။ စာဖတ်သူတွေကလည်း ငြီးငွေ့ကြမှာပဲလို့ ကျွန်တော်ထင် တယ်။ ဒီတော့ ကျွန်တော် အစဉ်အလာစပ်ထုံးတွေကို ရွေးရတယ်။ ကျွန်တော့်ရဲ့ ခံစားချက်တွေကို သိုးကျောင်း သားတွေ၊ နွားကျောင်းသားတွေ၊ ကုလားအုတ်မောင်းသမား တွေ၊ စာတတ်ပေတတ်တွေ၊ 'မိလ်တန်' သို့မဟုတ် 'ရှယ်လီ'ရဲ့ စိတ်ကူးယဉ်ဝါဒီတွေ၊ ပါးမားရေးဆွဲတဲ့ မျှော်စင် တွေဆီကို ရောက်အောင်ပို့ပေးရတယ်။ ခင်ဗျားက ကျွန်တော့် ရဲ့ ကဗျာတွေဟာ ကိုယ်ပိုင်တီထွင်မှုရှိတယ်လို့ ပြောလာရင် ကျွန်တော် စိတ်ဆိုးတယ်။ ကျွန်တော်ဟာ လူအုပ်တစ်အုပ် လည်းဖြစ်တယ်။ အထီးကျန်သူတစ်ယောက်လည်းဖြစ် တယ်။ ဘာမှမဟုတ်တဲ့အရာလည်းဖြစ်တယ်။ ရေးခေတ်က ဆား(စပ်ထုံး)ဟာ မပုပ်မသိုးအောင်သိပ်ဖို့ အလွန်ကောင်း တယ်။ တာရှည်ခံစေတယ်။ ရှိတ်စပီးယားရဲ့ ပြဇာတ်ထဲက ဇာတ်ကောင်တွေရဲ့ ရုတ်တရက် ကျယ်ပြန့်လာတဲ့ သူတို့ရဲ့ အမြင်တွေ၊ သေခါနီးမှာ သူတို့ခံစားလိုက် ရတဲ့ ပီတိတွေဟာ သူတို့ရဲ့ အမူအရာတွေ၊ သူတို့ရဲ့ အလင်္ကာဂုဏ်မြောက်တဲ့ စကားလုံးတွေကတစ်ဆင့် ကျွန်တော်တို့ဆီကို ရောက်လာ ကြတယ်။ "နောင်ဘဝမှသာ၊ သေသင့်ပါ၏"ဆိုတဲ့ စာပုဒ်မျိုး "အနမ်းစုပေါင်း၊ ထောင် အသောင်းမှာ၊ သနားစရာ အကောင်းဆုံး နောက်ဆုံးအနမ်း" ဆိုတာမျိုးတွေ (သူ့ရင်အုံမှာ ခဲထားတဲ့ မြွေကိုမြင်တော့) "ငါ့ရင်ခွင်ထက် ဝယ်၊ ကလေးငယ်ကို နို့ချိုတိုက်ကျွေး" ဆိုတဲ့ စကားလုံး

တွေ၊ အဖွဲ့အနွဲ့တွေ။ အဲဒီအဖွဲ့တွေဟာ ကျွန်တော့်အဖို့ နတ်ဘုရားတွေ၊ နတ်ဖုရားမတွေဖြစ်တယ်။ ငှက်ကြီးဝန်ပိုဖြစ်တယ်။ ဒါပေမဲ့ ဒါတွေအားလုံးဟာ အေးစက်နေရမယ်။ 'ကလီယိုပက်ထရား'အဖြစ် သရုပ်ဆောင်တဲ့ မင်းသမီးတွေထဲမှာ ဒီစာသားတွေကို ရွတ်ရင်း မျက်ရည်မကျဖူးတဲ့သူတယ်သူများရှိလို့လဲ။ ပရိဂျူဆာရဲ့ ဦးနှောက်တိမ်တိမ်ကလေးကတော့ ဒါမျိုးတွေကို သာပြီး မစဉ်းစားသေးဘာပေါ့။ တကယ်တော့ သဘာဝလွန်အရာ ဟာ ရှိတယ်ဗျ။ ကျွန်တော်တို့ လက်တွေပေါ်ကိုဖြတ်ပြီး ကျွန်တော်တို့မျက်နှာတွေပေါ်ကိုဖြတ်ပြီး လေအေးကြီးတိုက် သွားတယ်။ ပြဒါးတိုင်မှာ အပူရှိန်ထိုးဆင်းသွားတယ်။ အဲဒီအေးစက်မှုကြောင့် ကျွန်တော်တို့ဟာ သတင်းစာဆရာတွေနဲ့ စာဖတ်မရင့်သူတွေရဲ့ အမုန်းကို ခံနေတာထင်တယ်။ အက်ဘေးဇာတ်ရုံမှာ တင်ဖို့အတွက် ခေတ်သစ်ဟန်နဲ့ ရေးထားတဲ့ပြဇာတ်တချို့ကို ပယ်ချလိုက်တော့ 'လေဒီဂရီဂိုရီ' ပြောဖူးတဲ့စကားတစ်ခွန်းကို ကျွန်တော် ကြားဖူးတယ်။ "ကြေကွဲဝမ်းနည်းစရာအဖြစ်တစ်ခုက သေတဲ့လူအတွက်တော့ ပျော်စရာကောင်းတဲ့ အဖြစ်တစ်ခု ပဲ"ဆိုတဲ့စကား။ လဲရစ်ကဗျာတွေ၊ သီချင်းတွေ၊ ကဗျာတွေ မှာလည်း ဒီအတိုင်းပါပဲ။ လွမ်းရလို့၊ နာကျင်လို့ဆိုပြီး မျိုးဆက်အသီးသီးမှာရှိတဲ့ ပညာရှင်ကရော၊ သာမန်လူထု ကရော ကဗျာတွေ၊ သီချင်းတွေကို ရွတ်ဆိုနေကြ ဖတ်နေကြတာ မဟုတ်ပါဘူး။ ကြေကွဲဖွယ်ကောင်းအောင် ဖွဲ့ဆိုနေတဲ့ နန်းတွင်းသူကို အချိန်စည်းကမ်းသတ်မှတ်ချက်ကို ကျော်လွန်နိုင်တဲ့ ပုံစံမျိုးနဲ့ သမိုင်းကဖယ်ထုတ်ပစ်ထား ရမယ်။ သူ့ကိုလည်း အာဇာနည်မယ်မေရီလေးဦးအနက် တစ်ဦးအဖြစ် သဘောထားရမယ်။ နရီဟာ အများသူငါ သိပြီးသား နရီဟောင်းဖြစ်ရမယ်။ စိတ်ကူးစိတ်သန်ဟာ ကခုန်နေရမယ်။ ခံစားမှုထက်

ကျော်လွန်သွားပြီး မူလဇာစ် မြစ်ရေခဲလွှာအောက်မှာ ထိန်းသိမ်းထားရမယ်။ ရေခဲလွှာ လို့ပြောလိုက်တာ မှန်မှမှန်ရဲ့လားတော့ မပြောတတ်ဘူး။ တစ်ခါတုန်းက ကျွန်တော့်အဖေရဲ့ စာထဲမှာပါတဲ့ စကားလုံး တစ်လုံးကို ယူပြီး ကျွန်တော် ကြွားဖူးတယ်။ ကျွန်တော်ရဲ့ ကဗျာတွေဟာ "အရဏ်တစ်ခုရဲ့ အေးစက်မှုမျိုးနဲ့ ထက်သန် မှုမျိုး ရှိရမယ်"လို့။

လွတ်လပ်ကဗျာကို ရေးကြည့်တဲ့အခါမှာ ကျွန်တော် ကိုယ်တိုင် အားမရဘဲဖြစ်နေတယ်။ အလယ်ခေတ် အကြောင်းကို ဝိုးတိုးဝါးတား စပ်ထားတဲ့ 'မြို့စားကတော် ကက်သလင်း'ဆိုတဲ့ ကျွန်တော့်ကဗျာ ပြဇာတ်ရှိတယ်။ နရီတော့ကိုက်ပါရဲ့။ ဒါပေမဲ့ အစဉ်အလာ ဝဏ္ဏဆယ်လုံး နဲ့ စပ်ရင်ပိုကောင်းတယ်လို့ ထင်တယ်လေ။ ဒီလိုမှ မစပ် ချင်သေးရင်လည်း 'ဘဲလက်'ကဗျာအစပ်မျိုးနဲ့ စပ်ရင်ပို ကောင်းတယ်လို့ထင်တယ်။ လွတ်လပ်ကဗျာကို ပြောပြီးတဲ့ အခါ ကျွန်တော့်ခံစားချက်တွေကို ခွဲခြမ်းစိတ်ဖြာကြည့်တဲ့ အခါမှာ ကျွန်တော်ဟာ သမိုင်းကာလတစ်ခုကို ရောက်သွား တယ်။ အဲဒီအချိန်တုန်းက သမိုင်းရဲ့ တေးသီချင်းတွေ၊ အကတွေဖြစ်တဲ့ ပကတိစိတ်ဟာ အတိတ်ကို ပိုင်ဆိုင်တဲ့ အရာတွေ ဖြစ်ခဲ့ကြတယ်။ အသံတွေ အကတွေဟာ ဝေလငါးရဲ့ နံရိုးအပြင်ဘက်တစ်နေရာက လာတယ်ဆိုတာ သတိရပေမဲ့ ကျွန်တော်ကိုယ်တိုင်ဟာ ဝေလငါးရဲ့ ဝမ်းဗိုက်ထဲက ထွက်လာခဲ့တာပဲ။ 'ပေါဖော့'ရဲ့ ဘဲလက် ကဗျာထဲက ဘုရင်မလိုပေါ့။ ဒါကြောင့်မို့ ကျွန်တော့် နှာခေါင်းထဲမှာ ပင်လယ်က ငါးညှီနံ့ဟာ ယခုတိုင် စွဲနေ တုန်းပဲ။ 'ရောဘတ်ဘရစ်ချ်' ပြောသလိုပြောရင် ကဗျာရဲ့ အသံ ရောစပ်ဖွဲ့စည်းပုံဟာ အတိတ်နဲ့ ပစ္စုပ္ပန်ကို ပေါင်းစပ် ပေးတယ်။ 'မီလ်တန်'ရဲ့ 'ကောင်းကင်ဘုံ ပျောက်ဆုံးခြင်း'

လက်ာကြီးကိုဖတ်ရင် ကျွန်တော်ဟာ ကျေးလက်သီချင်း ဆိုသလို ရွတ်တယ်။ မီလ်တရဲ့ ကဗျာထဲမှာ ကျေးလက် တေးသံ ရှိနေတာပဲ။ ဒါပေမဲ့ သိသိသာသာကြီးတော့ မဟုတ်ဘူး။ မသိမသာကလေးရယ်။ ကျွန်တော်နဲ့တကွ နားထောင်သူတို့ရဲ့စိတ်ကို လှုပ်ရှားစေတဲ့အရာကတော့ ရှင်းလင်းထင်ရှားတဲ့ စကားအသုံးအနှုန်းတွေပဲ။ အဲဒီ စကားလုံး အသုံးအနှုန်းတွေမှာ ဘယ်ဥပဒေစည်းကမ်းမှ မရှိဘူး။ ကဗျာထဲမှာ ဆိုလိုချင်တဲ့ ဝိုးတိုးဝါးတားအသံ ပါရမယ်ဆိုတာလောက်ပဲ ရှိတယ်။ ကျွန်တော်ဟာ ကဗျာကို ရွတ်ရင်း နိုးနေတယ်။ အိပ်လည်းပျော်နေတယ်။ အနာဂတ် ကိုလည်း မြင်နေတယ်။ ကိုယ့်ကိုယ်ကိုလည်း မေ့နေသလိုပဲ။ ဒီအထဲမှာ ကာရန်မပါဘူး။ ခံစားချက်တွေ မပါဘူး။ လှုပ်ရှားကခုန်နေတဲ့ ခြေထောက်တွေ မပါဘူး။ ကျွန်တော် ငယ်ငယ်တုန်းက အကနဲ့ပတ်သက်လို့ ကဗျာတစ်ပုဒ် ရေးဖူးတယ်။ "ကောင်းကင်၏ အအိပ်ကို၊ သူတို့ လက်များ နှင့် လုယူကြ" ဆိုတာမျိုးပါတယ်။ တစ်ပုဒ်ကိုရေးဖို့ တစ်နှစ်လုံး ထိုင်စဉ်းစားလိုက်ရင် ကျွန်တော်ဟာ အိပ်ရင် ပျော်နေရမယ်၊ နိုးရင် ထနေရမယ်ဆိုတာ တွေ့လာရလိမ့် မယ်။

ကျွန်တော့်က ကဗျာထဲက မြို့စားကတော် ကက်သ လင်းဟာ ကျွန်တော်ရေးထားတဲ့အတိုင်း လွတ်လပ်ကဗျာ စကားလုံးတွေကို သူ့လိုအပ်ချက်အတွက် ပြောကောင်းပြော နိုင်လိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ကျွန်တော်ခေတ် လယ်လို့ ယူဆပြီး သူ့ကို ဥရောပလှုပ်ရှားမှုကြီး တစ်ခုလုံးနဲ့ ဆက်ပေးထားလိုက်တားကိုး။ ဒါပေမဲ့ ဒေရာဒရီနဲ့ ကူဟူလင်း အိုင်းရစ်ဒဏ္ဍာရီထဲမှာပါတဲ့ အခြားသော ဇာတ် ဆောင်များကတော့ ဝေလငါးရဲ့ ဝမ်းဗိုက်ထဲမှာပဲ ရှိသေး တယ်။

အင်္ဂလိပ် လူငယ်ကဗျာဆရာတွေကတော့ စိတ်ကူး အိပ်မက်နဲ့ ကိုယ်ရေးကိုယ်တာ ခံစားမှုတွေကို ပယ်ကြတယ်။ သူတို့မှာ နိုင်ငံရေးအခံတွေရှိနေတယ်။ နိုင်ငံရေးပါတီတစ်ခုခုနဲ့ အဆက်အသွယ်ရှိနေကြတယ်။ သူတို့က ရှုပ်ထွေးတဲ့ စိတ္တဗေဒနည်းတွေကို သုံးကြတယ်။ ဇာတ်ဆောင်တွေထဲမှာ ဇာတ်လမ်းကို တည်ကြတယ်။ ဘဲလက်ကဗျာတွေထဲမှာလို ဇာတ်လမ်းထဲမှာ ဇာတ်ဆောင်ကို ထည့်တာမဟုတ်ဘူး။ ပြီးတော့ သချ်ာပညာရှင်တွေ၊ တက္ကဗေဒပညာရှင်တွေကို လူတွေက သတိပြုအာရုံစိုက်ခံရမယ့် အခွင့်အရေးရှိတယ်လို့ ယူဆကြတယ်။ သူတို့အထဲက ထင်ရှားတဲ့ ကဗျာဆရာ တစ်ယောက်ဆိုရင် လူသားဟာ အရင်တုန်းက အိပ်ပျော်နေခဲ့ တယ်တဲ့။ ခုအိပ်ရာက နိုးရမယ်တဲ့။ သူတို့ဟာ မော်ဒန်ဖြစ် အောင်ဆိုပြီး စက်ရုံအကြောင်းကို ရေးဖို့၊ မြို့ပြအကြောင်း ကို ရေးဖို့ပိုင်းဖြတ်ခဲ့ကြတယ်။ လှပတဲ့ ဘုရားရှိခိုးကျောင်း မြို့ကလေးတစ်မြို့က ကျောင်းတစ်ကျောင်းမှာ စာပြနေတဲ့ လူငယ်တွေ၊ ဒါမှမဟုတ် ကက်ပရီကျွန်းတို့ စစ္စလီကျွန်း တို့မှာ တစ်သက်လုံး နေထိုင်သွားတဲ့ လူငယ်တွေက သူတို့ရဲ့ ဉပမာအလင်္ကာတွေ၊ နိမိတ်ပုံတွေကို ကာကွယ်ပြော ခဲ့ကြတယ်။ ဒါတွေဟာ မြေအောက်ရထားနဲ့ အလုပ်သွား အလုပ်ပြန် လုပ်နေတဲ့ လူတစ်ယောက်ရဲ့ ခေါင်းထဲမှာ အလိုလိုပေါ်လာတဲ့ အရာတွေတဲ့။ အဲဒီလိုဂိုဏ်းက ကဗျာ ဆရာတစ်ယောက်ကို ကျွန်တော့်ကဗျာကို သွားအဖတ်ခိုင်း တဲ့အခါမှာ တော်တော်များများဟာ သမားရိုးကျ ဉပမာ အလင်္ကာတွေ၊ နိမိတ်ပုံတွေဆိုပြီး ခြစ်ပစ်လိုက်တယ်။ သူတို့ဟာ မာလာမေရဲ့ အနုပညာမှာ အရေးကြီးဆုံးဖြစ်တဲ့ အိပ်မက်ဖွဲ့စည်းမှုတွေအားလုံးကို ငြင်းပယ်လိုက်တာနဲ့ အတူတူပါပဲ။ သူက ပထမလိုင်းတစ်လိုင်းကိုသာ စီးဖုး သေးတာကိုး။ သူတို့ဟာ သူတို့ခံစားချက်တွေကို ဖော်ပြ

ရာမှာ ဥပနိသျှကျမ်းကပြောတဲ့ 'ရှေးဟောင်းအတ္တ'ကို ဖော်ပြတာမဟုတ်ဘူး။ ပုဂ္ဂလိကအသိဉာဏ်တရားကို ဖော်ပြတာ။ ဒီတော့ မြေအောက်ရထားနဲ့ သွားတဲ့လူကို ရွေးချယ်ပိုင်ခွင့်ရှိတာပေါ့။ သူက လက်ငင်းအရေးကြီးနေတာကိုး။ သူတို့ဟာ ဝေလငါးကိုသတ်ဖို့ ကြိုးစားခဲ့ကြတယ်။ အိုင်းရစ်စာပေ ပြန်လည်ဆန်းသစ်ရေးခေတ်ကို မြှင့်တင်ဖို့တော့ ကြိုးစားကြပါရဲ့။ ဒါပေမဲ့ လီယိုနာဒိုထက် ပိုချင်နေကြတယ်။ သူတို့ကဗျာဟာ ကျေးလက်တချွေကို သတ်ပစ်ခဲ့ကြတယ်။ ဒါပေမဲ့ ကဗျာကတော့ ကဗျာဖြစ်နေဦးမှာပါပဲ။ ကျွန်တော်က 'အိုင်းရစ်ဇာတိစွဲ'ကို ပြန်ဆက်ချင်တဲ့လူ။ တစ်နေ့ကျတော့ အိုင်းရစ်စာပေမှာ တန်ပြန်ပြန်လည်ဆန်းသစ်ရေးခေတ်တစ်ခေတ် ပေါ်လာလိမ့်မယ်ထင်တယ်။ ကျွန်တော် ဘာမှမပြောလိုပါဘူး။ ပြန်ပြီး မချေပလိုပါဘူး။ သမိုင်းရဲ့ ဂဲဩမေထရီထောင့်စွန်းတွေ၊ ထောင့်ချိုးတွေကို တွေ့နေကျပါ။ ကျွန်တော်ဟာ 'ထုံးတမ်းစဉ်လာတွေ' ထက် ယုံကြည်မှုအတွက် ရပ်တည်နေတာပါ။

မှန်မိုရီအလင်းရောင်ထဲမှာ ကျွန်တော်က အိုကွန်နယ်တံတားကြီးပေါ်မှာရပ်ရင်း ပုံစံအမျိုးမျိုးရှိနေတဲ့ ဗိသုကာမှုတွေ၊ လျှပ်စစ်မီးပွင့်ဆိုင်းဘုတ်တွေ၊ ခေတ်သစ်ရဲ့ ဆန်းပြားရုပ်ထွေးမှုကို ရပ်သဏ္ဌာန်ဆောင်ထားရာ နေရာတွေကို ငေးကြည့်နေမိတယ်။ ရှိတဲ့သူတွေ ရှိမှာပဲလို့ ယုံကြည်နေတယ်။ နောင်မျိုးဆက် လေးငါးဆယ်လောက်အတွင်းမှာ ဒီပိုးတဝါးအမုန်းဟာ သွေးတူသားတူ အုပ်စိုးမှုတစ်ခုကို ဝုန်းခနဲပေါ်ပေါက်လာစေလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ အဲဒီအုပ်စိုးမှုဟာ ဘယ်လိုအုပ်စိုးမှုမျိုး ဖြစ်မလဲဆိုတာကိုတော့ ကျွန်တော် မပြောနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ရဲ့ အမုန်းကို ပိုပြီးကြီးလာအောင် လုပ်ရုံပဲတတ်နိုင်တယ်။ ကျွန်တော်ဟာ အမျိုးသားရေးဝါဒီတစ်ယောက်

မဟုတ်ပါဘူး။ လောလောဆယ်အကြောင်းတွေကြောင့်သာ အိုင်ယာလန်မျိုးချစ်တစ်ဦး ဖြစ်နေတာပါ။ နိုင်ငံတော်နဲ့ လူမျိုးဆိုတာ အသိဉာဏ်တရားရဲ့ အလုပ်တွေပါ။ ဒီအရာတွေရဲ့ရှေ့မှာ သို့မဟုတ်နောက်မှာ ဘာတွေဖြစ်မလဲလို့ စဉ်းစားရင်း (တစ်နေ့မှာ 'ဗစ်တာဟူးဂိုး' ပြောခဲ့သလို) ဒီအရာတွေဟာ ဘုရားသခင်က စာဘူးတောင်းတွေ အသိုက်လုပ်ဖို့ ပေးခဲ့တဲ့ မြက်ပင်ကလေးတစ်ပင်လောက်တောင် တန်ဖိုးရှိတာ မဟုတ်ပါဘူး။

(Ref: W.B Yeats – A General Introduction for My Work)

❐

ပြည်သူလူထု၊ လူစုလူဝေးနှင့် ပရမ်းပတာအုပ်စု

ဝင်စတန်ချာချီဟာ ဒုတိယမြောက် ချားလ်ဘုရင်ထက် ကြီးမြင့်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်တယ်ဆိုတာ ဗြိတိသျှ၊ ဒါမှမဟုတ် အမေရိကန် ကဗျာဆရာတိုင်းက သဘောတူမှာပါ။ ဒါပေမဲ့ ချားလ်ဘုရင်အကြောင်းကို ကဗျာဆရာကြီး ဒရိုင်ဒင်က ကဗျာတစ်ပုဒ် ကောင်းကောင်း ရေးခဲ့သလို ချာချီအကြောင်းကို ကဗျာကောင်းကောင်း တစ်ပုဒ် ရေးစမ်းပါဆိုရင် ရေးနိုင်မှာမဟုတ်ဘူးဆိုတာကို သူ့ဘာသာသူသိတယ်။ ချာချီအကြောင်းကို ကဗျာကောင်း တစ်ပုဒ်ရေးဖို့ဆိုရင် ကဗျာဆရာဟာ ချာချီကို ရင်းရင်းနှီးနှီး သိကျွမ်းရလိမ့်မယ်။ အဲဒီကဗျာဟာ နန်းရင်းဝန်တစ်ယောက် အကြောင်းကိုရေးတဲ့ ကဗျာမဟုတ်ဘဲ လူတစ်ယောက် အကြောင်းကိုရေးတဲ့ ကဗျာဖြစ်ရလိမ့်မယ်။ ဘယ်လောက်ပဲ အရေးပါပါ ကဗျာဆရာကိုယ်တိုင် သိကျွမ်းနှံ့စပ်ခြင်းမရှိတဲ့ လူပုဂ္ဂိုလ်တစ်ယောက်အကြောင်း၊ အဖြစ်အပျက်တစ်ခု အကြောင်းကို ရေးဖို့ကြိုးစားလာရင် အဲဒီကြိုးစားမှုဟာ ကျဆုံးမှာပဲ။ ဘယ်တော့မှ အောင်မြင်မှာမဟုတ်ဘူး။ ကဗျာဆရာ ယိတ်စ်ဟာ အိုင်ယာလန်ပြည်က အရေးအခင်း

တွေနဲ့ ပတ်သက်လို့ကြီးကျယ်ထင်ရှားတဲ့ ကဗျာတွေကို ရေးနိုင်ခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပုဂ္ဂိုလ်ရေးအရ သိကျွမ်းတာကိုး။ အဲဒီအဖြစ်အပျက်တွေ ဖြစ်ပွားတဲ့နေရာတွေဟာ သူငယ်ငယ်ကလေးကတည်းက ကျင်လည်ကျက်စားခဲ့တဲ့ နေရာတွေကိုး။

ကျွန်တော်တို့ခေတ်မှာ ခေတ်ကြီးကို ပြောင်းတဲ့လူတွေဟာ နိုင်ငံရေးသမားတွေ၊ နိုင်ငံရေး သုခမိန်တွေ မဟုတ်တော့ဘူး။ သိပ္ပံပညာရှင်တွေဖြစ်တယ်။ ဒါပေမဲ့ ကံမကောင်းချင်တော့ ကဗျာဟာ သူတို့ကို ချီးကျူးထောမနာလို့ မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ အလုပ်တွေဟာ အရာဝတ္ထုတွေနဲ့ ပတ်သက်နေပြီး လူပုဂ္ဂိုလ်တွေနဲ့ ပတ်သက်ခြင်းမရှိလို့ဘဲ။ ဒီအခါကျတော့ သူတို့ရဲ့ အလုပ်တွေဟာလည်း ဝစနာလင်္ကာရ ကင်းမဲ့နေတယ်။

သိပ္ပံပညာရှင်တွေကြား ကျွန်တော် ရောက်သွားရင် ကျွန်တော်ဟာ နယ်စားကြီးတွေရှိနေတဲ့ ဧည့်ခန်းထဲကို မျက်စိလည်လမ်းမှားပြီး ရောက်သွားတဲ့ အနုပ်စုတ်ကုပ်စုတ်ကပ္ပိယလို ဖြစ်နေတယ်။

ကျွန်တော်တို့ခေတ်မှာ လူ့အဖွဲ့အစည်းတွေဟာလည်း ကြီးလာတယ်။ လူထုဆက်သွယ်ရေး မီဒီယာတွေရဲ့ တိုးတက်ဖွံ့ဖြိုးမှုကလည်း ကြီးလာတယ်။ ဒီတော့ ရှေးခေတ်က မရှိခဲ့ဖူးတဲ့ လူမှုအသွင်သဏ္ဌာန်တစ်ခု ပေါ်လာခဲ့တယ်။ အဲဒီအသွင်သဏ္ဌာန်ကတော့ (ဒဿနဆရာ) ကီးယားကီးဂေါ့ဒ်က (ပြည်သူလူထု)လို့ခေါ်တဲ့ လူစုလူဝေးပဲ။ ထူးခြားတဲ့ အမျိုးအစားရှိတဲ့ လူစုလူဝေးပဲ။

ကီးယားကီးဂေါ့ဒ်က –

> (ပြည်သူလူထု)ဆိုတာ လူမျိုးတစ်မျိုးကို ပြောတာ မဟုတ်ဘူး၊ မျိုးဆက်တစ်ခုကို ပြောတာလည်း မဟုတ်ဘူး၊ လူ့အသိုင်းအဝိုင်းတစ်ခုကို ပြောတာ

လည်း မဟုတ်ဘူး၊ တစ်စုံတစ်ခုသော လူတစ်စုကို ပြောတာလည်းမဟုတ်ဘူး၊ သူတို့အားလုံးဟာ အဲဒီလိုဖြစ်ရတာ ရုပ်ဒြပ်ထုကတစ်ဆင့် ဖြစ်လာရခြင်းဖြစ်တယ်။ တကယ်ကတော့ (ပြည်သူလူထု) ထဲမှာ ပါဝင်ဖွဲ့စည်းနေတဲ့ ဘယ်လူပုဂ္ဂိုလ် တစ်စုံတစ်ယောက်ကမှ တကယ်ပါဝင်ခဲ့တာ မဟုတ်ဘူး။ သူဟာ တစ်နေ့မှာ နာရီအနည်းငယ်လောက်သာ (ပြည်သူလူထု) ထဲမှာ ပါဝင်ခဲ့ကောင်း ပါဝင်ခဲ့မိလိမ့်မယ်။ ဒါပေမဲ့ သူ့ပင်ကိုတစ်ဦးတည်း သူဘာမှမဟုတ်တဲ့ အချိန်တွေမှာဆိုရင် သူဟာ (ပြည်သူလူထု)ရဲ့ အစိတ်အပိုင်းတစ်ခု မဟုတ်တော့ဘူး။ သူတို့ ကိုယ်ကိုသူတို့ ဘာမှမဟုတ်တဲ့အချိန်မှာ အဲဒီလို ပုဂ္ဂိုလ်များနဲ့ ဖွဲ့စည်းထားတဲ့ (ပြည်သူလူထု)ဟာ ကြီးမားတဲ့ အရာကြီးတစ်ခုလည်း ဖြစ်တယ်။ အရာရာလည်း ဟုတ်ပြီး အရာရာလည်း မဟုတ်တဲ့၊ ဒြပ်မဲ့တဲ့၊ အထီးတည်းဖြစ်နေတဲ့ လေဟာကြီးတစ်ခုလည်းဖြစ်တယ်။

ဒါကတော့ ကီးယာကီးဂါ့ဒ်က ဖွင့်ဆိုတဲ့ (ပြည်သူလူ ထု)ရဲ့ အနက်အဓိပ္ပာယ်ဖြစ်တယ်။

ရှေးခေတ်တွေတုန်းကတော့ လူအစုအဝေးဆိုတဲ့ စကားကို ရှိတ်စပီးယားတို့ပြောခဲ့တဲ့ အဓိပ္ပာယ်မျိုးနဲ့ပဲ နားလည်ခဲ့ကြတယ်။ လူအစုအဝေးဆိုသည်မှာ တစ်စုံတစ်ခုသော ရုပ်ဝတ္ထုဆိုင်ရာ ဟင်းလင်းပြင်ထဲတွင် စုစည်းသိပ်သည်းနေသည့် ထင်သာမြင်သာသော လူအစုအဝေး။ အလွန် လုံ့ဆော်ရေး စကားပြောကောင်းသူ တစ်ယောက်ကြောင့် တစ်ခါတစ်ရံတွင် ပရမ်းပတာ လူအုပ်အဖြစ် ပြောင်းသွားနိုင် သည့်အရာ၊ တစ်ဦးတစ်ယောက်ချင်းနေလျှင် ထိုသို့သော အပြုအမူမျိုးကို ပြုလုပ်မည်မဟုတ်သူများ

စုဝေးသည့်အရာ။ ဒီလို အဓိပ္ပာယ်ထွက်တယ်။ ဒါဟာ လူစုလူဝေးဆိုတဲ့ သဘောကို ကျွန်တော်တို့ အစဉ်အလာ နားလည်ခဲ့တဲ့ အနက်အဓိပ္ပာယ်ပဲ။ ဒါပေမဲ့ (ပြည်သူလူထု) ဆိုတဲ့ စကားလုံးကတော့ ဒီအဓိပ္ပာယ် မဟုတ်ဘူး။ ရုံးတက်ရုံးဆင်းချိန် မြေအောက်မီးရထားပေါ်မှာ ထိုင်လာရင်း သင်္ချာပုစ္ဆာ တစ်ပုဒ်ကို စဉ်းစားလာတဲ့ ကျောင်းသား၊ ဒါမှမဟုတ် သူ့ကောင်မလေးဟာ လူအစုအဝေးထဲက တစ်ယောက်ဖြစ် တယ်။ ဒါပေမဲ့ (ပြည်သူလူထု)ထဲက တစ်ယောက်တော့ မဟုတ်ဘူး။ ဒါဖြင့် (ပြည်သူလူထု) ထဲက တစ်ယောက်ဖြစ်အောင် ဘယ်လိုလုပ်ရမှာလဲ။ တစ်နေရာရာ၊ လူစုလူဝေးရှိတဲ့ နေရာတစ်ခုကို သွားဖို့မလိုပါဘူး။ အိမ်မှာနေထိုင်ရင်းလည်း (ပြည်သူလူထု)ထဲက တစ်ယောက်ဖြစ်နိုင်ပါတယ်။ သတင်းစာတစ်စောင်ကို ကောက်ကြည့်လိုက်ပေါ့။ ရုပ်မြင်သံကြားစက်ကို ဖွင့်ကြည့်လိုက်ပေါ့။

လူတစ်ယောက်မှာ သူ့ရဲ့ ထူးခြားတဲ့ ကိုယ်ပိုင်ရနံ့ရှိတယ်။ အဲဒီရနံ့ကို သူ့ဇနီး၊ သူ့ကလေးနဲ့ သူ့ခွေးက မှတ်မိတယ်။ လူစုလူဝေးတစ်ခုကတော့ ယေဘုယျပြုထားတဲ့ နံစော်တဲ့ အနံ့တစ်ခုဖြစ်တယ်။ (ပြည်သူလူထု)ကတော့ အနံ့ကင်းတယ်။

ပရမ်းပတာ လူအုပ်တစ်အုပ်ဟာ ကသောင်းကနင်းနိုင်တယ်။ ဖျက်ဆီးပစ်တယ်။ သတ်ဖြတ်တယ်။ သူ့ဘာသာသူလည်း အဆုံးရှုံးခံတယ်။ အနာခံတယ်။ (ပြည်သူလူထု)ကတော့ ငြိမ်သက်တယ်။ သူ အလွန်ဆုံးလုပ်ရှားရင် စူးစမ်းရုံ၊ သိချင်ရုံလောက်ပဲရှိတယ်။ (ပြည်သူလူထု)ဟာ သူတစ်ပါးကို မသတ်ဘူး။ သူ့ဘာသာသူလည်း အနာမခံဘူး။ (ပြည်သူလူထု)ဟာ ရုပ်ကြည့်တယ်၊ ငေးကြည့်တယ်၊ မျှော်ကြည့်တယ်။ ဒီလောက်ပဲ။ ဒါပေမဲ့ ပရမ်းပတာ လူအုပ်ကတော့ လူမည်းတစ်ယောက်ကို ရိုက်ချင်ရိုက်မယ်။

ရဲတစ်ယောက်ကို ရိုက်ချင်ရိုက်မယ်၊ ရေဝတီတစ်ယောက်ကို ခာတ်ငွေ့မီးဖိုထဲ ပစ်ချချင်ပစ်ချမယ်။

(ပြည်သူလူထု)ဟာ အသင်းအဖွဲ့တကာတို့၊ ကလပ်တကာတို့အနက် သီးသန့်ဖြစ်မှုအနည်းဆုံး၊ ကန့်သတ်မှုအနည်းဆုံး အသင်းအဖွဲ့ဖြစ်တယ်။ ချမ်းသာသူနဲ့ ဆင်းရဲသူ၊ ပညာတတ်နဲ့ ပညာမဲ့၊ စိတ်ကောင်းရှိသူနဲ့ စိတ်ဆိုးရှိသူ၊ ဘယ်သူမဆို ပါနိုင်ပါတယ်။ (ပြည်သူလူထု)ဟာ သူ့ကို ပြန်လှန်ဖိဆန်တဲ့ အပေါ်ယံပုန်ကန်ဖီဆန်မှုတစ်ခုကိုတောင် လက်ခံတယ်။ ဆိုလိုတာက သူ့အထဲမှာ (ပြည်သူလူထု) အစုကလေးတွေ ဖွဲ့တာကို လက်ခံတယ်။

လူစုလူဝေးတစ်ခုမှာတော့ ဒေါသထွက်တာတို့၊ ကြောက်တာတို့ စတဲ့ ပြင်းထန်တဲ့ဇောတွေဟာ အလွန်ကူးစက်ပျံ့နှံ့လွယ်တယ်။ လူစုလူဝေးတစ်ခုက လူတိုင်းဟာ တခြားသူတွေရဲ့စိတ်ကို လှုပ်ရှားစေတယ်။ ဒီနည်းအားဖြင့် ဇောဟာဂဲသြမေတြီနှုန်းထားအတိုင်း တိုးလာခဲ့တယ်။ ဒါပေမဲ့ (ပြည်သူလူထု)ထဲက လူကတော့ တစ်ယောက်နဲ့ တစ်ယောက် အဆက်အသွယ်မရှိဘူး။ (ပြည်သူလူထု)ထဲက လူနှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် တွေ့ပြီဆိုပါတော့၊ သူတို့ပြောတဲ့ စကားတွေရဲ့ အလုပ်ဟာ အနက်အဓိပ္ပာယ်ကို ပို့ဆောင်ပေးဖို့၊ စိတ်ဇောကို နှိုးဆွပေးဖို့ မဟုတ်ဘူး။ (ပြည်သူလူထု) တည်ရှိရာဖြစ်တဲ့ လေဟာနယ်ကြီးရဲ့ အထီးကျန်ဖြစ်မှု၊ တိတ်ဆိတ်မှုကို အသံဗလံနဲ့ ဖုံးကွယ်ပေးဖို့သာဖြစ်တယ်။

တစ်ခါတစ်ရံမှာ (ပြည်သူလူထု)ဟာ လူစုလူဝေးထဲမှာ ရောက်နေတတ်ပြီး ထင်သာမြင်သာဖြစ်လာတယ်။ ဆိုပါစို့။ မိသားစုစုံအိမ်ကြီးတစ်လုံးကို ဖျက်ပစ်နေတဲ့ ဖျက်ဆီးရေးဂိုဏ်းတစ်ဂိုဏ်းကို လာကြည့်တဲ့ လူစုလူဝေးတစ်ခုထဲမှာ ပါနေတတ်တယ်။ ကာယအင်အားစုဟာ

ဒီကမ္ဘာလောကကြီးရဲ့ အဓိကဇာတ်ကောင်ပါကလား။ သူ့ကို ဘယ်မေတ္တာစိတ်ကမှ မအောင်မြင်နိုင်ပါကလားဆို တာကို အထင်အရှားပြတဲ့ သက်သေတစ်ခုကို လာကြည့်တဲ့ လူစုလူဝေးထဲမှာ ပါနေတတ်တယ်။

လူ့အဖွဲ့အစည်းထဲမှာ (ပြည်သူလူထု)ဆိုတဲ့ အခြင်း အရာတစ်ရပ် မပေါ်ပေါက်လာမီကတည်းက ရိုးစင်းတဲ့ အနုပညာနဲ့ ဆန်းပြားရှုပ်ထွေးတဲ့ အနုပညာဆိုပြီးရှိခဲ့တယ်။ သူတို့နှစ်ခုဟာ တစ်ခုနဲ့တစ်ခု ခြားနားကြသည့်တိုင် သူတို့ ခြားနားပုံဟာ ညီအစ်ကိုနှစ်ယောက် ခြားနားကြပုံမျိုးဖြစ် တယ်။ အက်သင်ရှေနန်းတော်ဟာ ပိုင်ရာမတ်စ်နဲ့ ခြားနား ကြပုံမျိုးဖြစ်တယ်။ အက်သင်ရှေနန်းတော်ဟာ ပိုင်ရာမတ်စ် နဲ့ သစ္စဘီတို့ရဲ့ ယန္တရားဆန်တဲ့ ပြဇာတ်များကိုကြည့်ပြီး ပြုံးချင်ပြုံးပေမဲ့ အဲဒါတွေဟာ ပြဇာတ်တွေဆိုတာလောက် ကိုတော့ အသိအမှတ်ပြုကြတယ်။ နန်းတွင်းကဗျာနဲ့ ကျေး လက်ကဗျာတို့မှာ တူညီချက်ရှိနေတယ်။ အဲဒါကတော့ သူတို့နှစ်မျိုးစလုံးဟာ လက်နဲ့ရေးပြီး အရှည်တည်အောင် ရည်ရွယ်ရေးခဲ့ခြင်းဖြစ်တယ်ဆိုတဲ့ အချက်ပဲ။ အကြမ်းထည် အနိုင်ဆုံး ဘဲလက်ကဗျာဟာ လူနည်းစုကလေးအတွက် သီးသန့်စပ်တဲ့ ကဗျာဖြစ်တယ်။ (ပြည်သူလူထု)နဲ့ လူထု ဆက်သွယ်ရေးမီဒီယာတွေ ပေါ်လာတဲ့အခါကျတော့ ရိုးစင်း တဲ့လူထုကြိုက် အနုပညာဟာ ပျက်စီးသွားခဲ့ရတယ်။ ရှုပ်ထွေးဆန်းပြားတဲ့ စကားလုံးခက်ခက်တွေသုံးတဲ့ အနု ပညာရှင်ဟာတော့ မပျောက်မပျက်ဘဲ ကျန်ရစ်ခဲ့သေးတယ်။ သူဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်လောက်ကလိုပဲ ခက်ခဲဆန်းပြားတဲ့ ကဗျာတွေကို ရေးနေသေးတယ်။ ဘာဖြစ် လို့လဲဆိုတော့ သူ့ပရိသတ်က သေးငယ်တော့ လူထုဆက် သွယ်ရေး မီဒီယာကလည်း သူ့ပရိသတ်ကို စိတ်မဝင်စား လို့ဘဲ။ ဒါပေမဲ့ လူထုကြိုက် အနုပညာရှင်ရဲ့ ပရိသတ်

ကတော့ အများစုဖြစ်တယ်။ ဒီတင် လူထုဆက်သွယ်ရေး မီဒီယာအများစုဟာ စီးပွားရေးအရ အရှုံးမပေါ်ချင်တဲ့အခါ မှာ အများကြိုက် အနုပညာရှင်တွေဆီက ခိုးယူရတော့ တယ်။ ဒါကြောင့်မို့ လူ့ရှင်တော်အချို့မှအပ ဒီနေ့ အနု ပညာဟာ 'အဆင့်အတန်းမြင့်နေခြင်း' ဖြစ်တယ်။ လူထု ဆက်သွယ်ရေး မီဒီယာတွေကပေးတဲ့ အရာဟာလည်း လူထုကြိုက် အနုပညာတောင် မဟုတ်တော့ဘဲ ဖျော်ဖြေ ရေးသက်သက် ဖြစ်နေတယ်။ အစားအသောက်တစ်ခုလို စားသောက်၊ စားသောက်ပြီးတော့ မေ့ပစ်လိုက်၊ ပြီးတော့ နောက်အစားအသောက်တစ်မျိုးနဲ့ အစားထိုးလိုက်။ ဒါပဲ။ ဒါဟာ အာလုံးအတွက် မကောင်းဘူး။ လူများစုကြီးအဖို့ လည်း ကိုယ့်အရသာ၊ ကိုယ့်အကြိုက်၊ ကိုယ့်စွဲလမ်းမှု ကလေးတွေ ပျောက်သွားတယ်။ ဇာတ်ပျက်သွားတယ်။ လူနည်းစုအဖို့လည်း ဒါမျိုးတွေမကြိုက်ဘဲ တော်တော်တန် တန်ကိုမှ ရွေးကြိုက်တော့ အဆာကျယ်တယ်၊ အထာကိုင် တယ်၊ ဟန်များတယ်ဆိုပြီး ယဉ်ကျေးမှု ပကာသနသမား တွေ ဖြစ်လာတယ်။

အနုပညာမှာ လက္ခဏာချက် နှစ်ခုရှိတယ်။ အနုပညာ သမိုင်းဆရာများဟာ အနုပညာသမိုင်းကို ခေတ် တွေပိုင်းခြားကြည့်လို့ရှိရင် အဲဒီလက္ခဏာချက် နှစ်ခုပေါ်မှာ မူတည်ပြီး ပိုင်းခြားသင့်တယ်။ တစ်ခုကတော့ ခေတ်တစ် ခေတ်မှာ အနုပညာ ဖော်ပြပုံဟန်ချင်း တူညီမှုရှိနေတာ။ နောက်တစ်ခုကတော့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ သူ့ရဲ့ကောင်းနဲ့ပတ်သက်လို့ အသိအမှတ်ပြုပုံချင်း တူညီမှုရှိ နေတာ။ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ချီးကျူးရမလဲ၊ သတိရ အောက်မေ့ကြမလဲ၊ အတုခိုးရမလဲဆိုတဲ့ အချက်မှာ တူညီမှုရှိ နေတာ။

အနုပညာသမိုင်းကို ခေတ်ခွဲခြားကြည့်ရင် အဲဒီ

အချက်တွေပေါ်မှာ အခြေခံပြီး ခေတ်ကို ပိုင်းခြားသင့်တယ်လို့ ကျွန်တော်ထင်တယ်။

'မော်ဒန်ကဗျာ'ရဲ့ ထူးခြားတဲ့ဟန်ကတော့ –

ကဗျာကပြောနေတဲ့ အသံနိမ့်မြင့် စီဆင်းပုံဟာ ရင်းနှီးတဲ့အသံ ဖြစ်ရမယ်။

လူတစ်ယောက်က အခြားလူတစ်ယောက်ကို ပြောနေတဲ့အသံမျိုး ဖြစ်ရမယ်။ ပရိသတ်အများကြီးကို ပြောနေတဲ့အသံ မဖြစ်စေရဘူး။

မော်ဒန်ကဗျာဆရာတစ်ယောက်ဟာ အသံကို မြှင့်လိုက်တာနဲ့ တစ်ပြိုင်နက် အတုအယောင်သဘော၊ ဟန်ဆောင်တဲ့သဘောကို ရောက်သွားပြီ။

မော်ဒန်ကဗျာရဲ့ သူရဲကောင်းဇာတ်လိုက်ဟာလည်း 'ကြီးမြတ်တဲ့ပုဂ္ဂိုလ်ကျော်'လည်း မဟုတ်ဘူး။ စိတ်ကူးယဉ်တဲ့ ဖီဆန်သူလည်း မဟုတ်ဘူး။ သူတို့အလုပ်တွေက ကြီးကျယ်လွန်းတယ်။

မော်ဒန်ကဗျာရဲ့ သူရဲကောင်းဇာတ်လိုက်ဟာ ဘယ်လုတန်းစား၊ ဘယ်လုပ်ငန်းမှာမဆိုရှိတဲ့ သာမန်အမျိုးသား၊ အမျိုးသမီးတွေ ဖြစ်သင့်တယ်။ သူတို့ဟာ ခေတ်သစ်လူ့အဖွဲ့အစည်းကြီးရဲ့ ပုဂ္ဂိုလ်ရေးမဆန်တဲ့ အင်အားစုတွေက ဘယ်လိုပင် ဖိအားပေးခံရသည့်တိုင် ကိုယ်ပိုင်မျက်နှာကို ပြနိုင်သူ၊ ကိုယ်ပိုင်မျက်နှာကို ထိန်းထားနိုင်သူတွေ ဖြစ်တယ်။

ကဗျာဆရာဆိုတာ နိုင်ငံရေးတို့၊ ဘောဂဗေဒတို့ ဆိုတာတွေကို သိပ်နားလည်တာ မဟုတ်ဘူး။ ဒီလိုနားမလည်တာဟာလည်း သူတို့ရဲ့ စိတ်သဘောသဘာဝနဲ့ အနုပညာ ဖန်တီးမှုသဘာဝကြောင့် နားမလည်တာ။ သူတို့ စိတ်ဝင်စားတာက လူပုဂ္ဂိုလ် တစ်ဦးချင်းကို စိတ်ဝင်စားတာ။ လူပုဂ္ဂိုလ် ဆက်ဆံရေးတွေကို စိတ်ဝင်

စားတာ။ နိုင်ငံရေးတို့၊ ဘောဂဗေဒတို့ ဆိုတာက လူအများကြီးနဲ့ဆိုင်တဲ့ ကိစ္စတွေ။ လူ့ပျမ်းမျှခြင်းတွေ၊ ပုဂ္ဂိုလ်မဆန်တဲ့ ဆက်ဆံရေးတွေကို စိတ်ဝင်စားတာ။ (ကဗျာဆရာက ဒါမျိုးတွေကို စိတ်မဝင်စားဘူး။ ဒါမျိုးတွေကို သေချင်အောင် ငြီးငွေ့တယ်) ကဗျာဆရာဟာ ခေတ်သစ် လူ့အဖွဲ့အစည်းမှာ ပိုက်ဆံရဲ့ လုပ်ငန်းဆောင်တာကို နားမလည်ဘူး။ သူ့အဖို့ ဒြပ်မဲ့တဲ့တန်ဖိုးနဲ့ ဈေးကွက်တန်ဖိုးတို့ရဲ့ကြားမှာ ဆက်သွယ်မှုရှိတယ်လို့မှ မထင်ဘဲကိုး။ ကဗျာဆရာဟာ လချီပြီးရေးရတဲ့ ကဗျာတစ်ပုဒ်၊ သူကောင်းတယ်လို့ထင်တဲ့ ကဗျာတစ်ပုဒ်အတွက် ငွေဆယ်ပေါင်လောက်သာ ရပေမဲ့ တစ်နေ့တည်းရေးလိုက်တဲ့ ဆောင်းပါးတစ်ပုဒ်အတွက် ပေါင်တစ်ရာလောက် ရချင်ရနေတာ။ သူဟာ အောင်မြင်တဲ့ ကဗျာဆရာတစ်ယောက်ဖြစ်ရင် သူဟာ မန်ချက်စတာ ကဗျာဂိုဏ်းဝင်တစ်ယောက် ဖြစ်သွားပြီး အကြွင်းမဲ့လွတ်လပ်တဲ့ ကုန်သွယ်မှုဝါဒကို ယုံသွားတော့တာပဲ။ (ဒါပေမဲ့ အောင်မြင်တဲ့ကဗျာဆရာ ဆိုတာတောင်မှ ဝတ္ထုရေးဆရာလောက်၊ ပြဇာတ်ဆရာလောက် ပိုက်ဆံရကြတာ မဟုတ်ပါဘူး) တကယ်လို့ သူဟာ မအောင်မမြင်နဲ့ နာကြည်းခါးသီးနေတဲ့ ကဗျာဆရာတစ်ယောက် ဖြစ်တယ်ဆိုရင်တော့ လက်ရှိလူနေမှုစနစ်ကြီးကို ဖြိုဖျက်ပစ်ဖို့ ပြင်းထန်တဲ့ စိတ်ကူးတွေကို လက်တွေ့မကျတဲ့ အိပ်မက်တွေနဲ့ ပေါင်းစပ်ပြီး ယူတိုးပီးယား စိတ်ကူးတိုင်းပြည်ကြီးကို တည်ဆောက်တော့တာပါပဲ။ လူ့အဖွဲ့အစည်းကြီးဟာ ညဥ့်နက်သန်းခေါင်မှာ ကဖေးဆိုင်စာပွဲမှာထိုင်တဲ့ မအောင်မြင်တဲ့ ကဗျာဆရာတွေ၊ အနုပညာရှင်တွေရဲ့ ယူတိုးပီးယားကို အများကြီး သတိထားသင့်တယ်။

ကဗျာဆရာတိုင်းဟာ ပေါက်ကွဲမှုတွေ၊ မိုးထစ်ချုန်းသံတွေ၊ မုန်တိုင်းတွေ၊ မီးလျှံတွေ၊ အပျက်အစီးတွေ၊ ကြီး

ကျယ်တဲ့ သတ်ဖြတ်ပွဲရှုခင်းကြီးတွေကို သဘောကျလေ့ရှိကြတယ်။ ကဗျာဆန်တဲ့စိတ်ကူးဟာ နိုင်ငံရေးသုခမိန်တစ်ယောက်အဖို့ လိုလားအပ်တဲ့ အရည်အချင်းတစ်ခုမဟုတ်ဘူး။

စစ်တို့၊ တော်လှန်ရေးတို့အတွင်းမှာဆိုရင် ကဗျာဆရာတစ်ယောက်ဟာ ပြောက်ကျားတပ်သားတစ်ယောက်၊ တိုက်ခိုက်ရေးသမားတစ်ယောက်၊ သူလျှိုတစ်ယောက်အနေနဲ့ အများကြီး အသုံးဝင်နိုင်တယ်။ ဒါပေမဲ့ အမြဲတမ်း စစ်သားကောင်းတစ်ယောက်တော့ ဖြစ်လာမှာမဟုတ်ပါဘူး။ ငြိမ်းချမ်းတဲ့ ကာလမှာဆိုရင် ကဗျာဆရာဟာ အင်မတန်တာဝန်သိတဲ့ ပါလီမန်လွှတ်တော် ကော်မတီဝင်တစ်ယောက် ဖြစ်လာနိုင်တယ်။

အနုပညာဖန်တီးမှုက ဆွဲထုတ်တဲ့ ကောက်ချက်တွေပေါ်မှာ အခြေခံတဲ့ (ပလေတိုရဲ့ သဘောတရားအပါအဝင်) အားလုံးသော နိုင်ငံရေးသဘောတရားများဟာ တကယ်လက်တွေ့လုပ်ကြည့်လိုက်ရင် အနိုင်ကျင့်အုပ်စိုးမှုတွေဖြစ်လာနိုင်တယ်။ ကဗျာဆရာတစ်ယောက်၊ သို့မဟုတ် အနုပညာရှင်တစ်ဦးရဲ့ တစ်ခုတည်းသော ရည်ရွယ်ချက်ဟာ ပြီးပြည့်စုံတဲ့ အရာတစ်ခုကို ဖန်တီးဖို့၊ အပြောင်းအလဲမရှိ ရေရှည်မခံတဲ့ အရာတစ်ခုကို ဖန်တီးဖို့ဖြစ်တယ်။ ကဗျာမြို့တော်တစ်ခုဟာ အစဉ်အမြဲ ထပ်တူထပ်မျှကျတဲ့ အလုပ်တွေကို လုပ်နေတဲ့ ထပ်တူထပ်မျှ အရေအတွက်ရှိတဲ့လူတွေမှီတင်းနေထိုင်ရာ မြို့တစ်မြို့ ဖြစ်နေလိမ့်မည်။

လူ့အဖွဲ့အစည်းတစ်ခုဟာ အလှအပ၊ စနစ်ကျမှု၊ ချွေတာမှုတစ်ခုလုံးကို အများက နာခံရှိသေမှုစတဲ့ ရသဆိုင်ရာ အကောင်းအမွန်တွေပါနေတဲ့ ကဗျာတစ်ပုဒ်နဲ့တူနေရင် အဲဒီ လူ့အဖွဲ့အစည်းဟာ (တကယ်ရှိများရှိခဲ့ရင်) တော်တော်ကြောက်စရာကောင်းတဲ့ ချောက်အိပ်မက်ကြီးတစ်ခု

ဖြစ်နေလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ လူ့အဖွဲ့အစည်းမှာ လူတွေကို စက်ရုပ်တွေလို ရွေးချယ်လေ့ကျင့်ပေးမှကာယ၊ စိတ္တအားဖြင့် စံချိန်မမီသူတွေကို ရှင်းလင်းပစ်မှ၊ အားလုံးဟာ ညွှန်ကြားသူရဲ့နောက်ကို အကြွင်းမဲ့နာခံမှ၊ အရေအတွက်များပြားတဲ့ ကျေးကျွန်လူတန်းစားကို အကျဉ်းတိုက်တွေထဲမှာ လူမမြင်အောင် ပိတ်လှောင်ထားနိုင်မှ ဒီလို လူ့အဖွဲ့အစည်းမျိုးဟာ တကယ်ဖြစ်လာနိုင်မှာကိုး။

အလားတူပဲ၊ ကဗျာတစ်ပုဒ်ဟာလည်း နိုင်ငံရေး ဒီမိုကရေစီသဘောနဲ့ တကယ်အမှန်တူနေရင် (ကံဆိုးချင်တော့ အဲဒီကဗျာမျိုးတွေလည်း ရှိနေတယ်။) အဲဒီကဗျာတွေဟာ ပုံသဏ္ဌာန်မဲ့နေလိမ့်မယ်။ လေဖောင်းနေလိမ့်မယ်။ ထူးမခြားနား ဖြစ်နေလိမ့်မယ်။ အလွန်ငြီးငွေ့စရာ ကောင်းနေလိမ့်မယ်။

❒

ကဗျာနဲ့ မိခင်ဘာသာစကား

ကျွန်တော်ရဲ့ လုပ်ရှားမှုဟာ ၁၉၁၆ ခုနှစ်က ကွပ်မျက်ရေးတပ်တွေရဲ့ ရှေ့မှောက်မှာ ပျက်စီးပြိုကွဲသွားပြီလို့ ရေးခဲ့ကြတယ်။ အင်္ဂလိပ်သတင်းစာဖြစ်ရင် ကျွန်တော့်ကို ရှုတ်ချပစ်တင်ပြီးရေးတယ်။ အိုင်းရစ်သတင်းစာဖြစ်ရင် ကျွန်တော့်ကို ချီးမွမ်းဂုဏ်ပြုပြီးရေးတယ်။ ဒီကွပ်မျက်ရေးတပ်တွေကြောင့်သာလျှင် ကျွန်တော်တို့ရဲ့ သရုပ်မှန်လှုပ်ရှားမှုဟာ ပေါ်ပေါက်လာရတယ်လို့လည်း တစ်ခါတစ်ရံ ရေးကြသေးတယ်။ တကယ်လို့ အဲဒီအဆိုအမိန့်ဟာ မှန်တယ်လို့ဆိုရင် တစ်စိတ်တစ်ပိုင်းတော့ မှန်တယ်လို့ဆိုနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်တုန်းက စိတ်ကူးယဉ်မှုဟာ နေရာအနှံ့အပြားမှ ဆုတ်ခွာနေရလို့ပါ။ အကြောင်းကတော့ ပီယာဆီနဲ့ သူ့တပ်သားတွေရဲ့ စိတ်ကူးထဲမှာ အာဇာနည်တွေရဲ့ စွန့်လွှတ်မှုဟာ အိုင်ယာလန်ရဲ့ သမိုင်းနဲ့ ခွဲမရလို့ပါ။ သူတို့တစ်တွေဟာ ရေးပုံပြင်ထဲက သူရဲကောင်း ကူချူလိန်းကို တမ်းတရင်း အသက်ကို အသေခံသွားခဲ့ကြတယ်။

ဤကမ္ဘာကြီး၏ ရွံ့ရှာဖွယ်မြင်းဓောင်းကို ဆေးကြောဖို့ ကောင်းကင်မုန်တိုင်းထဲမှ ဆင်းခဲ့ပါတော့ ဟာကျူလီ။

တစ်နည်းပြောရရင်တော့ ၁၈၁၆ ခုနှစ်တုန်းက ကဗျာဆရာများဟာ သတင်းစာတွေရေးသလို ကျွန်တော့် ဂိုဏ်းသားတွေ မဟုတ်ပါဘူး။ နောင်မှာ ဘရင်ဂျီအယူဝါဒ ခေတ်စားလာတဲ့အတွက် တိမ်မြုပ်ပျောက်ကွယ်သွားရတဲ့ ဂဲလစ်လိ (ဂဲလစ်အဖွဲ့)ဟာ အများက ကြောက်ရွံ့နေကြတဲ့ သူရဲကောင်း ဂျက်ဆီရဲ့ အမြစ်ကထွက်ပေါ်ခဲ့တာ မဟုတ် ပါဘူး။ အညာကပေါ်ထွက်လာတဲ့ အရာတစ်ခုသာ ဖြစ်ပါ တယ်။ အဲဒီအဖွဲ့ဟာ အိုင်းရစ်ဘာသာစကားနဲ့ အိုင်းရစ် အဘိဓာန်လုပ်ငန်းတွေကို လုပ်သွားတာလောက်ပဲရှိပါတယ်။ တကယ်တော့ ကွပ်မျက်ခံသွားရတဲ့ ပီယာဆီနဲ့ မက်ဒိုနား တို့ဂဲလစ် ဘာသာစကားအတွက် လုပ်သွားကြ၊ ကြိုးစားသွား ကြတာဟာ အင်္ဂလိပ်ဘာသာစကားနဲ့ပတ်သက်လို့ ကျွန် တော်တို့ လုပ်ကြသလောက်၊ ကြိုးပမ်းခဲ့ကြသလောက်ပဲ ရှိပါတယ်။

ကျွန်တော်တို့ (အိုင်းရစ်လူမျိုး)ရဲ့ ရှေးဟောင်းပုံပြင် တွေ ဒဏ္ဍာရီတွေဟာ အခြားသော ဥပရောပတိုင်းပြည် များက ရှေးဟောင်းပုံပြင်တွေ၊ ဒဏ္ဍာရီတွေနဲ့ ခြားနားကြပါ တယ်။ ဘာဖြစ်လို့လဲဆိုတော့ ၁၇ ရာစုနှစ်လောက်အထိ လယ်သမားတွေနဲ့ မှူးမတ်တွေကပါ အဲဒီပုံပြင်တွေကို အလေးထားခဲ့ကြလို့၊ သံသယမရှိ ယုံကြည်ခဲ့ကြလို့ ဖြစ်ပါ တယ်။ ဟိုးမားရဲ့ ကဗျာဟာ ပညာတတ်တွေရဲ့ ပစ္စည်းဖြစ် ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အိုင်းရစ်လူမျိုးတွေရဲ့ ရှေးဟောင်း ဧကရီဘုရင်မတွေ၊ ကျွန်တော်တို့ရဲ့ အလယ် ခေတ်စစ်သားတွေနဲ့ ချစ်သူတွေကတော့ ဒီနေ့အထိ လမ်းမပေါ်က အထမ်းသမားကိုတောင် ရင်ခုန်အောင်တတ် နိုင်ပါသေးတယ်။ ဒီနေ့ခေတ် ကျွန်တော့်ရင်ထဲမှာ ပေါ်လာ တဲ့ခံစားချက်၊ သို့မဟုတ် စိတ်ပျက်နေတဲ့ ကဗျာစာဆိုတွေ၊ သီချင်းသည်တွေရဲ့ ပါးစပ်ထဲကို ထည့်လို့ရပါသေးတယ်။

ဒီလိုမှမဟုတ်ရင်လည်း ဒီနေ့ခေတ် စိတ်ကူးနဲ့ ဖော်ကျူးထားတဲ့ ဘဲလက်သီချင်းတွေရဲ့ ပါးစပ်ထဲကို ထည့်လို့ရပါသေးတယ်။ ကျွန်တော့်အတွေးတွေဟာ လေးနက်လေလေ၊ ဘဲလက်သီချင်းသည်တွေနဲ့ နယ်လှည့်သီချင်းသည်တွေဟာ တကယ်အဟုတ်ရှိသယောင် ထင်ရလေလေ၊ လယ်သမားနဲ့ တူလာလေလေပါပဲ။ ဂျက်ဇ်တေးဂီတနဲ့ စင်တင်တေးသီချင်းများဟာ ကျွန်တော်တို့ခေတ်ရဲ့ အနုပညာကို သူတို့အပေါ်မှာ အခြေတည်ပြီး ပုံသွင်းသင့်တဲ့အကြောင်း အချို့သော မော်ဒန်ဆရာတို့က ဆိုကြပါတယ်။ ဒါပေမဲ့ မော်ဒန်လူသားဖြစ်တဲ့ ကျွန်တော်တို့ အိုင်းရစ်ကဗျာဆရာတွေကတော့ အိုလံပတ်စ်တောင်ထိပ်က မ လာတဲ့ ကျေးလက်လူထု အနုပညာမှန်သမျှကို ပယ်ပါတယ်။ ကျွန်တော့်ကို အချိန်နည်းနည်းနဲ့ အရွယ်နည်းနည်း ငယ်ပေးကြည့်စမ်းပါ။ မနေ့တစ်နေ့ကပေါ်တဲ့ **“**ဂျွန်နီရယ်၊ မင်းကိုကိုယ် မသိဘူးကွယ်**”**ဆိုတဲ့ ကဗျာမျိုးကို ရှေးခေတ် ကျေးလက်လူထု ကဗျာနဲ့ တူတယ်ဆိုတာ သက်သေထုတ်ပြနိုင်ပါတယ်။

သူ့ရဲ့ **“**သမိုင်းကို လေ့လာခြင်းကျမ်း**”**အတွဲ (၂) ဖြည့်စွက်ချက်တစ်ခုထဲမှာ မစ္စတာအားနိုးတွိုင်ဘီက အနောက်ဖျား ခရစ်ယာန်ယဉ်ကျေးမှုလို့ သူခေါ်တဲ့ ယဉ်ကျေးမှုမွေး ဖွားခြင်းနှင့် ပြိုကွဲပျက်စီးခြင်းအကြောင်းကို ဖော်ပြသွားခဲ့တယ်။ သူက အနောက်ဖျား ခရစ်ယာန်ယဉ်ကျေးမှု (အိုင်းရစ်ယဉ်ကျေးမှု)ဟာ ဝစ်တဘီပွဲမှ ဥပရောပကို လွှမ်းမိုးဖို့ အခွင့်အရေး ဆုံးရှုံးသွားခဲ့ကြောင်း၊ ဒါပေမဲ့ နိုင်ငံရေးနဲ့ စာပေမှာတော့ ၁၇ ရာစုနှစ်အထိ ကြံ့ကြံ့ခံနေနိုင်ခဲ့ကြောင်း၊ အကယ်၍သာ ရေဝတီတို့ရဲ့ ဇီယွန်ဝါဒနဲ့ အိုင်းရစ်တို့ရဲ့ အမျိုးသားရေးဝါဒသာ သူတို့ရဲ့ ရည်ရွယ်ချက်များ အောင်မြင်အောင် လုပ်နိုင်ခဲ့ရင် ရေဝတီဇာတိနဲ့ အိုင်းရစ်ဇာတိတို့ဟာ သမိုင်းမှာ သူတို့နဲ့ ထိုက်တန်တဲ့

နေရာကို ရနိုင်မည်ဖြစ်ကြောင်း၊ အဲဒီလိုဆိုရင် အဲဒီပြည်သူတွေရဲ့ဘဝဟာ ပိုမိုချောင်ချိလာမည်ဖြစ်ကြောင်း၊ ခေတ်သစ်အိုင်ယာလန်ပြည်ဟာ ယနေ့ အနောက်တိုင်း ကမ္ဘာကြီးနဲ့ ရောနှောသွားတော့မှာဖြစ်ကြောင်း ပြောခဲ့ပါတယ်။

တကယ်လို့သာ ကျွန်တော်တို့မျိုးဆက် မျှော်မှန်းခဲ့သလို အိုင်းရစ်စာပေရယ်လို့ ဖြစ်လာခဲ့ရင် အိုင်းရစ်ဇာတိကို ထိန်းသိမ်းထားဖို့အတွက် တစ်ခုခုတော့ အမှန်ပဲ။ သရုပ်မှန်ဝါဒီတို့ရဲ့ စာပေတွေကလည်း ဟန့်တားမှာမဟုတ်ဘူး။ သူတို့စိတ်ကူးထားတဲ့ ဇာတ်ကောင်တွေလည်း ပေါ်လာမှာ မဟုတ်ဘူး။ တော်လှန်ရေးအမှတ်တရ မှတ်တမ်းတွေထဲမှာ ဖော်ပြထားတဲ့ အရာတွေလည်း ရှိမှာမဟုတ်ပါဘူး။ အထူးသဖြင့် နောက်ဆုံးသုံးဦးဖြစ်တဲ့ ပါနယ်၊ ဂျိုနသန်ဆွစ်နဲ့ လော့ဒ်အက်ဒွပ်တို့ဟာ အချို့သော နိုင်ငံရေးခေါင်းဆောင်များလိုပဲ ရေးဟောင်းရွှေရေး ပန်းချီကားချပ်ကြီးထဲကို ပြန်ဝင်သွားခဲ့ကြတယ်။ ‘အိုင်းရစ်ဇာတိ’ရဲ့ လက္ခဏာစရိုက်တွေဟာ ထင်ထင်ရှားရှား ပြန်ပေါ်လာအောင်လားတော့ မပြောတတ်ဘူး။ လေဒီဂရီဂိုရီက သူ့ရဲ့ ‘အာရုံများနှင့် ယုံကြည်မှုများ’ဆိုတဲ့ စာအုပ်ကို အကျဉ်းချုပ်တည်းဖြတ်ပေးဖို့ပြောတော့ ကျွန်တော်လည်း သူ့ရဲ့စူးစမ်းလေ့လာမှုတွေကို နားလည်သည်ထက်လည်အောင်ဆိုပြီး ခေတ်ပြိုင်နာမ်ဝါဒအကြောင်းတွေကို လေ့လာခဲ့ရတယ်။ လန်ဒန်ဆင်းရဲသား ရပ်ကွက်တွေမှာ သေသူနဲ့ သူ့ဆွေမျိုးတွေ၊ သားသမီးတွေ၊ သူ့အလုပ်သမားတွေကို ဆက်သွယ်ပြီး စကားပြောပေးတဲ့ ပညာသည်တွေရှိတယ်။ အဲဒီ ပညာသည်တွေကို သင်ကြားပေးနေတဲ့ ‘နတ်ဝင်သည်’ တွေရှိတယ်။ အဲဒီ နတ်ဝင်သည်တွေဆီကို ကျွန်တော် သွားလေ့လာရတယ်။ လေဒီဂရီဂိုရီက ဂါးလ်ဝေးမှာ စုဆောင်းလာခဲ့တာတွေနဲ့ လန်ဒန်မှာ ကျွန်တော်ကြားခဲ့သိခဲ့ရတာတွေကို နှိုင်းယှဉ်ပြီး

ကြည့်ရတယ်။ ဆိုဒင်ဘတ်ဟောချက်တွေနဲ့ တိုက်ကြည့်ရတယ်။ နောက် သေချာပြီဆိုတော့ အိန္ဒိယက အယူဝါဒတွေနဲ့ နှိုင်းယှဉ်ပြီးကြည့်ရတယ်။ ဆိုဒင်ဘတ်ဟောချက်တွေနဲ့ တိုက်ကြည့်ရတယ်။ နောက် သေချာပြီဆိုတော့ အိန္ဒိယက အယူဝါဒတွေနဲ့ နှိုင်းကြည့်ရတယ်။ တစ်ခါတော့ လေဒီဂရီဂိုရီနဲ့ ကျွန်တော် တောအုပ်တစ်ခုထဲ ဖြတ်သွားတော့ အဘိုးအိုတစ်ယောက်ကိုတွေ့တယ်။ အဲဒီအဘိုးအိုဟာ ခေတ်အဆက်ဆက်က လူ့ဝှက်ချက်တွေကို သိချင်သိမှာလို့ပြောတယ်။ ဒီစကားကိုသာ သူမပြောမိခဲ့ရင် ကျွန်တော်ဟာ ပရောဟိတ်ဆွာမိနဲ့ ဘယ်တော့မှ စကားပြောဖြစ်မှာ မဟုတ်ဘူး။ သူ့ကိုလည်း သူ့အထက်ဆရာများ တိဘက်ပြည်ကို သွားခဲ့တဲ့ ခရီးစဉ်မှတ်တမ်းတွေကို သူဘာသာ ပြန်ရာမှာလည်း ကျွန်တော် ကူညီဖြစ်ခဲ့မှာ မဟုတ်ဘူး။ ကူလီစာကျက်ကုန်းကြီးကိုစောင့်တဲ့ တောခေါင်းဟာ နှစ်ပေါင်းတစ်ရာလောက် မကြာခဲ့ရတဲ့ သမင်ဒရယ်ရဲ့ ခြေသံကို ဘာကြောင့်ခု ကြားရသလဲဆိုတာ ခုမှပဲ ကျွန်တော် နားလည်လာတော့တယ်။ ရှုးသွပ်နေတဲ့ ရသေ့ကြီးတစ်ပါးက သူ့ခေတ်တုန်းက ကောင်းကင်ဘုံကို သွားရတဲ့သူလည်း မရှိဘူး၊ ငရဲကို သွားကြတဲ့သူလည်း မရှိဘူးလို့ ဘာကြောင့် ပြောခဲ့သလဲဆိုတာ ခုမှပဲ ကျွန်တော် နားလည်လာတော့တယ်။ သဘောကတော့ အားလုံးရိုးရာနတ်တွေ ဖြစ်ကုန်တယ်ဆိုတဲ့ သဘောပေါ့။ သေသူတို့ဟာ ကောင်းကင်ဘုံလည်းမရောက်၊ ပြစ်ဒဏ်ကိုလည်းမခံရဘဲ သူတို့နေခဲ့တဲ့နေရာမှာပဲ၊ သို့မဟုတ် သူတို့နေခဲ့တဲ့နေရာရဲ့ အနီးတစ်ဝိုက်မှာပဲ ဝိညာဉ်တွယ်နေကြတယ်ဆိုတဲ့ သဘောကို ကျွန်တော် ခုမှ သဘောပေါက်လာတယ်လို့ ထင်တယ်လေ။ နောင်မျိုးဆက် သုံးလေးဆက်လောက်ဆိုရင် စက်ယန္တရားဝါဒဟာ ခေတ် မရှိတော့ဘူးဆိုတာ၊ သဘာဝနဲ့ သဘာဝလွန်

အရာတို့ဟာ အတူတကွ ပေါင်းစည်းနေကြတော့မယ်ဆိုတာ၊ အန္တရာယ်များတဲ့ အယူသီးမှုက လွတ်မြောက်ဖို့အတွက် သိပ္ပံပညာသစ် တစ်ရပ်ဖြစ်တဲ့ ဂန္ဓာရီပညာကို ကျွန်တော်တို့ လေ့လာရမယ်ဆိုတာ၊ အဲဒီတော့မှ သဘောပေါက်လာတယ်။ အဲဒီအချိန်ရောက်လာရင် ဥရောပတိုက်သားများဟာ ယုဒ နောက်ခံ ခရစ်တော်ကို မယုံကြည်ကြတော့ဘဲ ဒရူးအစ် နောက်ခံနဲ့ ခရစ်တော်ကို ယုံကြည်သက်ဝင်လာကြတော့မှာပဲ။ အဲဒီ ဒရူးအစ်နောက်ခံ ခရစ်တော်ဟာ သေသွားတဲ့ သမိုင်းထဲမှာ ပိတ်မနေတော့ဘဲ အစဉ်အမြဲစီးဆင်းသက် ဝင်နေမယ်၊ ခိုင်မာနေမယ်၊ လက်တွေ့သိကြမြင်ကြရမယ် လို့ ကျွန်တော်ယုံတယ်။

ကျွန်တော်ဟာ အဲဒီအယူဝါဒအောက်မှာ မွေးဖွားလာသူဖြစ်တယ်။ အဲဒီအယူဝါဒနဲ့ ကြီးပြင်းလာသူဖြစ်တယ်။ ကျွန်တော်ယုံကြည်တဲ့ ခရစ်တော်ဟာ စိန့်ပက်ထရစ်ရဲ့ အယူအဆက ဆင်းသက်လာတဲ့ တရားဝင်အနွယ်ဖြစ်တယ်။ ကျွန်တော်ယုံကြည်တဲ့ ခရစ်တော်ဟာ ဘဝသမုဟဖြစ်ပြီး ညီညွတ်ပြေပြစ်တဲ့ လူရဲ့ခန္ဓာကိုယ်ရှိတဲ့ အရာလို့ ဒန်ဒီက နှိုင်းယှဉ်ပြခဲ့တဲ့ အရာဖြစ်တယ်။ ဘလိတ်က 'စိတ်ကူးဉာဏ်ကွန့်မြူးမှု' လို့ ပြောခဲ့တဲ့အရာဖြစ်တယ်။ ဒီသမုဟတရားဟာ ကျွန်တော်တို့ အနီးမှာရှိတဲ့အတွက် နားလည်နိုင်တဲ့အရာဖြစ်တယ်။ ကျွန်တော်တို့နဲ့ နီးစပ်ပြီး လူတစ်ယောက်ချင်းအလိုက်၊ ခေတ်တစ်ခေတ်ချင်းအလိုက် ကွဲပြားနိုင်တယ်။ ဝေဒနာနဲ့ အနိဋ္ဌာရုံကိုလည်း ဆောင်နိုင်ခဲ့တဲ့အရာဖြစ်တယ်။ ဖားရဲ့ခြေထောက်နဲ့ ပုတ်သင်ရဲ့ မျက်လုံးမျိုးရှိတဲ့ အရာလည်းဖြစ်နိုင်တယ်။

ဒီအကြောင်းအရာဟာ ကျွန်တော့်ရဲ့ မသိစိတ်ထဲမှာ လွှမ်းမိုးနေတယ်။ ဒီမှာတင် ကျွန်တော့်ရဲ့ 'အာရုံရခြင်း' ဆိုတဲ့ ကဗျာကို ရေးဖြစ်ခဲ့တာပါပဲ။ 'အိုင်းရစ်ဇာတိသွေး'

ဟာ သူတို့ရဲ့ အစွမ်းအစတွေကို စစ်ပွဲတွေတိုက်ခြင်းဖြင့် ထိန်းသိမ်းထားပါတယ်။ ဒီစစ်ပွဲတွေဟာ ၁၆ ရာစုနဲ့ ၁၇ ရာစုနှစ်များအတွင်းမှာ အမျိုးဖြုတ်တဲ့ စစ်ပွဲတွေဖြစ်လာခဲ့ပါတယ်။ “၁၈ ရာစုနှစ် အိုင်ယာလန်ပြည်”ဆိုတဲ့ ကျမ်းမှာ သမိုင်းဆရာ လက်ခီက “မည်သည့်လူမျိုးမျှ အိုင်းရစ်လူမျိုးလောက် နှိပ်စက်ညှဉ်းပန်းခြင်းဒဏ်ကို မခံခဲ့ရ၊ ထိုဒဏ်ကို ယနေ့တိုင် ခံနေရဆဲဖြစ်သည်”လို့ ရေးခဲ့ပါတယ်။ ကျွန်တော်တို့လူမျိုးလောက် ဘယ်လူမျိုးမှ အမုန်းအားမကြီးဘူးလို့လည်း ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့လူမျိုးရင်ထဲမှာ အတိတ်ဟာ ခုထိရှင်သန်နေတုန်းပါပဲ။ တစ်ခါတလေမှာ အမုန်းဟာ ကျွန်တော့်ဘဝကို အဆိပ်ခတ်တာတွေ ရှိပါတယ်။ ကျွန်တော်ဟာ အဲဒီအမုန်းကို လုံလောက်အောင် ဖော်ပြခြင်းမပြုတတ်လို့၊ မပြုနိုင်လို့ ညံ့ဖျင်းလှချေကလား၊ ပျော့ညံ့လှချေကလားလို့ ထင်တဲ့အခါတွေလည်း ရှိပါတယ်။ ဒီအမုန်းကို နယ်လှည့်နေတဲ့ ကျေးလက်လယ်သမား ကဗျာဆရာရဲ့ ပါးစပ်ထဲကို ထည့်ပေးရုံနဲ့ မလုံလောက်ပါဘူး။ အဲဒီအခါမှာ ကျွန်တော့်စိတ်ထဲက ပြန်ပြီးဆင်ခြင်ပါတယ်။ သတိပေးပါတယ်။ ငါဟာ အင်္ဂလိပ်အမျိုးသမီးကို လက်ထပ်ထားတာပါကလား။ ငါ့မိသားစု နာမည်တွေအားလုံးဟာ အင်္ဂလိပ်နာမည်တွေပါကလား။ ငါဟာ ရှိတ်စပီးယား၊ စပင်ဆာ၊ ဘလိတ်တို့ရဲ့ ဩဇာအောက်မှာ ကြီးပြင်းလာခဲ့ရတာပါကလား။ ငါ့မှာ ငါ ဒီနေ့ပြောဆို၊ တွေးခေါ်၊ ရေးသားတဲ့ အင်္ဂလိပ်ဘာသာစကားရဲ့ ကျေးဇူးတွေရှိပါကလား၊ ငါချစ်နေတဲ့ အရာတွေအားလုံးဟာ အင်္ဂလိပ်ကတစ်ဆင့် လာတာပါကလားလို့ သတိပေးပါတယ်။ ကျွန်တော့်အမုန်းဟာ ကျွန်တော့်ကို အချစ်နဲ့ နှိပ်စက်တယ်။ ကျွန်တော်ဟာ ဘာနဲ့တူသလဲဆိုရင် ရဟန်းဝတ်စမှာ တောရိုင်းတိရစ္ဆာန်ကြီးတစ်ကောင်ရဲ့ ဝါးမျို

စားသောက်ခြင်း ခံရတယ်လို့ အိပ်မက်မက်ပြီး တကယ်နိုး လာတဲ့အခါမှာလည်း တကယ်အစားခံနေရတာကို တွေ့နေ ရတဲ့ တိဘက်ရဟန်းနဲ့ တူနေပါတယ်။ ဒါဟာ အိုင်းရစ် လူမျိုးရဲ့ အမုန်းပဲ။ ဒါဟာ အိုင်းရစ်လူမျိုးရဲ့ တစ်ကိုယ် တော်ဝါဒပဲ။ ဂျိုနသန်ဆွစ်ကို 'ဂါလီဗာခရီးစဉ်' ရေးဖြစ် အောင် လုပ်ပေးလိုက်တဲ့ လူ့ဘဝကို မုန်းတဲ့အမုန်းပဲ။ သူ့ဂူသချိုင်းက ကမ္ပည်းစာကို ရေးအောင်လုပ်ပေးလိုက်တဲ့ အမုန်းပဲ။ ဒီအမုန်းဟာ ကျွန်တော်တို့ကို အစွန်းတစ်ဖက် ကနေ တစ်ဖက်ကို ရောက်သွားစေတယ်။ ကျွန်တော်တို့ရဲ့ စိတ်ထားတည်ငြိမ်မှုကို သံသယဖြစ်စေတယ်။

ကျွန်တော်ဟာ ကဗျာတွေကို ဘာဖြစ်လို့ ဂဲလစ် ဘာသာနဲ့မရေးဘဲ အင်္ဂလိပ်ဘာသာနဲ့ ရေးသလဲလို့ စာဖတ် ပရိသတ်က မေးလေ့ရှိကြတယ်။ လွန်ခဲ့တဲ့ လေးငါးနှစ် လောက်တုန်းက ကျွန်တော့်ကို လန်ဒန်အထက်လွှာ အသိုင်း အဝိုင်းတစ်ခုက ညစာစားဖို့ဖိတ်တယ်။ လန်ဒန်က သတင်း စာဆရာတွေ၊ အိန္ဒိယကျောင်းသားတွေ၊ နိုင်ငံရေး ပြည်ပြေး တွေ၊ နိုင်ငံခြားသားတွေနဲ့ တွေ့တယ်။ အိန္ဒိယသတင်းစာ တစ်စောင်က အဲဒီညစာစားပွဲဟာ ကျွန်တော့်ကိုဂုဏ်ပြုတဲ့ ညစာစားပွဲလို့ရေးတယ်။ မဟုတ်ဘူးထင်တာပဲ။ အဲဒီတုန်း က ကျွန်တော် စိတ်တိုနေတယ်ဆိုတာကလွဲလို့ ကျန်တာတွေ ကို ကျွန်တော် မေ့တော့တော့ ဖြစ်နေပြီ။ ညစာစားပွဲတွေမှာ အများသူငါ ပြောရိုးပြောစဉ် ပြောသလို ကျွန်တော် စကားပြောသင့်တာပေါ့။ ထုံးတမ်းစဉ်လာအတိုင်း ကိုယ်နဲ့ သူနဲ့ အပြန်အလှန် ယဉ်ကျေးသမှုတွေ ပြုသင့်တာပေါ့။ နောက်တော့ နိုင်ငံရေး ပြည်ပြေးတွေအကြောင်း ပြောကြ တယ်။ စကားဝိုင်းဟာ စိုပြည်လာပြီး လက်ရှိအခြေအနေတွေ အကြောင်းကို ရောက်သွားကြတယ်။ နိုင်ငံခြားအုပ်စိုးမှုကို ပြစ်တင်ရှုတ်ချရမယ် ဘာမယ်ပေါ့။ ဒါပေမဲ့ ခက်တာက

အိန္ဒိယကျောင်းသားတွေလည်း ဇဝေဇဝါဖြစ်နေပုံရတယ်။ သူတို့အမြင်မှာ အင်္ဂလန်ဟာ လွတ်လပ်မှုကို ကာကွယ်ပေးနေသူကြီးလို့ မြင်နေပုံရတယ်။ ဒီမှာတင် ကျွန်တော်စိတ်တိုသည်ထက် တိုလာတယ်။ တကယ့် အင်္ဂလိပ်စစ်စစ်ကြီးဖြစ်တဲ့ ဝါ့စဝါသ်က ဆန်တိုမိုဒိုမီဂို လူမည်းတစ်ယောက်ဖြစ်တဲ့ ဒေါမနစ်တူးဆင့်ကို ဂုဏ်ပြုတဲ့ ဆွန်းနက်ကဗျာလေးကို ကျွန်တော် သွားသတိရတယ်။

သင်နဲ့ငါမူ၊ လူဖြစ်သော်ငြား
လေကိုသော်မျှ၊ အတူမရှုရ
သင်က 'တစ်လေ'၊ ငါ 'တစ်လေ'ဖြင့်…။

ဝါ့စဝါသ် အဲဒီကဗျာကို စပ်တုန်းက သူ့ဇနီးကွယ်လွန်ပြီးခါစ ဆန်တိုမိုဒိုမီဂိုမှာ သူပုန်ကြီးထပြီးလို့ ခြောက်နှစ်ပဲရှိသေးတယ်။ ဒါနဲ့ ကျွန်တော်လည်း စိတ်တိုလာပြီး နိုင်ငံရေးအကြောင်းတွေဘာတွေ မပြောရဆိုပေမဲ့ အိန္ဒိယပြည်သူတွေကို ဖိနှိပ်နေတာနဲ့ ပတ်သက်လို့ ကျွန်တော် တော်တော်ပြင်းပြင်းထန်ထန် ပြောပစ်လိုက် တယ်။ ကျွန်တော်က နိုင်ငံရေးသမားမဟုတ်ဘဲ စာပေသမားဆိုတော့ အိန္ဒိယလူမျိုးတွေဟာ အရာရာကို အင်္ဂလိပ်ဘာသာနဲ့ သင်နေရကြောင်း၊ သူတို့ရဲ့ သက္ကတဘာသာကိုတောင် အင်္ဂလိပ်လို သင်နေကြောင်း၊ လောကမှာ သစ္စာတရားကို ပထမဆုံး ရှာဖွေတွေ့ခဲ့သူပင်လျှင် ဒြပ်မဲ့တဲ့ အရာဝတ္ထုတစ်ခုအဖြစ် ရောက်ခဲ့ရကြောင်း ပြောလိုက်တယ်။ ပြီးတော့ ဘယ်သူပဲဖြစ်ဖြစ် ဂီတနဲ့ ခွန်အားရှိတဲ့စာကို ရေးချင်ရင် ကိုယ့်မိခင်ဘာသာစကားနဲ့သာ ရေးနိုင်ကြောင်း၊ တခြားဘာသာစကားနဲ့ ရေးလို့မရကြောင်း၊ ဒါကို သတိရဖို့လိုကြောင်း၊ အိန္ဒိယစာရေးဆရာတွေကို ကျွန်တော် ပြောလိုက်တယ်။

ကျွန်တော်ဟာ ကိုယ့်ကိုချစ်ခင်လေးစားတဲ့

ပရိသတ် တစ်စုကို ကိုယ့်ကိုရန်ပြုလာအောင် လုပ်လိုက်မိတာတော့ အမှန်ပဲ။ ဒါပေမဲ့ အဲဒီအဖြစ်အပျက်ကို ပြန်စဉ်းစားလိုက် ရင် ကျွန်တော်ခုထိ နောင်တမရဘူး။ စိတ်တိုတုန်းပဲ။

ခုဆိုရင် ကျွန်တော်ဟာ အဲဒီအိန္ဒိယစာရေးဆရာတွေ အင်္ဂလိပ်လို ရေးနိုင်သလောက်ပဲ ဂဲလစ်လိုရေးနိုင်တော့တယ်။ ဂဲလစ်ဘာသာစကားဟာ ကျွန်တော်ရဲ့ အမျိုးသားဘာသာစကားပဲ။ ဒါပေမဲ့ ကျွန်တော့်ရဲ့ မိခင်ဘာသာစကားတော့ မဟုတ်တော့ဘူး။

❐

ကဗျာဆရာနှင့် စကားလုံးများ

ဒိုင်လန်တောမတ်စ်ကို ၁၉၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ ဝေလပြည်နယ်၊ ဆွမ်းဆီးမြို့မှာမွေးတယ်။ သူက စာရွက်ပေါ်မှာရှိတဲ့ ကဗျာတစ်ပုဒ်ဟာ ပြည့်စုံတဲ့ ကဗျာမဟုတ်ဘူး။ တစ်ဝက်သာရှိတဲ့ ကဗျာလို့ ယုံတဲ့လူပါ။ ပြီးတော့ "ကိုယ့်ကဗျာကို အသံထွက်ရွတ်ပြတာဟာ ကိုယ့်လျှို့ဝှက်ချက်ကို မရည်ရွယ်ဘဲနဲ့ ထုတ်ပြောမိတာမျိုး ဖြစ်တယ်"လို့ သူက ပြောခဲ့ပါတယ်။ ကဗျာတစ်ပုဒ်တိုင်းဟာ သူ့အဖို့ သီဆိုမှုတစ်ခု၊ ဓာတ်ညွှန်းတစ်ခုပါပဲ။ အဲဒီ သီဆိုမှုဟာ တစ်ပြိုင်နက်တည်းမှာ ကဗျာစာသားကို နားလည်အောင်လုပ်ခြင်းဖြစ်တယ်။ ကဗျာစာသားကို ဝေဖန်တာလည်းဖြစ်တယ်လို့ သူကဆိုပါတယ်။ ဒိုင်လန်တောမတ်စ်ဟာ အသံအလွန်ကောင်းပါတယ်။ အလွန်ပီသရှင်းလင်းပြီး တစ်ခါတစ်ရံမှာ ဓာတ်သဘင်သဘောတောင် ဆောင်နေတတ်ပါသေးတယ်။ ဒိုင်လန်တောမတ်စ်ဟာ အမေရိကန်ပြည်ထောင်စု တစ်ဝှမ်းမှာ နယ်တကာလှည့်ပြီး ကဗျာတွေရွတ်ရင်း ၁၉၅၃ ခု၊ နိုဝင်ဘာလ (၉) ရက်နေ့မှာ ကွယ်လွန်သွားခဲ့ပါတယ်။

ဒိုင်လန်တောမတ်စ်ဟာ သူ့ပင်ကိုယ်စရိုက်အတိုင်း မွေးခြင်းနဲ့ သေခြားကိစ္စလိုပဲ ကဗျာလုပ်ငန်းကို အလေး

အနက်ထားသူ ဖြစ်ပါတယ်။ ကဗျာကိုယ်တိုင်သည် အသစ်ပြန်လည် မွေးဖွားခြင်းလို့ သူယူဆတယ်။ သူက "ကဗျာဟာ အဝတ်အစားတွေ အထပ်ထပ်ပိတ်ဖုံးထားတဲ့ အမိုက်တိုက်ထဲကနေပြီး ဟင်းလင်းပွင့်နေတဲ့ အလင်းရောင်ထဲကို ထွက်လာတဲ့ လှုပ်ရှားမှုတစ်ခုဖြစ်တယ်။ အဲဒီအလင်းရောင်ဟာ ဘယ်လောက်လင်းသလဲဆိုတဲ့ အချက်ကတော့ ကဗျာကို ဖန်တီးရာမှာ စိုက်ထုတ်တဲ့အလုပ်ဟာ ဘယ်လောက်ခွန်အားရှိသလဲ မရှိဘူးလဲဆိုတဲ့ အချက်ပေါ်တည်တယ်"လို့ သူကပြောခဲ့ဖူးတယ်။ ဒါကြောင့်သူက "သူ့ကဗျာဟာ အမှောင်ထဲကနေပြီး အလင်းကိုရောက်ဖို့ အားထုတ်တဲ့ တစ်ဦးချင်း ရုန်းကန်ကြိုးပမ်းမှုရဲ့ မှတ်တမ်း"လို့ သူက ခေါ်ခဲ့တယ်။ လာဇားရက်က မြေမှုန့်တွေကိုခါချပြီး သင်္ချိုင်းမြေပုံထဲက ထလာသလို ဒိုင်လန်တောမတ်စ်ရဲ့ အဲဒီကဗျာဒဿနဟာလည်း သူ့ကဗျာရဲ့ အဆောင်အပေါ်ယံ အဆင်တန်ဆာတွေထဲမှာ သက်ဝင်လှုပ်ရှားနေတာကို ထင်းထင်းကြီး မြင်နေရပါတယ်။ ဒါပေမဲ့ တစ်ခါတစ်ရံမှာတော့လည်း ဒိုင်လန်တောမတ်စ်ဟာ ကြည်လင်လန်းဆတ်တဲ့ အမြင်ရှိရဲ့လား။ ဒါမှမဟုတ် ဖောင်းပွတဲ့ သူ့ရေးဟန်ကြောင့် ဆိုလိုချင်တဲ့ အဓိပ္ပာယ်ဟာ မှုန်ဝါးသွားသလားဆိုပြီး အငြင်းပွားကြ၊ သဘောကွဲကြတာတွေ ရှိပါတယ်။ တောမတ်စ်ဟာ ကဗျာစပ်ရာမှာ နည်းအမျိုးမျိုးကို သုံးပါတယ်။ အဖြတ်အတောက်ကို အသစ်အဆန်းထွင်လားထွင်ရဲ့။ အဓိပ္ပာယ်အမျိုးမျိုးဆောင်တဲ့ စကားလုံးတွေကို သုံးလားသုံးရဲ့။ စကားပုဒ်တွေကို ဖြတ်တောက်ပစ်လားပစ်ရဲ့။ ရှုပ်ထွေးတဲ့ ဥပမာအလင်္ကာတွေကို ရောပြီးသုံးလားသုံးရဲ့။ တစ်ခါတလေမှာလည်း အဓိပ္ပာယ်ကို နှစ်မျိုးဖြစ်အောင် သုံးလားသုံးရဲ့။ တောမတ်စ်ဟာ အဓိပ္ပာယ်အများကြီးဆောင်တဲ့ စကားလုံးတွေသုံးပြီး စကားလုံး မျက်လှည့်

လည်း ပြတတ်ပါသေးတယ်။

ဒိုင်လန်တောမတ်စ်ရဲ့ ကဗျာတစ်ပုဒ်ဟာ ရေလုံတဲ့ အခန်းတစ်ခန်းပါ။ သူ့ကဗျာဟာ အသေးစိတ်လွန်းသည့်တိုင် အလွန်ကျစ်လျစ်ပါတယ်။ သူ့ကဗျာထဲမှာ ဖန်ဆင်းမှု၊ ပြန်လည်ဖန်ဆင်းမှု၊ ဖျက်ဆီးမှု၊ ဝိရောဓိဖြစ်မှုဆိုတာတွေ အားလုံးပါနေတယ်။ သူ့ကဗျာ အလယ်လောက်ရောက်တဲ့ အခါမှာ နိမိတ်ပုံတွေ အများကြီးကို တွေ့ရမယ်။ သူက "ကျွန်တော် နိမိတ်ပုံတစ်ခုကို သုံးလိုက်တယ်။ ကျွန်တော်က သုံးတယ်ဆိုတာတက် နိမိတ်ပုံက သူ့ဘာသာသူ ပေါ်လာတာလို့ ပြောနိုင်ပါတယ်။ အဲဒီ နိမိတ်ပုံကနေ နောက်နိမိတ်ပုံတစ်ခု မွေးဖွားလာတယ်။ အဲဒီ ဒုတိယ နိမိတ်ပုံဟာ ပထမနဲ့ ဝိရောဓိ ဖြစ်ချင်ဖြစ်နေမယ်။ တစ်ခါ အဲဒီ နိမိတ်ပုံနှစ်ခုကနေပြီး နောက်နိမိတ်ပုံတစ်ခု မွေးဖွားလာပြန်တယ်။ တစ်ခါ စတုတ္ထနိမိတ်ပုံတစ်ခု ပေါ်လာတယ်။ အဲဒီနိမိတ်ပုံဟာ ရှေ့မှာရှိနှင့်တဲ့ နိမိတ်ပုံတွေနဲ့ ဝိရောဓိဖြစ်နေပြန်တယ်။ အဲဒီ ဝိရောဓိဖြစ်နေတဲ့ နိမိတ်ပုံထဲကနေပြီး ကျွန်တော်ဟာ ယာယီငြိမ်းချမ်းရေးကို လုပ်ဖို့ကြိုးစားပါတယ်။ အဲဒီ ယာယီငြိမ်းချမ်းမှုဟာ ကဗျာပါပဲ"လို့ သူကပြောခဲ့ပါတယ်။

* * *

ကျွန်တော်ကဗျာကို ဘာကြောင့်ရေးသလဲ။ ဘယ်လိုရေးခဲ့သလဲ။ ဘယ်ကဗျာဆရာနဲ့ ဘယ်ကဗျာမျိုးတွေကို စကြိုက်ခဲ့သလဲ၊ သို့မဟုတ် ဘယ်ကဗျာဆရာနဲ့ ဘယ်ကဗျာမျိုးတွေရဲ့ ဩဇာကို အခံရဆုံးလဲလို့ ခင်ဗျားက မေးသွားတယ်။

ဒီမေးခွန်းရဲ့ ပထမပိုင်းကို ကျွန်တော် အရင်ဖြေမယ်။ ကျွန်တော် ငယ်ငယ်ကလေးကတည်းက ကဗျာရေး

ချင်စိတ် ပေါ်ခဲ့တာလို့ ပြောရလိမ့်မယ်ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က စကားလုံးတွေကို ချစ်တာကိုး။ ကျွန်တော် ပထမဆုံး ထိတွေ့ခဲ့ရတဲ့ ကဗျာတွေကတော့ သားချော့တေးကဗျာတွေ။ အဲဒီကဗျာတွေကို ကျွန်တော် မဖတ်တတ်ခင်ကတည်းက အဲဒီကဗျာထဲက စကားလုံးတွေကို ကျွန်တော် ချစ်နေမိတယ်။ စကားလုံးကိုချည်း ပြောတာနော်။ အဲဒီစကားလုံးတွေဟာ ဘာအဓိပ္ပာယ်လဲ၊ ဘာကို သင်္ကေတဆောင်ထားသလဲ၊ ဘယ်အနက်ကို ပြောချင်တာလဲဆိုတာက ကျွန်တော့်အဖို့ သိပ်အရေးမကြီးဘူး။ အဲဒါက နောက်ကိစ္စ။ ကျွန်တော့်အဖို့ အရေးကြီးတာက အဲဒီစကားလုံးတွေရဲ့ အသံပဲ။ ဝေးလံပြီးမသိနိုင်တဲ့ ကမ္ဘာလောကကြီးထဲမှာ မှိတ်တင်းနေထိုင်သွားတဲ့ သက်ကြီးသူတွေရဲ့ နှုတ်ဖျားက ထွက်လာတဲ့ အသံတွေ။ မွေးကတည်းက နားပင်လာသူတစ်ယောက်ဟာ ရုတ်တရက် နားပြန်ကြားလာပြီး ခေါင်းလောင်းသံတွေ၊ တူရိယာသံတွေ၊ လေတိုက်သံတွေ၊ ပင်လယ်အော်သံတွေ၊ မိုးစက်ဖျောက်ဖျောက်ကျသံတွေ၊ နွားနို့လှည်း တစ်ဂျောက်ဂျောက် မောင်းသွားသံတွေ၊ ကျောက်စရစ်လမ်းပေါ်မှာ တဂေါက်ဂေါက်ကျနေတဲ့ မြင်းခွာသံတွေ၊ သစ်ကိုင်းရဲ့ ပြတင်းတံခါးကို တဒေါက်ဒေါက်ခေါက်သံတွေကို ပထမဆုံး ကြားလိုက်ရတဲ့အခါမှာ တအံ့တဩ ဖြစ်နေရသလို ကျွန်တော့်အဖို့လည်း စကားလုံးတွေဟာ အံ့ဩစရာ ဖြစ်နေတယ်။ စကားလုံးတွေရဲ့ အဓိပ္ပာယ်က အရေးမကြီးပါဘူး။ ကဗျာထဲမှာပါတဲ့ ဂျက်နဲ့ဂျီးလ် ဘာဖြစ်သွားသလဲ။ အမေငန်းမကြီး ဘာဖြစ်သွားသလဲ။ ဒါတွေက အရေးမကြီးပါဘူး။ ကျွန်တော့်အဖို့ အရေးကြီးနေတာက သူတို့ရဲ့ နာမည်တွေနဲ့ သူတို့အလုပ်တွေကို ဖော်ပြတဲ့ စကားလုံးတွေရဲ့ အသံတွေ။ အဲဒီအသံတွေ ကျွန်တော့်နားထဲမှာ လာစွဲနေပုံဟာ အဓိကဖြစ်နေတယ်။

စကားလုံးတွေက ကျွန်တော့်မျက်လုံးထဲမှာ ရေးခြယ်ဖော်ပြလိုက်တဲ့ အရောင်အသွေးတွေကိုပဲ ကျွန်တော် စိတ်ဝင်စားနေတယ်။ နောက် ပြန်စဉ်းစားကြည့်တဲ့အခါမှာ အဲဒီကဗျာတွေထဲက ရိုးစင်းလှပတဲ့ စကားလုံးတွေကို ကျွန်တော်တုံ့ပြန်ခံစားနေပုံဟာ တမင်များ စိတ်ကူးယဉ်ပြီး ခံစားကြည့်နေတာလားလို့တောင် ထင်မိသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီသားချော့ကဗျာတွေကို ပထမဆုံး နားထောင်ခဲ့စဉ်ကတော့ ကျွန်တော့်ခံစားချက်ဟာ ဒီအတိုင်းပဲလို့ ကျွန်တော်မှတ်မိနေတယ်။ အချိန်ကာလက ကျွန်တော့်ရဲ့ မှတ်ဉာဏ်ကို မှောက်မှားအောင်လုပ်သည့်တိုင် ဒီအတိုင်းပဲ ရိုးသားစွာမှတ်မိနေပါတယ်။ ကျွန်တော်ဟာ အဲဒီစကားလုံးတွေကို ချက်ချင်း ချစ်သွားပါတယ်။ (စဉ်းစားလို့ရသလောက်တော့ ချစ်သွားတယ်ဆိုတဲ့ စကားလုံးဟာ အကောင်းဆုံးလို့ပဲ ထင်ပါတယ်) ခုလည်း ကျွန်တော်ဟာ စကားလုံးတွေကို ချစ်နေတုန်းပါပဲ။ သူတို့ရဲ့ သြဇာအောက်မှာ ရှိနေတုန်းပါပဲ။ သူတို့ရဲ့အကြောင်းကို အရင်ကထက် နည်းနည်းပိုသိလာတဲ့အခါကျတော့ တစ်ခါတစ်ရံမှာ နည်းနည်းပါးပါး ပြန်ပြီး သြဇာပေးနိုင်တာ၊ မကြာခဏဆိုသလို ရိုက်နှက်ဆုံးမပေးရတာတို့ကတော့ ရှိတယ်ပေါ့လေ။ ဒီလို ရိုက်နှက်ဆုံးမတာကို သူတို့ကလည်း ကျေနပ်ပါတယ်။ ကျွန်တော်ဟာ ကဗျာစကားလုံးတွေကို ချက်ချင်းစွဲလမ်းသွားတယ်။ နောက်မှ သားချော့ကဗျာတွေ၊ သည့်နောက်မှာ တခြားကဗျာတွေနဲ့ ဘဲလက်ကဗျာတွေကို ကိုယ်ကိုယ်တိုင် ဖတ်တတ်လာတယ်။ အဲဒီလို ကိုယ်ကိုယ်တိုင် ဖတ်တတ်လာတဲ့အခါမှာတော့ ကျွန်တော့်အဖို့ အရေးကြီးဆုံးဆိုတဲ့ အရာတွေကို ရှာတွေ့ပြီလို့ ထင်လိုက်မိတယ်။ စကားလုံးတွေဟာ စာရွက်ပေါ်မှာထင်နေတဲ့ သက်မဲ့အရာတွေ အဖြူအမည်းထင်နေတဲ့ အရာတွေလို့ ထင်ရတယ်။ ဒါပေမဲ့ အချစ်တို့၊ အကြောက်

တို့၊ ကရုဏာတို့၊ ဝေဒနာတို့၊ အံ့သြမှုတို့၊ ကျွန်တော်တို့ရဲ့ မတည်မငြိမ် ဖောက်လွဲဖောက်ပြန်ဖြစ်နေတဲ့ ဘဝကြီးကို ကြောက်စရာကောင်းအောင်၊ ကြီးကျယ်အောင်၊ နေပျော် အောင်လုပ်နိုင်တဲ့ အခြားသော ဝေဝါးတဲ့ စိတ်ခံစားချက် စသည်တို့ဟာ အဲဒီစကားလုံးတွေထဲက ပေါ်လာကြတယ်။ အဲဒီစကားလုံးတွေထဲကနေပြီး လောက သားတွေရဲ့ ညည်းသံညူသံတွေ၊ ဟိန်းသံဟောက်သံတွေ၊ စုတ်ထိုးသံ၊ ကြို့ထိုးသံတွေ၊ လှောင်သံပြောင်သံတွေ ပေါ်လာကြတယ်။

စကားလုံးတွေကပြောတဲ့ အနက်ဟာ တစ်ခါတစ် ရံမှာ တော်တော်ရယ်စရာ ကောင်းပါတယ်။ စကားလုံး တွေရဲ့ အနက်အဓိပ္ပာယ်ကို မေ့လုမေ့ခင်ဖြစ်နေတဲ့ အချိန် မျိုးမှာ အဲဒီစကားလုံးတွေရဲ့ ပုံပန်းသဏ္ဌာန်၊ အရောင် အသွေး၊ အရွယ်အစားနဲ့ အသံဗလံတွေဟာ ပျားပိတုန်းလို တဝီဝီမြည်နေတယ်။ ဂီတာလို ဒေါင်ဒင်တီးနေတယ်။ ညငှက်လို စိုးစီမြည်နေတယ်။ မြင်းရိုင်လို ဂေါက်ဂက်ပြေး နေတယ်။ အဲဒီအဖြစ်ကတော့ ပိုလို့တောင် ရယ်စကား ကောင်းသေးတယ်လို့ ကျွန်တော်ထင်တယ်။ အဲဒီအချိန်ဟာ အပြစ်အကင်းဆုံးအချိန်ပဲ။ စကားလုံးတွေဟာ ကျွန်တော့် ကိုလာပြီး ထိမှန်ကြတယ်။ ပေါက်ပေါက်ကြဲသလိုကျလာ ကြတယ်။ သေးဖွဲတဲ့ ဒါမှမဟုတ် အနက်ပြတဲ့ တွဲဖက် ပေါင်းစပ်မှုတွေ မပါသေးဘူး။ စကားလုံးတွေဟာ နွေဦးလို လတ်ဆတ်တဲ့ သူတို့ရဲ့ မူလပကတိအတိုင်းပဲ ရှိသေးတယ်။ အေဒင်ဥယျာဉ်က နှင်းစက်လို လန်းဆန်းတုန်းပဲ ရှိသေး တယ်။ လေထဲက ပျံဝဲလာတဲ့အတိုင်းပဲ ရှိသေးတယ်။ စကားလုံးတွေဟာ ကြီးထွားလာပြီး ကြာလာတော့မှ အချင်းချင်း တွဲဖက်ပေါင်းစပ်ယူကြရတာ။ (**Ride a Cockhorse to Banbury Cross**)ဆိုတဲ့ သားချော့ကဗျာ

ထဲက စာပိုဒ်ကိုကြားရတော့ ကျွန်တော် သိပ်သဘောကျ တာပဲ။ ဒါပေမဲ့ အဲဒီတုန်းက **Cockhorse** ဆိုတာ ဘာလဲ **Banbury Cross** ဆိုတာလည်း ဘယ်နေရာမှာ ရှိတယ်ဆိုတာ ဘယ်သိမှာလဲ။ ဒါတွေကို သိပ်ဂရုစိုက် စာဖတ်တတ်လာလို့ ဂျွန်ဒန်းရဲ့ ကဗျာထဲက **Go and catch a falling star, Go with child a maudrake root** ဆိုတဲ့ စာကြောင်းကို ဖတ်ရတော့လည်း ဖတ်ဖတ်ချင်း ကျွန်တော် နားလည်တာ မဟုတ်ပါဘူး။ နားမလည်ဘူး။ ဒီလိုနဲ့ ကဗျာတင်မကဘူး။ စာတွေကို တဖြည်းဖြည်း ဖတ်ဖတ်လာတော့ ကျွန်တော်ဟာ စကားလုံးတွေရဲ့ ဘဝကို ပိုလို့ပိုလို့ ချစ်လာခဲ့တယ်။ ကျွန်တော်ဟာ စကားလုံးတွေနဲ့ အတူ အမြဲနေရမယ်၊ စကားလုံးတွေထဲမှာ အမြဲနေရမယ် ဆိုတာကို ပိုလို့သဘောပေါက်လာခဲ့တယ်။ တကယ်တော့ ကျွန်တော်ဟာ စကားလုံးတွေကိုရေးတဲ့ စာရေးဆရာ ဖြစ်ရလိမ့်မယ်။ စကားလုံးတွေအပြင် တခြားဘာကိုမှ ရေးလို့ရတာ မဟုတ်ဘူး။ ဒီတော့ စကားလုံးတွေကိုရေးတဲ့ စာရေးသူဖြစ်ချင်ရင် ပထမဆုံး အဲဒီစကားလုံးတွေကို ခံစားကြည့်ရမယ်။ ကောင်းပြီ။ သူတို့ရဲ့ အသံနဲ့ အနက် ကိုသိပြီ။ ဒါဖြင့်ရင် ဒီစကားလုံးတွေနဲ့ ဘာလုပ်မှာလဲ။ ဒီစကားလုံးတွေကို ဘယ်လိုအသုံးချမှာလဲ။ ဒါက နောက်မှာ လာလိမ့်မယ်။ ပထမဆုံး အရေးကြီးတာက အဲဒီစကားလုံး တွေရဲ့ အမျိုးမျိုးသော အနက်အဓိပ္ပာယ်များကို အဲဒီစကား လုံးတွေရဲ့ အမြင့်အနိမ့်များ၊ သူတို့ရဲ့ အဖြတ်အတောက်နဲ့ အပြောင်းအလဲများကို သူတို့ရဲ့ လိုအင်များနဲ့ တောင်းဆိုမှု များ စသည်တို့ကို ထဲထဲဝင်ဝင် နားလည်သိကျွမ်းနေရမယ်။

ဒီမှာ ကျွန်တော်ပြောတဲ့သဘောက ဝေဝါးနေမလား တော့ မသိဘူး။ တကယ်တော့ စကားလုံးတွေရဲ့ အကြောင်း ကို ကျွန်တော် မရေးချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့

ကျွန်တော်ဟာ အမြဲတမ်းလိုလို ညံ့လည်းညံ့၊ မှားလည်းမှား၊ ဟောင်းလည်းဟောင်း၊ ရှုပ်လည်းရှုပ်တဲ့ စကားလုံးတွေ မကြာခဏ သုံးတတ်မိလို့ပါ။ စကားလုံးတွေကို ကျွန်တော် ဆက်ဆံပြချင်ပုံမျိုးက ပန်းပုဆရာတစ်ယောက်က သူ့သစ်သားကို ဆက်ဆံသလို၊ ကျောက်ဆစ်ဆရာက သူ့ကျောက်တုံးကို ဆက်ဆံသလို ဆက်ဆံချင်တယ်။ ကိုယ့်မှာရှိတဲ့ အတတ်ပညာနဲ့၊ လက်နက်နဲ့ ရွေမယ်၊ ထွင်မယ်၊ ထုမယ်၊ ဆစ်မယ်၊ ပုံသွင်းမယ်၊ အရောင်တင်မယ်၊ အချောသတ်မယ်။ ဒီနည်းအားဖြင့် ကဗျာ့ဝိညာဉ်ကို နှိုးတဲ့ စိတ်ခံစားမှု သို့မဟုတ် ယုံကြည်ချက်တစ်ခုကို ဖော်ပြတဲ့ ခပ်ရေးရေးသာ မြင်ရတဲ့၊ သစ္စာတရားကို ဖော်ပြတဲ့၊ ပုံသဏ္ဍာန်ဖြစ်အောင် လုပ်မယ်။ ကျောက်ဆစ်ပန်းပုရုပ်တွေ ဖြစ်အောင်လုပ်မယ်။ ရုပ်ပုံလွှာတွေ ဖြစ်အောင်လုပ်မယ်။ သံစဉ်တွေ ဖြစ်အောင်လုပ်မယ်။ ကျွန်တော် ငယ်ငယ်တုန်းက ကျောင်းကပြန်လာရင် အိမ်စာလုပ်မယ်ဆိုပြီး အဖေ့စာကြည့်ခန်းထဲဝင်တယ်။ ဒါပေမဲ့ ဘယ်တော့မှ အိမ်စာကိုမလုပ်ဖြစ်ဘူး။ စာအုပ်တွေကို လျှောက်ဖတ်တာပဲ။ ဒီမှာတင် စာအုပ်တစ်မျိုးနဲ့ တစ်မျိုး မတူဘူးဆိုတာ သိလာတယ်။ ကျွန်တော့်ရဲ့ ပထမဆုံးနဲ့ အကြီးဆုံးသော လွတ်လပ်ခွင့်ကတော့ ကိုယ်ဖတ်ချင်တဲ့စာကို ဖတ်ခွင့်ကြုံခဲ့ရတဲ့ အဖြစ်ပဲ။ အဲဒီမှာ ကျွန်တော် စာတွေကို အကုန်လျှောက်ဖတ်တယ်။ စာအုပ်ရှေ့အဖုံးနဲ့ နောက်အဖုံးတွေကြားမှာ ဒီလောက်ထူးခြားဆန်းကြယ်တဲ့ ကမ္ဘာလောကကြီး ရှိလိမ့်မယ်လို့ တစ်ခါမှ ကျွန်တော် မတွေးခဲ့မိဖူးဘူး။ စကားလုံးနဲ့ ဖော်ပြထားတဲ့ သဲမုန်တိုင်းတွေ၊ ရေခဲတောင်ပေါက်ကွဲမှုတွေ၊ ဩချရလောက်တဲ့ အလိမ်အညာတွေ၊ လူလိမ်တွေ၊ မတည်ငြိမ်တဲ့ ငြိမ်းချမ်းမှုတွေ၊ ကြီးမားတဲ့ ရယ်သံတွေ၊ နိုးကြားစပြုတဲ့ စိတ်ကို လင်းခနဲဝင်းပြက်ထိုးပြလိုက်တဲ့ စူးရဲတဲ့ အလင်း

ရောင်တန်းတွေ၊ စာမျက်နှာတွေပေါ်မှာ ပြန့်ကြဲနေတဲ့ သန်းပေါင်းများစွာသော အရာဝတ္ထု အပိုင်းအစတွေ။ ဒါတွေအားလုံးဟာ စကားလုံးတွေ၊ စကားလုံးတွေချည်းပဲ။ အဲဒီစကားလုံးတိုင်းဟာလည်း သူ့ဂုဏ်သိက္ခာနဲ့သူ၊ သူ့တန်ဖိုးနဲ့သူ၊ သူ့အလှနဲ့သူ၊ သူ့အကျည်းတန်မှုနဲ့သူ၊ သူ့အလင်းနဲ့သူ ရှိနေကြတယ်။ (ဒီနေရာမှာ ရှင်းအောင်ဆိုပြီး အကျယ်မပြောတော့ပါဘူး။ အကျယ်ပြောရင် ကျွန်တော့်ကဗျာတွေလို ရှုပ်ကုန်လိမ့်မယ်) ကျွန်တော်ဟာ တခြားကဗျာဆရာကြီးတွေကို တုပြီး ကဗျာတွေ ရေးခဲ့တယ်။ ဒါပေမဲ့ ကိုယ့်ဘာသာကိုယ်တော့ အတုခိုးတယ်လို့ မထင်ခဲ့မိဘူးပေါ့။ ကိုယ်ပိုင်တွေလို့ပဲ ထင်တာပေါ့။ ကျားက ဉပေးတဲ့ ကြက်ဉလို့ထင်တာပေါ့။ ကျွန်တော်ရေးတဲ့ ကဗျာတွေဟာ သူတို့ကိုရေးတဲ့ အချိန်တုန်းက ကျွန်တော်ဖတ်နေတဲ့ ကဗျာဆရာတွေကို အတုခိုးထားတာတွေချည်းပဲ။ တောမတ်စ်ဘရောင်း၊ ဒီကွင်စီ၊ ဟင်နရီနယူးတို့၊ ဘဲလက်ကဗျာတွေ၊ ဘလိတ်၊ ဘေရွှန်းနက်၊ အော်ဇီ၊ မာလိုး၊ ချမ်းစ်၊ နိမိတ်ပုံဝါဒီ ကဗျာဆရာတွေ၊ သမ္မာကျမ်းစာ၊ အင်္ဂါအလန်ပိုး၊ ကီ၊ လောရင့်စ်၊ ရှိတ်စပီးယား စသူတို့ဖြစ်တယ်။ မြင်တဲ့အတိုင်း စုံနေတာပဲ။ ဒါတောင် မှတ်မိသလောက်ကို ကောက်ပြောလိုက်တာပဲ ရှိသေးတယ်။ ကျွန်တော့်လက်ရှိင်းကို ကဗျာပုံသဏ္ဌာန်အမျိုးမျိုးနဲ့ စမ်းကြည့်တယ်။ ကိုယ်ကိုယ်တိုင် လုပ်မကြည့်ရင် အတတ်ပညာ တစ်ခုကို ဘယ့်နှယ်လုပ်တတ်ပါ့မလဲ။ မကောင်းတဲ့နည်းတွေကတော့ လွယ်ပါတယ်။ ချက်ချင်းတတ်မလာဘူးဗျ။ တော်တော်လေ့လာယူရတယ်။ စိတ်ဝင်စားတဲ့ အသိုင်းအဝိုင်းမှာဆိုရင်တော့ အဲဒီနည်းတွေကို အခြားသောအမည်တွေနဲ့လည်း ခေါ်နိုင်တယ်။ ကဗျာ့နိယာမရည်းတို့၊ ကဗျာအတတ်ပညာ စမ်းသပ်မှုတို့ စသည်ဖြင့် ခေါ်ကြတာပေါ့ဗျာ။

ဒီတော့ ကျွန်တော့်ရဲ့ အစောပိုင်းကဗျာတွေကို လွှမ်းမိုးခဲ့တဲ့ စာရေးဆရာတွေ ဘယ်သူလဲလို့မေးရင် အဲဒီတုန်းက ကျွန်တော်ဖတ်နေတဲ့ စာရေးဆရာတွေအားလုံးပေါ့။ ရှင်းပါတယ်။ စာအုပ်ကြော်ငြာစာရွက် တစ်ရွက်ပေါ်မှာ တွေ့ရသလို ကျောင်းသားကြိုက် စွန့်စားခန်းဝတ္ထုတွေရေးတဲ့ စာရေးဆရာတွေကအစ နှိုင်းယှဉ်လို့လည်းမရ၊ အတုခိုးလို့လည်း မရနိုင်တဲ့ ဆရာကြီးတွေဖြစ်တဲ့ ဝီလျံဘလိတ်တို့လို စာရေးဆရာကြီးတွေ အထိပေါ့။ ဒီတော့ ကျွန်တော် ကဗျာရေးနေစဉ်တုန်းက ကျွန်တော့်အပေါ်မှာ မကောင်းတဲ့ ဩဇာရှိသလို၊ ကောင်းတဲ့ဩဇာလည်း ရှိပါတယ်။ မကောင်းတဲ့ဩဇာကို ဖယ်ရှားဖို့ကြိုးစားတယ်။ မကောင်းတဲ့ဩဇာကို တစ်ပိုင်းချင်း တစ်ပိုင်းချင်း၊ အရိပ်တစ်ရိပ်ချင်း တစ်ရိပ်ချင်း၊ ပွဲတင်သံတစ်သံချင်း တစ်သံချင်း စွန့်ပယ်ဖို့ကြိုးစားတယ်။ ဒီလိုကြိုးစားတဲ့နေရာမှာ အခက်အခဲတွေလည်းရှိတယ်။ အောင်မြင်မှုတွေလည်းရှိတယ်။ ပျော်ရတာ စိတ်ပျက်ရတာတွေလည်းရှိတယ်။ ဘာမှလုပ်လို့ရတော့မှာ မဟုတ်ပါဘူး။ စွန့်လို့ရတော့မှာ မဟုတ်တော့ဘူးဆိုပြီး သံသယတွေဝင် စိတ်ပျက်ရတာတွေလည်းရှိတယ်။ စကားလုံးတွေကို ချစ်လာတာနဲ့အမျှ အဲဒီစကားလုံးတွေကို လွှင့်ပစ်ကြဲပေါက်နေတဲ့ လက်ကြီးတွေကို ကျွန်တော် မုန်းလာတယ်။ ဘာမှ ဆန်းသစ်ခြင်းမရှိဘဲ အရသာတွေကိုသာ အရသာခံတတ်တဲ့ လျှာထူထူကြီးတွေကို မုန်းလာတယ်။ စကားလုံးတွေကို အရောင်အသွေးမဲ့ အရသာမဲ့ ပျစ်ခဲခဲဆေးတွေဖြစ်အောင် ခြေပစ်လိုက်တဲ့ ငြီးငွေ့စရာကောင်းတဲ့ အပေါစားအညံ့စား ကဗျာဆရာတွေကို ကျွန်တော် မုန်းလာတယ်။ စကားလုံးတွေကို သူတို့လိုပဲ သေလုဆဲဖြစ်ပြီး ဟိတ်ဟန်များအောင် လုပ်တဲ့ ပညာရှိကဝိဆိုတဲ့ လူတွေကို ကျွန်တော် မုန်းလာတယ်။

ဒီတော့ ကျွန်တော် ပြောပါရစေ၊ ကျွန်တော် ဘာသာစကားကို ချစ်တတ်လာအောင်၊ အဲဒီဘာသာစကားနဲ့ အလုပ်လုပ်ချင်အောင်၊ အဲဒီဘာသာစကားအတွက် အလုပ်လုပ်ချင်လာအောင်၊ ပထမဆုံး လုပ်ပေးလိုက်တဲ့ အရာဟာ သားချော့ကဗျာတွေ၊ ကျေးလက်ပုံပြင်တွေ၊ စကော့ဘဲလက်ကဗျာတွေ၊ အချို့သော ခမ္မသီချင်းတွေ၊ အချို့သော သမ္မာကျမ်းစာပုံပြင်တွေ၊ အချို့သော သမ္မာကျမ်းစာထဲက ကာရန်တွေ၊ ဝီလျံဘလိတ်ရဲ့ 'အပြစ်ကင်းခြင်းတေးသံ' ဆိုတဲ့ ကဗျာတွေနဲ့ လုံးဝနားမလည်နိုင်တဲ့ ပဋ္ဌလက်ဆန်တဲ့ ခမ်းနားမှုရှိတဲ့ ရိုတ်စပီးယားရဲ့ စာတွေကို ဗလုံးဗထွေး ကြားခဲ့ဖူးတာ၊ ဖတ်ခဲ့ဖူးတာ၊ သေမလောက် သဘောကျခဲ့ဖူး တာတွေ ကျွန်တော့်ကဗျာကျောင်း ပထမအဆင့်တွေမှာ ဖြတ်သန်းခဲ့ရတဲ့ အရာတွေပါပဲ။

❐

စိတ်ကူးထဲက ကဗျာကျောင်း

တချို့စာရေးဆရာများဟာ ထင်ရှားတဲ့ အများသိ ပုဂ္ဂိုလ်တွေ ဖြစ်လာခဲ့ကြတယ်။ ဒီအထဲမှာ ကဗျာဆရာတချို့ တောင် ပါသေးတယ်။ ဒါပေမဲ့ စာရေးဆရာဆိုတာ သိပ်ပြီး ဂုဏ်အဆင့်အတန်းရှိတာ မဟုတ်ပါဘူး။ နာမည်ကြီး သည်ဖြစ်စေ မကြီးသည်ဖြစ်စေ ဆရာဝန်တို့၊ ရှေ့နေတို့ကမှ လူတောထဲမှာ ဂုဏ်အဆင့်အတန်း ရှိသေးတယ်။ စာရေး ဆရာက ဘယ်လောက်ပဲနာမည်ကြီးကြီး သူတို့လို ဂုဏ်ရှိ တာမဟုတ်ဘူး။

ဒီလိုဖြစ်ရတာဟာ အကြောင်းနှစ်ကြောင်းရှိတယ်။ ပထမအချက်အားဖြင့် အနုသုခုမပညာလို့ခေါ်တဲ့ ပညာရပ် များဟာ ဟိုတစ်ခါတုန်းကလို လူမှုရေးအရ အသုံးကျမှု၊ အသုံးဝင်မှု မရှိတော့ဘူး။ စာပုံနှိပ်စက်ရယ်လို့ ပေါ်လာပြီး လူတွေကလည်း စာတတ်သူဦးရေ များလာတဲ့အခါကျတော့ ကဗျာဟာ မှတ်မိလွယ်အောင် အာဂုံဆောင်ရတဲ့ သံပေါက် လင်္ကာကလေးတွေအဖြစ် အသုံးချတန်ဖိုးရယ်လို့ သိပ် မရှိတော့ဘဲ ဖြစ်သွားတယ်။ ဟိုတုန်းကတော့ မှတ်စရာ သားစရာတို့၊ ယဉ်ကျေးမှုနဲ့ဆိုင်တဲ့ ကိစ္စတို့ကို သံပေါက် လင်္ကာကလေးတွေနဲ့ ဘိုးဘေးအစဉ်အဆက် ထားခဲ့ကြ တော့ အဲဒီလို သံပေါက်လင်္ကာတိုကလေးတွေကို အာဂုံ

ဆောင်နိုင်တဲ့သူဟာ ပညာရှိပေါ့။ ဂုဏ်ရှိတယ်။ ကင်မရာ ပေါ်လာတဲ့အခါမှာ ပုံဆွဲဆရာနဲ့ ပန်းချီဆရာဟာလည်း မျက်မြင်ကို မှတ်တမ်းတင်ဖို့ မလိုတော့ဘူး။ ဒီလိုနဲ့ အဲဒီ အနုပညာရပ်များဟာ 'အနုပညာသက်သက်' ဖြစ်သွားကြ တယ်။ ဆိုလိုတာက အသုံးချဖို့မဟုတ်ဘဲ ကိုယ်လုပ်ချင်မှ လုပ်၊ ကိုယ်ရေးချင်းမှရေးတဲ့ အပျော်အလုပ်မျိုး ဖြစ်လာခဲ့ တယ်။

ဒုတိယအကြောင်းကတော့ ကျွန်တော်တို့ လူ့အဖွဲ့ အစည်းဟာ အလုပ်ကို သတ်မှတ်ပြီး တန်ဖိုးဖြတ်တဲ့ လူ့အဖွဲ့အစည်း ဖြစ်လေတော့ (အရင်းရှင် အမေရိကတိုက် မှာဆိုရင် ကွန်မြူနစ်ရုရှားပြည်မှာထက် ဒီသဘောဟာ ပိုပြီးကြီးစိုးနေသေးတယ်) လုပ်ချင်လို့ လုပ်တဲ့အလုပ်၊ အပျော်လုပ်တဲ့အလုပ်ကို ရေးယဉ်ကျေးမှု ခေတ်တွေတုန်းက ယူဆကြသလို မြင့်မြတ်တယ်၊ ကောင်းမွန်တယ်၊ အဖိုးတန် တယ်လို့ သိပ်မယူဆကြတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အလုပ်လုပ်သူဖြစ်တဲ့ လူသားအဖို့ အပန်းဖြေခြင်းဟာ အလုပ်လုပ်ရာက ခဏနားတာ၊ ကိုယ်စိတ်ကို ဖြေလျှော့ တာ၊ စားသုံးစရာ စည်းစိမ်ခံစားမှုတွေအတွက် အချိန်ပေး တာဆိုတဲ့သဘော သက်ရောက်သွားတယ်။ ဒီတော့ အဲဒီလို အလုပ်ကို ငွေနဲ့ချိန်စက် တန်ဖိုးဖြတ်တဲ့ လူ့အဖွဲ့အစည်း မျိုးမှာ အပျော်လုပ်တဲ့ပစ္စည်း (အနုပညာ)၊ ကိုယ့်ဘာသာ စိတ်ကူးရလို့ ရေးတဲ့စာ (အနုပညာ)၊ ကိုယ့်ဘာသာကိုယ် ခံစားမိလို့ ရေးတဲ့အရုပ် (ပန်းချီကား)ကို သိပ်တန်ဖိုးမထား တော့ဘဲအဲဒီအနုပညာအပေါ်မှာ သံသယရှိလာတယ်။ အလေးထားမှုလျော့လာတယ်။ သူတို့က အနုပညာသည် ဆိုတာ အလုပ်လုပ်ရတာ မဟုတ်ဘူး။ ဒါကြောင့် အနုပညာ ရှင်တွေဟာ ကပ်ပါးပိုးမွှားကောင်နဲ့တူတဲ့ ပေါ်ကြော့တွေဖြစ် တယ်။ အားအားယားယား နေသူတွေဖြစ်တယ်လို့ ယူဆ

လာခဲ့ကြတယ်။ ဒီလိုမထင်ရင်တောင်မှ အလကားအလုပ်၊ သေးဖွဲတဲ့အလုပ်လို့ ယူဆလာခဲ့ကြတယ်။ ကဗျာရေးတာ၊ ဒါမှမဟုတ် ပန်းချီရေးတာဟာ အန္တရာယ်မရှိတဲ့ ဝါသနာ စရိုက်တစ်ခု၊ တစ်ဦးချင်းနဲ့ဆိုင်တဲ့ ဝါသနာစရိုက်တစ်ခုလို့ ယူဆထားခဲ့ကြတယ်။

ကဗျာ၊ ပန်းချီ၊ ဂီတစတဲ့ (ငွေကြောင့်၊ သူတစ်ပါး ကြောင့်မဟုတ်ဘဲ) ကိုယ်ဖန်တီးချင်လို့ မေတ္တာရှိသက်သက် ဖန်တီးတဲ့ အနုပညာများနဲ့ ပတ်သက်လာရင်တော့ ရာစု နှစ်ကြီးဟာ တော်တော်ကြီးမားတဲ့ အောင်မြင်မှုကြီးကို ရခဲ့တဲ့အတွက် အရှက်ရစရာ မလိုလှဘူးလို့ ကျွန်တော် ထင်တယ်။ ပြီးတော့ အသုံးချဖို့သက်သက်၊ အသုံးဝင်မှု သက်သက် ပစ္စည်းတွေဖြစ်တဲ့ လေယာဉ်ပျံတို့၊ ရေကာတာ တို့ ခွဲစိတ်ကုသမှု ကိရိယာတို့ကို တီထွင်ဖန်တီးရာမှာ အရင်က ရာစုနှစ်တွေကို ကျော်လွန်သွားခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့ ရာစုနှစ်ကြီးဟာ မေတ္တာရှိသက်သက် ဖန်တီး တဲ့အရာနဲ့ အသုံးကျမှုအတွက် ဖန်တီးတဲ့အရာတွေကို ပေါင်းစပ်ဖို့ ဘယ်လောက်ကြိုးစားစေကာမူ တစ်နည်းပြော ရရင် တစ်ချိန်တည်းမှာ လှလည်းလှ အသုံးလည်းကျတဲ့ အရာကို ဖန်တီးဖို့ ဘယ်လောက်ပဲကြိုးစားစေကာမူ အောင်မြင်ခြင်းမရှိခဲ့ဘဲ လုံးဝကျဆုံးခဲ့ရပါတယ်။ သာမန် မော်တော်ကားလောက်၊ မီးအိမ်စလောင်းလောက်၊ ခေတ်သစ် အဆောက်အအုံလောက် အရုပ်ဆိုးတဲ့အရာတွေ ဘယ်ခေတ် မှာမှ ကျွန်တော်တို့ခေတ်လောက် ဖန်တီးခြင်းမပြုခဲ့ကြပါဘူး။ ခေတ်သစ် ရုံးအဆောက်အအုံကြီးတွေဟာ အထဲမှာ အလုပ် လုပ်နေတဲ့ ကော်လာဖြူကျေးကျွန်ကို "လူရဲ့ခန္ဓာကိုယ်ကြီး ဟာ ဒီလောက်ရုပ်ထွေး ဆန်းကြယ်ခြင်းမရှိရင် မင်းတို့လည်း အလုပ်လုပ်ရတာ လွယ်မယ်၊ ပျော်စရာလဲကောင်းမယ်"လို့ ပြောနေသလိုပါပဲ။

ဒီနေ့ ဥစ္စာကြွယ်ဝတဲ့ တိုင်းပြည်များမှာ လူတစ်ဦးချင်း ဝင်ငွေတိုးမြင့်နေတဲ့အတွက် အိမ်သေးသေးကလေးတွေနဲ့ အိမ်ဖော်တွေ ရှားပါးနေတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းဟာ အခြားအခြားသော လွန်လေပြီးသော လူ့အဖွဲ့အစည်းများထက် ပိုမိုသာလွန်တဲ့ အနုပညာ (အတတ်ပညာ)တစ်ခုကို ရလာခဲ့တယ်။ အဲဒီအတတ်ပညာကတော့ ချက်ပြုတ်မှုအတတ်ပညာပဲ။ (လုပ်အားကို အသုံးပြုတဲ့သူများ အထွတ်အမြတ်ထားတဲ့ အနုပညာဟာလည်း အဲဒီအနုပညာပါပဲ) အကယ်၍သာ ကမ္ဘာ့လူဦးရေဟာ ဒီနှုန်းအတိုင်း ဆက်လက်တိုးတက်နေခဲ့ရင် ဒီယဉ်ကျေးမှုဆိုင်ရာ ဂုဏ်ကျက်သရေဟာ ကြာကြာခံမှာ မဟုတ်ပါဘူး။ အဲဒီအခါမှာ အနာဂတ်သမိုင်းဆရာများဟာ ကျွန်တော်တို့ခေတ်ကြီးကို ချက်ပြုတ်မှုအတတ်ပညာ ရွှေခေတ်ကြီးလို့ ကမ္ပည်းတင်ကြရလိမ့်မယ် ထင်ပါတယ်။ အယ်ဂျေးပင်လယ်ရေညှိနဲ့ ဓာတုဗေဒနည်းဖြင့် စီရင်ထားတဲ့ မြက်တို့ကို အခြေခံထားတဲ့ အစားအသောက်တစ်မျိုးကို ရှာကြံစိတ်ကူးဖို့ကတော့ သိပ်မလွယ်ပါဘူး။

အပျော်သဘောနဲ့ ဖန်တီးတဲ့ အနုပညာနဲ့ အသုံးချဖို့ ဖန်တီးတဲ့ အနုပညာတို့ကြားမှာ ကွာခြားမှုရှိတယ်။ ကဗျာဆရာတစ်ယောက်ဟာ ဒီအချက်ကို လက်ခံရလိမ့်မယ်။ လက်မခံဘူးလို့ ဖီဆန်ငြင်းဆန်ရင် အမှားချောက်ကမ်းပါးကြီးထဲကို ကျမှာပဲ။

တော်စတွိုင်းက 'အနုပညာဘာလဲ'ဆိုတဲ့ ကျမ်းကို ရေးစဉ်မှာ "အပျော်သဘောနှင့် အသုံးကျမှုသဘောတို့ တစ်ခုနှင့်တစ်ခု ကင်းကွာနေသည့် အခါမျိုးတွင် အနုပညာဟူ၍လည်း မရှိနိုင်တော့ပေ"လို့ ရေးခဲ့ဖူးတယ်။ ဒါပေမဲ့ ပြောလို့သာပြောရတယ်။ သူကိုယ်တိုင်လည်း ဒီအချက်ကို မငြင်းနိုင်ခဲ့ဘူး။ ဒါပေမဲ့ သူနဲ့ ရိုက်စပီးယားသာ အနု

ပညာသည်တွေ မဖြစ်ခဲ့ရင် မော်ဒန်အနုပညာ ဆိုတာလည်း ရှိမှာမဟုတ်ဘူးလို့တော့ သူ မပြောခဲ့ပါဘူး။ အဲဒီအစား အသုံးကျမှုတစ်ခုတည်းသာလျှင် (ဒါကလည်း စိတ်ခံစား ဆိုင်ရာ အသုံးကျမှု ဖြစ်လိမ့်မယ်ထင်ပါတယ်) အပျော် သဘောမပါသော အသုံးကျမှုသာလျှင် အနုပညာကို ထုတ် လုပ်ဖန်တီးနိုင်တယ်လို့ ယူစချင်တဲ့ပုံပါပဲ။ ဒီလိုယူဆဖို့ ကြိုးစားလာတဲ့အခါမှာ တော်စတွိုင်းဟာ မရိုးမဖြောင့်ဖြစ် ရတဲ့ဘဝကို ရောက်သွားပြီး ရသဗေဒအားဖြင့် စက်ဆုပ် အထင်သေးတဲ့စာတွေကို ချီးကျူးလာရတော့တယ်။ အနု ပညာသည် ဝါဒဖြန့်ချိရေးအတွက်ဆိုတဲ့ အယူအဆဟာ အဲဒီအမြင်များကနေ ဆင်းသက်လာခဲ့ခြင်း ဖြစ်ပါတယ်။ ကဗျာဆရာတွေ အဲဒီအယူအဆထဲကို ကျဆင်းသွားရတာ ဟာ သူတို့ရဲ့ လူမှုသိစိတ်ကြောင့် မဟုတ်ဘဲ သူတို့ရဲ့ ကြွားဝါလိုမှုကြောင့် ဖြစ်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ အများပြည်သူရှေ့မှာ ဂုဏ်ရှိခဲ့တဲ့ အတိတ်ကို ပြန်လွမ်းပြီး လူတောသူတောမှာ ဂုဏ်ရှိတဲ့ လူတစ်ယောက် ဖြစ်ချင်လို့ပါပဲ။

အခြား အယူများတစ်ခုကတော့ အပျော်သဘော ဖြစ်တဲ့ ကဗျာအနုပညာကို ကိုယ်ပိုင်အသုံးကျမှု ရောစပ်ပစ် ချင်တဲ့ အယူဖြစ်ပါတယ်။ အဲဒီအခါမှာ ကဗျာဆရာဟာ သူ့ကိုယ်သူ နတ်ဘုရားတစ်ပါးထင်လာပြီး သူ့ရဲ့စိတ်ကူး စကြဝဠာကြီးကို အခြေခံမရှိ တည်ဆောက်ကြည့်တော့တာ ပါပဲ။ သူ့အဖို့ မြင်သိထိတွေ့လို့ရတဲ့ ရုပ်စကြဝဠာကြီးဟာ ဘာမှမဟုတ်တဲ့အရာ၊ ဘာမှ အရေးမကြီးတဲ့အရာ ဖြစ်သွား ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ ဘာသာတရားသစ်ကြီးတစ်ခုနဲ့ ပတ်သက်တဲ့ အထွတ်အမြတ် ကဗျာကျမ်းကို ရေးရမယ်လို့ အားခဲထားတဲ့ (ပြင်သစ်ကဗျာဆရာ) မာလာမေနဲ့ (ဂျာမန် ကဗျာဆရာ) ရီလ်ကီတို့ဟာ အဲဒီအယူများကို ကိုင်စွဲကြ

သူတွေ ဖြစ်ပါတယ်။ သူတို့နှစ်ဦးစလုံးဟာ ပါရမီရှင်များပါ။ သူတို့ကဗျာတွေကို နှစ်သက်နိုင်ပါတယ်။ ကြိုက်နိုင်ပါတယ်။ ဒါပေမဲ့ သူတို့ကဗျာတွေကိုဖတ်ပြီး နောက်ဆုံးရတဲ့ ထင်မြင်ချက်ကတော့ သူတို့ကဗျာတွေဟာ အမှားတွေ၊ အစစ်အမှန်မဟုတ်တဲ့ အရာတွေဖြစ်တယ်လို့ ထင်သွားကြမှာပဲ။ အဲရစ်ဟဲလားက ရီလ်ကီကိုပြောရာမှာ "ကြီးကျယ်ခမ်းနားသော ဥရောပကဗျာ အစဉ်အလာ၌ ခံစားချက်များသည် အနက်ဖွင့်ဆိုခြင်း မပြုကြချေ။ ခံစားချက်များသည် အနက်ဖွင့်ဆိုထားသော ကမ္ဘာကြီးကိုသာ တုံ့ပြန်ကြခြင်းဖြစ်ပေသည်။ ရီလ်ကီ၏ ရင့်ကျက်သောကဗျာ၌ ခံစားချက်များသည် အနက်လည်း ဖွင့်ဆိုကြ၍ သူတို့ဖွင့်ဆိုသော အနက်ကိုလည်း ပြန်၍တုံ့ပြန်ကြသည်"လို့ ဝေဖန်ခဲ့ဖူးပါတယ်။

ဘယ်လူ့အဖွဲ့အစည်းမှာပဲဖြစ်ဖြစ် ပညာရေးဆိုင်ရာ လေ့ကျင့်သင်ကြားမှုဟာ အဲဒီ လူ့အဖွဲ့အစည်းက အရေးကြီးတယ်လို့ ယူဆတဲ့ ကိစ္စများသာလျှင် ပြုလုပ်လေ့ရှိတယ်။ အလယ်ခေတ်က ဝေလယဉ်ကျေးမှုမှာ ကဗျာဆရာတွေကို လူမှုရေးအရ အရေးပါ အရာရောက်သူတွေအဖြစ် သဘောထားခဲ့ကြတယ်။ ကျွန်တော်တို့ခေတ်မှာ သွားဆရာဝန်ကို သဘောထားသလိုပေါ့။ ဒါကြောင့် အဲဒီကဗျာဆရာ အလောင်းအလျာတွေကို စနစ်တကျ သင်ကြားပေးတယ်။ အလွန်မြင့်တဲ့ ကဗျာအရည်အသွေးကို ရမှသာလျှင် သူတို့ကို ကဗျာဆရာ၊ လင်္ကာဆရာရယ်လို့ အသိအမှတ်ပြုကြတယ်။

ခု ကျွန်တော်တို့ ယဉ်ကျေးမှုခေတ်မှာတော့ ကဗျာဆရာ အလောင်းအလျာဟာ ကိုယ့်ကိုယ်ကို ပညာသင်ကြားပေးရလိမ့်မယ်။ သူဟာ ပထမတန်းကျောင်းမှာ၊ တက္ကသိုလ်မှာနေဖို့ အခွင့်အရေး ရကောင်းရမယ်။ ဒါပေမဲ့ အဲဒီနေရာတွေဟာ သူရဲ့ကဗျာပညာရေးကို မတော်တဆ

မြေတောင်မြှောက်ပေးနိုင်တဲ့ နေရာမျိုးသာဖြစ်တယ်။ တကယ်ရည်ရွယ်ချက်ရှိရှိနဲ့ မြေတောင်မြှောက်ပေးမယ့် နေရာမျိုးမဟုတ်ဘူး။ အဲဒီ တက္ကသိုလ်တို့ ဘယ်တို့ကို ရောက်လို့ မြေတောင်မြှောက်ခံရပြန်တော့လည်း ပြဿနာက ရှိသေးတယ်။ ကောင်းတဲ့ မော်ဒန်ကဗျာ၊ အကောင်းဆုံးဆိုတဲ့ မော်ဒန်ကဗျာဟာ ပညာတတ်တွေကြား မကြာခဏ တွေ့ရလေ့ရှိတဲ့ မရေရာတဲ့ အကြိုက်ရွေးချယ်မှုတွေ၊ ခပ်ကြောင်ကြောင် အနက်ဖွင့်ချက်တွေ၊ သမားဂုဏ်ပြတာတွေကြောင့် စာသင်သားမှာ ပညာကောင်းကောင်း မရလိုက်ဘဲ ဖြစ်သွားတတ်သေးတယ်။

* * *

မြို့တော်ကြီးတစ်မြို့ဟာ ရင့်ကျက်တဲ့ ကဗျာအနုပညာရှင်တစ်ယောက်အဖို့ နေလို့အကောင်းဆုံး၊ အသင့်မြတ်ဆုံးနေရာဖြစ်တယ်။ ဒါပေမဲ့ မိဘက မဆင်းရဲတဲ့ အနုပညာအလောင်းအလျာတစ်ယောက်အဖို့ အဲဒီမြို့တော် ကြီးဟာ တော်တော်အန္တရာယ်များတဲ့ နေရာ ဖြစ်ပါတယ်။ အဲဒီနေရာမှာနေရင် အကောင်းဆုံးဆိုတဲ့ အနုပညာတွေကို အစောကြီးသွားတွေ့ရတော့တာပါပဲ။ ဘာနဲ့တူသလဲဆိုရင် ကိုယ့်ထက် အသက်နှစ်ဆယ်လောက်ကြီးပြီး အမြော်အမြင်လည်းရှိ၊ လှလည်းလှတဲ့ မိန်းမတစ်ယောက်နဲ့ တွေ့ရသလို ဖြစ်ပြီး ဘူးသီးအမွေးသပ် ဖြစ်သွားတော့တာပါပဲ။

* * *

ကျွန်တော့်စိတ်ကူးထဲမှာရှိတဲ့ လက်ာဆရာတို့ရဲ့ တက္ကသိုလ်မှာ သင်ရိုးညွှန်းတမ်းတွေကို အောက်ပါအတိုင်း ဆွဲချင်တယ်။

(၁) အင်္ဂလိပ်စာအပြင် ဂရိဘာသာစကားပဲဖြစ်ဖြစ်၊

ဟီဘရူးဘာသာစကားပဲဖြစ်ဖြစ်၊ ရှေးဟောင်းဘာသာစကား နှစ်ခုလောက်ကို သင်ချင်တယ်။ ခေတ်သစ်စကားနှစ်ခုလောက်လည်း လိုတယ်။

(၂) ကဗျာလင်္ကာ စာကြောင်းထောင်ပေါင်းများစွာကို ဘာသာစကားသုံးမျိုးနဲ့ အလွတ်ဆိုပြနိုင်ရမယ်။

(၃) တက္ကသိုလ်ပိဋကတ်တိုက်မှာ စာပေဝေဖန်ရေး စာအုပ်တွေ တစ်အုပ်မှ မရှိစေရဘူး။ ကျောင်းသားတွေအတွက် ဝေဖန်ရေး လေ့ကျင့်ခန်းဟာ စာတွေကို အတုတွေလိုက်ရေးတဲ့ လေ့ကျင့်ခန်း ဖြစ်သင့်တယ်။

(၄) ကျောင်းသားတိုင်း ဂီတနားလည်ရမယ်။ စကားပြောကောင်းရမယ်။ ဘာသာဗေဒကို နားလည်ရမယ်။ သင်္ချာ၊ သဘာဝမိုင်း၊ ဘူမိဗေဒ၊ မိုးလေဝသနဲ့ ဇလဗေဒ၊ ရှေးဟောင်းသုတေသနဗေဒ၊ ဒဏ္ဍာရီဗေဒ၊ ဘုရားရှိခိုးနဲ့ ချက်ပြုတ်မှုအတတ်ပညာတို့အနက် ကြိုက်တာသုံးမျိုးကို သင်ယူရမယ်။

(၅) ကျောင်းသားတိုင်းဟာ အိမ်မွေးတိရစ္ဆာန်တစ်ကောင်ကိုထိန်းကျောင်းရမယ်၊ ဥယျာဉ်ခြံမြေ တစ်ကွက်လောက် စိုက်ပျိုးရမယ်။

❑

မြို့ပြနဲ့ ကဗျာဆရာ

ဒဗလျူ၊ အိတ်၊ အော်ဒင်ကို ၁၉၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့၊ အင်္ဂလန်ပြည်၊ ယော့နယ်မှာ မွေးပါတယ်။ တစ်ခါတုန်းက စာဖတ်သူတွေက အော်ဒင်ကို စီ ဒေး လူးဝစ်၊ စတီဖင် စပင်ဒါး၊ လူဝီမက္ကနိစ် စသူတို့ရဲ့ အမည်များနဲ့ တွဲမှတ်မိခဲ့ကြပါတယ်။ သူတို့အားလုံးဟာ အောက်စဖို့ဒ်တက္ကသိုလ်မှာ ကျောင်းတက်ခဲ့ကြတာကိုး။ နောက်တော့ ၁၉၃၀ ပြည့် တစ်ဝိုက်မှာ ကမ္ဘာ့စီးပွားပျက်ကပ်ကြီးဆိုက်တယ်။ သည့်နောက်မှာ ကြောက်ဖွယ်စပိန်ပြည်တွင်းစစ်ကြီး ဖြစ်လာတယ်။ ဒီမှာတင် သူတို့ရဲ့ ကဗျာတိမ်းညွတ်မှုဟာ လက်ဝဲဘက်ကို ယိမ်းသွားခဲ့ကြတော့တာပါပဲ။ အတိုင်းအတာ အနိမ့်အမြင့်သာ မတူရင် ရှိမယ်။ လက်ဝဲဘက်ကိုတော့ အားလုံးယိမ်းသွားကြတာပါပဲ။ ဒါပေမဲ့ ၁၉၃၀ ပြည့်လွန်နှစ်တွေ ကုန်ခါနီးတော့ အော်ဒင်ဟာ အမေရိကန်နိုင်ငံသားတစ်ယောက် ဖြစ်သွားပါတယ်။

သူရေးခဲ့တဲ့ ကဗျာတွေကို ပြန်ကြည့်လိုက်ရင် ကဗျာတိုင်းမှာ သူ့အတိတ်ရုပ်ပုံလွှာတွေကို တွေ့နေရတယ်။ အော်ဒင်ဟာ အတိတ်က အတွေးအခေါ်တွေ၊ သဘောတရားတွေ၊ အခေါ်အဝေါ်တွေကို အသားပေးတာထက် အတိတ်က

ခံစားချက်တွေ၊ စိတ်ဓာတ်အခြေအနေတွေကို ဦးစားပေး စပ်လေ့ရှိတယ်။ သူဟာ ကားလ်မတ်နဲ့ ဖရွိုက်တို့က တစ်ဆင့်၊ တစ်နည်းပြောရရင် လူမှုဗေဒနဲ့ စိတ္တဗေဒပညာရပ်တို့ကတစ်ဆင့် အမှန်တရားကို လိုက်ရှာကြည့်တယ်။ နောက်ဆုံးကျတော့ ခရစ်ယာန်ဘာသာ တရားကနေ တစ်ဆင့် အမှန်တရားကို လိုက်ရှာကြည့်တယ်။ (အနည်းဆုံး ခုအချိန်အထိပေါ့လေ) သူ့ရဲ့ အသိဉာဏ်ဆိုင်ရာ လိုက်လံရှာဖွေမှုဟာ သူ့ရဲ့ နည်းနာဆိုင်ရာ ကျွမ်းကျင်မှုနဲ့ သဟဇာတဖြစ်သွားကြတယ်။ အော်ဒင်ဟာ ဘဲလက်သီချင်းတွေ၊ ညည်းချင်းတွေကတစ်ဆင့် အင်္ဂလို–ဆက်ဖုံကဗျာတွေကို ကျေညက်အောင် လေ့လာတယ်။

အော်ဒင်က "ခံစားချက်တို့၊ အားနည်းချက်တို့ဆိုတာ ဆောင်ပုဒ်ပုံစံမျိုးနဲ့ ထုတ်ပြောလို့မရရင် စာမဖွဲ့လောက်ဘူး"လို့ယူဆတဲ့လူ။ ဒါကြောင့်မို့ အော်ဒင်ဟာ ပုဂ္ဂလိက ခံစားမှုတွေထက် အများနဲ့ပတ်သက်တဲ့ ဘဝမျိုးတွေ၊ ခံစားချက်တွေကို သဘောကျပါတယ်။ လူဟာ သတ္တဝါတစ်ခု ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ အဲဒီသတ္တဝါဟာ နိုင်ငံရေးသတ္တဝါဖြစ်တယ်လို့ သူ ယူဆတယ်။ အော်ဒင်ရဲ့ စိတ်ကူးထဲမှာ နိုင်ငံတော်နဲ့ပတ်သက်တဲ့ နိမိတ်ပုံတွေ အများကြီးပေါ်လာတယ်။ အဲဒီနိမိတ်ပုံတွေက သူရဲ့တန်ဖိုးအကဲဖြတ်ချက်တွေကို ဖန်တီးပေးတယ်။ သူ့တန်ဖိုးဖြတ်ချက်အရ "ကဗျာဆိုတာ လွတ်လပ်မှုနဲ့ တရားဥပဒေ၊ စနစ်နဲ့ စည်းကမ်းတို့ ပြေပြစ်ညီညွတ်စွာ ပေါင်းစည်းနေတဲ့ နတ်ဘုံနတ်နန်းတစ်ခုနဲ့ ခိုင်းနှိုင်းချက်တစ်ခုကို တင်ပြဖို့ကြိုးစားတဲ့အရာ"လို့ သူက အနက်ဖွင့်ခဲ့တယ်။ ဒီထဲမှာ ကောင်းတဲ့ကဗျာတစ်ပုဒ်ကိုတော့ "ယူတိုပီးယား တိုင်းပြည်နီးပါးတစ်ခု"လို့ သူက ခိုင်းနှိုင်းခဲ့တယ်။

ဒါပေမဲ့ လူမှုရေးနဲ့ နိုင်ငံရေးအကြောင်းအရာတွေ

ကို အသားပေးလွန်းတဲ့ အခါကျတော့ ကဗျာစိတ်ကူးဟာ လျော့သွားပြီး အာရုံခံစားမှုတွေနေရာမှာ အယူဝါဒတွေ ရောက်လာတတ်တယ်။ ကဗျာအာရုံအစား ယုတ္တိဗေဒတွေ ရောက်လာတတ်တယ်။ ရသဗေဒနေရာမှာ ကျင့်ဝတ်ဗေဒ တွေ ရောက်လာတတ်တယ်။ ဒီလိုနဲ့ အနုပညာဟာ မလုံ လောက်ဘဲ ဖြစ်သွားတတ်တယ်။ ဒီလိုနဲ့ အနုပညာရှင် ဖန်တီးသူဟာ တမန်တော်လောက်၊ အမှာစကားတစ်ခုကို ယူဆောင်လာသူလောက် လူ့လောကမှာ အရေးမကြီးဘဲ ဖြစ်သွားတတ်တယ်။

ဒါပေမဲ့ အော်ဒင်မှာတော့ အလှတရားကို ယုံကြည်သူနဲ့ အမှန်တရားကို ယုံကြည်သူတို့ရဲ့ လွန်ပွဲကို တွေ့နေရတယ်။ နောက်ဆုံးမှာတော့ အော်ဒင်ဟာ တစ်ဖက် ကို လိုက်သွားတာကို တွေ့ရတယ်။ သူက ဘယ်အကြောင်း အရာ၊ ဘယ်ဘာသာရပ်ကိုဖွဲ့တဲ့ ကဗျာပဲဖြစ်ဖြစ် ကဗျာ တစ်ပုဒ်ဟာ စိတ်ကူးဉာဏ်ထက်တန်တဲ့ စိုးရွံ့မှုထဲမှာ အမြစ်တွယ်နေတယ်။ ကဗျာဟာ အရာများစွာကို ဖန်တီး နိုင်တယ်။ စိတ်သောကကို ပေးနိုင်တယ်။ ရွှင်လန်းမှုကို ပေးနိုင်တယ်။ အသိပညာကို ပေးနိုင်၊ ခံစားချက်အမျိုးမျိုးရဲ့ အရောင်အသွေးကို ဖော်ပြနိုင်တယ်။ အထူးထူးသော အဖြစ်အပျက်တို့ကို ဖော်ပြနိုင်တယ်။ ဒါပေမဲ့ ကဗျာတွေ အားလုံး လုပ်ရမယ့်အလုပ် တစ်ခုပဲရှိတယ်။ အဲဒါက တော့'ဖြစ်ချင်းနဲ့ ပျက်ခြင်းတို့ကို တတ်နိုင်သမျှ ချီးကျူး ဂုဏ်ပြုဖို့ဖြစ်တယ်'လို့ အော်ဒင်က ပြောခဲ့ပါတယ်။

အောက်မှာ ကဗျာအယူအဆနဲ့ ပတ်သက်တဲ့ အော်ဒင်ရဲ့ ဆွေးနွေးချက်ကို တင်ပြလိုက်ပါတယ်။

* * *

ခုခေတ်လူငယ် (ကောင်လေးတွေ၊ ကောင်မလေး တွေ)ကို တွေ့လို့ ဘဝမှာ ဘာလုပ်ဖို့ စိတ်ကူးသလဲလို့

မေးလိုက်ရင် ကျွန်တော် ရှေ့နေကြီးဖြစ်ချင်တယ်၊ ဟိုတယ် ပိုင်ရှင်ကြီး ဖြစ်ချင်တယ်၊ လယ်သမားတစ်ယောက် ဖြစ်ချင် တယ်ဆိုတဲ့ အဓိပ္ပာယ်ရှိတဲ့ အဖြေမျိုးကို သိပ်မကြားရဘူး။ ဒါမှမဟုတ်ရင်လည်း ကျွန်တော် ဝင်ရိုးစွန်းသွားတဲ့ သူရဲ ကောင်းတစ်ယောက် ဖြစ်ချင်တယ်၊ ပြိုင်ကားမောင်းသူတစ် ယောက် ဖြစ်ချင်တယ်၊ သာသနာပြု ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ချင်တယ်၊ အမေရိကန်ပြည်ထောင်စု သမ္မတဖြစ်ချင် တယ်ဆိုတဲ့ စိတ်ကူးယဉ်တဲ့ အဖြေမျိုးလည်း သိပ်မကြား ရဘူး။ တော်တော်တော့ အံ့သြဖို့ကောင်းတယ်။

သူတို့မေးလိုက်ရင် ကျွန်တော် စာရေးဆရာဖြစ်ချင် တယ်ဆိုတဲ့ အဖြေမျိုး ကြားရတတ်တယ်။ စာရေးဆရာ တောင်မှ 'ရသစာပေကိုဖန်တီးတဲ့' စာရေးဆရာမျိုးတဲ့။ သတင်းစာဆရာ ဖြစ်ချင်တယ်လို့ ပြောရင်တောင် တခြား ကြောင့် ဖြစ်ချင်တာမဟုတ်ဘူး။ ဖန်တီးနိုင်တဲ့ အခွင့်အရေး ရှိတယ်လို့ထင်လို့ ဖြစ်ချင်ကြတာတဲ့။ ပိုက်ဆံအတွက် အလုပ်လုပ်ရင်တောင်မှ တခြားအလုပ်ထက် စာပေသဘော နည်းနည်းပါးပါး အကျုံးဝင်နေတဲ့ ကြော်ငြာလုပ်ငန်းကိုမှ လုပ်ချင်ကြသတဲ့။

အဲဒီလို စာရေးဆရာလုပ်ချင်သူတွေထဲမှာ အများစု ကတော့ စာပေပါရမီ မရှိကြတာများတယ်။ ဒါကလည်း သိပ်တော့ အံ့သြစရာ မဟုတ်ပါဘူး။ ဘယ်လိုအလုပ်မျိုးမှာပဲ ဖြစ်ဖြစ် ထူးခြားတဲ့ ပါရမီအခံရှိဖို့ဆိုတာ သိပ်လွယ်တဲ့ကိစ္စမှ မဟုတ်ဘဲကိုး။ အံ့သြစရာကောင်းတာကတော့ အဲဒီလို ပါရမီအခံမရှိတဲ့သူ ရာနှုန်းတော်တော်များများဟာ စာရေး ခြင်းအလုပ်ကို အဖြေတစ်ခုအဖြစ် ရှာကြည့်တဲ့အဖြစ်ပဲ။ သူတို့အထဲက တချို့ကတော့ သူတို့ဟာ ဆေးပညာပါရမီ အခံ၊ ဒါမှမဟုတ် အင်ဂျင်နီယာ ပညာပါရမီအခံရှိတယ်လို့ သူတို့ဘာသာ ထင်ကြမှာပဲလို့ တချို့က ထင်ကောင်းထင်

ကြမှာပဲ။ ဒါပေမဲ့ ဒီလိုထင်တဲ့ သူမျိုး တော်တော်နည်းပါတယ်။ ကျွန်တော်တို့ခေတ်မှာ လူငယ်တစ်ယောက်ဟာ သိပ်အရည်အချင်း မရှိတော့ဘဲ ခပ်ညံ့ညံ့ထဲကဆိုရင် စာရေးရကောင်းမလား၊ စာရေးဆရာ လုပ်ရရင်ကောင်းမလားလို့ စဉ်းစားလာကြတော့တာပဲ။ (အရည်အချင်းမရှိဘဲ ရုပ်ရှင်မင်းသား မင်းသမီးလုပ်ဖို့ စိတ်ကူးတဲ့လူတွေလည်း အများကြီးရှိပါတယ်။ ဒါပေမဲ့ သူတို့မှာ သဘာဝကပေးတဲ့ သနားကမားရုပ်ကလေးနဲ့ ကိုယ်လုံးကိုယ်ပေါက်ကလေး တော့ ရှိသေးတယ်)

ကျေးကျွန်စနစ်တစ်ခုအဖြစ် လက်ခံခဲ့၊ ကာကွယ်ခဲ့ကြတုန်းက ဂရိလူမျိုးတွေဟာ ကျွန်တော်တို့ထက် နှလုံးသားမာတယ်။ ဒါပေမဲ့ ကျွန်တော်တို့က အတွေးပိုရှင်းတယ်။ သူတို့ခေတ်မှာ အလုပ်ဟာ ကျေးကျွန်အလုပ်ဖြစ်တယ်ဆိုတာ သူတို့သိတယ်။ဒါကြောင့် အလုပ်သမားဖြစ်ရတာကို ဘယ်သူကမှ ဂုဏ်မယူဘူး။ လူတစ်ယောက်ဟာ အလုပ်သမားတစ်ယောက် ဖြစ်ရတာကို ဂုဏ်ယူနိုင်တယ်။ တစ်နည်းပြောရရင် ခိုင်မာတဲ့ပစ္စည်းတစ်ခုကို ဖန်တီးတည်ဆောက်သူဖြစ်ရတာကို ဂုဏ်ယူနိုင်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာတော့ ဖန်တီးမှုဖြစ်စဉ်ကို မြန်နှုန်းတို့၊ စရိတ်အကုန်အကျနည်းမှုတို့၊ အရေအတွက်တို့ ဆိုတာတွေနဲ့ရောပြီး တစ်သားတည်း စဉ်းစားနေတဲ့ အခါကျတော့ စက်ရုံအလုပ်သမားတစ်ယောက်ရဲ့ အခန်းကဏ္ဍဟာ သေးငယ်သွားပြီး အလုပ်ဆိုတဲ့ထဲမှာ သူ့ပါဝင်ဆောင်ရွက်မှုဟာ မဖြစ်စလောက်ကလေးပဲ ကျန်ရှိတော့တယ်။ ဒီလိုနဲ့ အလုပ်သမားဟာ လုပ်အားထုတ်သူအဆင့်လောက်ကို လျှောကျသွားတော့တယ်။

အနုပညာကတော့ အဲဒီလို အရေအတွက်နဲ့ချိပြီး ထုတ်လုပ်လို့မရဘူး။ အနုပညာရှင်ဟာ သူထုတ်လုပ်လိုက်တဲ့

ပစ္စည်းအတွက် တစ်ဦးချင်းတာဝန်ရှိနေတယ်။ အဲဒီ အနုပညာက ဘယ်သူ့ကို သိမ်းကျုံးဆွဲဆောင်သလဲ။ ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းအား မရှိတဲ့အတွက် တို့တစ်သက်မှာဖြင့် အဓိပ္ပာယ်မရှိတဲ့ လုပ်အားထုတ်လုပ်သူတွေအဖြစ် အချိန်ကုန်ရတော့မှာပါလားလို့ တွေးတောစိုးရိမ်နေသူအတွက် ဖြစ်သင့်တယ်။ ဒီသိမ်းကျုံးဆွဲဆောင်မှုဟာ အနုပညာရဲ့ သဘာဝကြောင့်မဟုတ်ဘဲ အနုပညာရှင်တစ်ဦးရဲ့ အလုပ်လုပ်ပုံကြောင့်သာဖြစ်တယ်။ ကျွန်တော်တို့ခေတ်မှာ မိမိသာလျှင် မိမိကိုယ်တိုင်၏ အရှင်သခင်ဖြစ်တယ်။ ကိုယ့်အရှင်သခင်ကိုယ်ဖြစ်ဖို့ဆိုတဲ့ သဘောဟာ လူတိုင်းသည်းခြေကြိုက်ကြတဲ့ အယူအဆပဲ။ ဒီမှာတင် ဘယ်လိုထင်လာကြသလဲဆိုတော့ အနုပညာဖန်တီးမှုဆိုတာ လူတိုင်းလုပ်နိုင်တဲ့ကိစ္စမျိုးပဲ။ ကြိုးစားရင် လူတိုင်းဟာ အနုပညာတွေကို ထုတ်လုပ်ဖန်တီးနိုင်မယ်လို့ ထင်လာကြတော့တာပါပဲ။

မကြာသေးမီအချိန်အထိ လူတစ်ယောက်ဟာ ကိုယ့်ဘာသာ ရှာဖွေမစားရတာကို ဂုဏ်ယူလေ့ရှိတယ်။ ကိုယ့်ဘာသာကိုယ် ရှာဖွေစားသောက်တာကို ရှက်တယ်။ ဒါပေမဲ့ ဒီနေ့ကျတော့ နိုင်ငံကူးလက်မှတ်လျှောက်လို့ အလုပ်အကိုင်ကွက်လပ်မှာ ရေရေရာရာ ထည့်မရေးနိုင်ရင် ရှက်တတ်နေပြီ။ “ခင်ဗျား ဘာလုပ်သလဲ”ဆိုတဲ့ အမေးဟာ “ခင်ဗျား ဘယ်လိုအသက်မွေးသလဲ”ဆိုတဲ့သဘောပဲ။ ကျွန်တော့် နိုင်ငံကူးလက်မှတ်ပေါ်မှာ ‘စာရေးဆရာ’လို့ ရေးထားတယ်။ ဒီလို ရေးထားတဲ့အတွက် အာဏာပိုင်တွေနဲ့ ဆက်ဆံရာမှာ ကျွန်တော် မသိမ်ငယ်ပါဘူး။ မရှက်ပါဘူး။ တချို့စာရေးဆရာတွေဟာ ပိုက်ဆံတော်တော်များများ ရတယ်ဆိုတာ လူဝင်မှုကြီးကြပ်ရေးတို့၊ အကောက်ခွန်တို့က အရာရှိတွေ သိနေတာကိုး။ ဒါပေမဲ့ ရထားပေါ်မှာ တစ်ယောက်နဲ့တစ်ယောက်တွေ့လို့ ကျွန်တော် ဘာလုပ်

သလဲလို့မေးရင် စာရေးဆရာလို့ ဘယ်တော့မှ ကျွန်တော် မဖြေဘူး။ သူက ဘာရေးသလဲလို့မေးရင် ကဗျာရေးပါ တယ်လို့ ဖြေရတော့မယ်။ ဒီလိုဖြေရင် သူရော ကျွန်တော် ရော တစ်မျိုးဖြစ်သွားမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကဗျာ ရေးရုံနဲ့ ထမင်းစားလို့မရမှန်း လူတိုင်းသိနေကြတာကိုး။

❐

ကဗျာဆရာရဲ့ ပြဿနာများ

ကဗျာဆရာတစ်ယောက်ဟာ ကဗျာဆရာတစ်ယောက်အနေနဲ့ ကိုယ့်ကိုယ်ကို ပညာပေးနေရမယ်။ ဒါတင်မကဘူး။ ဘယ်လိုအသက်မွေးမလဲ ဆိုတာကိုလည်း စဉ်းစားရမယ်။ စံပြသဘောနဲ့ဆိုရင် ကဗျာဆရာဟာ စကားလုံးတွေနဲ့ ပတ်သက်ခြင်းမရှိတဲ့ အလုပ်တစ်ခုကို လုပ်သင့်တယ်။ ဟိုတစ်ခါတုန်းက ရေဝတီဘုန်းကြီးလုပ်မယ့် ကလေးတွေကို လေ့ကျင့်သင်ကြားပေးရင် ကျွမ်းကျင်တဲ့ လက်မှုလုပ်ငန်းတစ်ခုကို သင်ကြားပေးလေ့ရှိကြတယ်။ ကိုယ့်သားသမီးဟာ ကဗျာဆရာဖြစ်မယ်ဆိုတာသိရင် မိဘတွေအနေနဲ့ အကောင်းဆုံးလုပ်နိုင်တာက အဲဒီကလေးကို ငယ်ငယ်ကတည်းက လက်မှုလုပ်ငန်းနဲ့ပတ်သက်တဲ့ အသင်းအဖွဲ့တွေထဲမှာ ထည့်ထားသင့်တယ်။ ဒါပေမဲ့ ခက်တာက မိဘကလည်း ကိုယ့်သားသမီးဟာ ကဗျာဆရာဖြစ်မယ်ဆိုတာ ကြိုသိနိုင်တာ မဟုတ်ဘူးလေ။ (သိတယ်ဆိုရင်လည်း တော်တော်ရှားပါတယ်) ဒီတော့ အသက်နှစ်ဆယ့်တစ်နှစ်ရောက်လို့ ကဗျာဆရာလောင်းအတွက် စာပေနဲ့ မပတ်သက်တဲ့အလုပ်ကို လုပ်ကိုင်ချင်ရင် အကောင်းဆုံးကတော့ ကျွမ်းကျင်မှုမရှိတဲ့ ကာယအလုပ်သမားအဖြစ် အလုပ်ခိုင်းတာဟာ အကောင်းဆုံးပဲ။ ဒီလိုနဲ့ ကိုယ့်ဝင်ငွေကိုယ်ရှာရင်း

ရွက်ကြမ်းရေကျိုလောက်ရှိတဲ့ ကဗျာဆရာဟာ ဘာသာပြန် ဆရာ လုပ်မလား၊ ကျောင်းဆရာလုပ်မလား၊ မဂ္ဂဇင်း အယ်ဒီတာလုပ်မလား၊ ကြော်ငြာရေးသမား လုပ်မလား ဆိုတာကို ရွေးရလိမ့်မယ်။ ဒီအလုပ်တွေအနက် ပထမအလုပ် ကလွဲရင် ကျန်တဲ့အလုပ်တွေဟာ ကဗျာအတွက် တိုက်ရိုက် အန္တ ရာယ်ဖြစ်စေနိုင်တယ်။ ဘာသာပြန်လုပ်တာတောင်မှ စာပေလုပ်ငန်းသက်သက်ကိုချည်းလုပ်ဖို့ သိပ်အခွင့် မသာ ချင်သေးဘူး။

ကျွန်တော်တို့ရဲ့ လက်ရှိဘဝအမြင်မှာ အနုပညာ လုပ်ငန်းကို အရင်ကထက် ပိုခက်ခဲလာအောင် လုပ်ပေးနေ တဲ့အချက်လေးချက်ရှိတယ်။

အဲဒါတွေကတော့ –

(၁) ရုပ်စကြဝဠာကြီး ထာဝရတည်ရှိနေတယ်ဆိုတဲ့ ယုံကြည်ချက် ပျောက်ကွယ်သွားတာ။

အနုပညာရှင်ဖြစ်သူတစ်ယောက်ဟာ လူ့ဘဝရဲ့ အနိစ္စသဘောနဲ့ ဆန့်ကျင်ပြီး ကမ္ဘာမြေကြီး၊ ပင်လယ်၊ သမုဒ္ဒရာ၊ မိုးကောင်းကင်၊ နေ၊ လ၊ ကြယ် စတဲ့ အရာ ဝတ္ထုတို့ရဲ့ စကြဝဠာကြီးဟာ ကိုယ့်မျက်စိထဲမှာ မပြောင်း လဲဘူး။ အစဉ်အမြဲ တည်ရှိနေတယ်လို့ လက်ခံရမယ်။ ဒီလိုမှ မယုံကြည်ရင် အနုပညာရှင်ဖြစ်ဖို့ စိတ်ကူးဟာ ဘယ့်နှယ်လုပ်မှ မပေါ်နိုင်ဘူး။

ရူပဗေဒတို့၊ ဘူမိဗေဒတို့၊ ဇီဝဗေဒတို့ ထွန်းကား လာခဲ့ကြတယ်။ အဲဒီပညာရပ်တွေဟာ အစဉ်ထာဝရတည်ရှိ တဲ့ စကြဝဠာကြီးကို လက်မခံကြတော့ဘဲ စကြဝဠာကြီး၊ သဘာဝကြီးထဲမှာရှိတဲ့ အရာမှန်သမျှဟာ ဘယ်အရာမှ မတည်မြဲဘူး။ ခုဖြစ်နေ ရှိနေတဲ့အရာတွေဟာ အရင်တုန်းက ဖြစ်နေရှိနေခဲ့တဲ့ အရာတွေမဟုတ်ဘူး။ နောင်မှာဖြစ်နေ ရှိနေမယ့်အရာတွေလည်း မဟုတ်ဘူးဆိုတဲ့ အယူအဆကို

အစားထိုးခဲ့ကြတယ်။ ဒီနေ့ဆိုရင် ခရစ်ယာန်ဘာသာဝင် ဖြစ်ဖြစ်၊ ဘုရားမဲ့ဝါဒီပဲဖြစ်ဖြစ် အားလုံးဟာ အန္တိမအယူ (နောက်ဆုံးတစ်နေ့တွင် ကမ္ဘာပျက်သည်ဆိုသည့်အယူ)ကို တော့ လက်ခံနေကြတာပဲ။ ဒီတော့ လောကမှာ တည်မြဲတဲ့ အရာဆိုလို့ ဘာမှမရှိဘူးလို့ ယူဆထားတဲ့ ခေတ်သစ်အနု ပညာရှင်ဟာ သူကိုယ်တိုင်လည်း ကမ္ဘာတည်မယ့် အနုပညာ မျိုးကို ဖန်တီးနိုင်တယ်လို့ယုံကြည်ဖို့ တော်တော်ခက်ပါ တယ်။ သူဟာ ရှေးရှေးဆရာကြီးများလို မဟုတ်ဘဲ ပြည့်စုံမှုကို လိုက်ရှာရတာမျိုးကို မလုပ်ချင်တော့ဘူး။ ပြည့်စုံမှုကို လိုက်ရှာနေတာဟာ အချိန်ကိုဖြုန်း တာပဲလို့ မြင်လာတယ်။ ဒီတင် သူဟာ အတိုအထွာကလေးတွေ၊ ပြီးစလွယ်ဖန်တီးလိုက်တဲ့ လက်ရာကလေးတွေနဲ့ ကျေနပ် တော့တယ်။

(၂) နောက်တစ်ချက်ကတော့ အာရုံနဲ့သိမြင်ခံစားနိုင်တဲ့ လောကဟာ တကယ်အမှန် တည်ရှိတယ်ဆိုတဲ့ ယုံကြည်ချက် ပျောက်ဆုံးသွားတာ။

ဒီလိုအယူအဆ ပျောက်ဆုံးသွားတာဟာ မာတင် လူသာပေါ်ပေါက်လာပြီး ကတည်းကပါ။ မာတင်လူသာက ဆန္ဒစွဲယုံကြည်မှုနဲ့ ဒိဋ္ဌမဂ္ဂကျတဲ့ အလုပ်ရဲ့ကြားမှာ သိမြင် နားလည်တဲ့ ဆက်သွယ်မှုရှိတယ်ဆိုတာကို ငြင်းဆိုခဲ့ပါ တယ်။ အရာဝတ္ထုတိုင်းမှာ အဓိကကျတဲ့ အရည်အသွေး များနဲ့ သာမညကျတဲ့ အရည်အသွေးတို့ ရှိတယ်လို့ ယူဆတဲ့ ဒေးကားကလည်း သူ့ကို ထောက်ခံခဲ့ပါတယ်။ အဲဒီနောက်ကစပြီး ရုပ်ကမ္ဘာလောကနဲ့ ပတ်သက်တဲ့ အစဉ်အလာ ခံယူချက်ဟာ ဘာသာရေးသဘောဆောင်တဲ့ အရာ ဖြစ်လာခဲ့တယ်။ အာရုံများကမြင်တဲ့ သိတဲ့အရာဟာ မမြင်ရတဲ့ အတွင်းအဇ္ဈတ္တက အရာများရဲ့ အပြင်ပန်းကျတဲ့ ဗဟိဒ္ဓိသင်္ကေတန်သာဖြစ်တယ်။ အဲဒီအရာနှစ်ခုစလုံးဟာ

တကယ်အမှန် တည်ရှိတယ်လို့ ယူဆလာခဲ့ကြတယ်။ ခေတ်သစ်သိပ္ပံပညာဟာ အာရုံများအပေါ်မှာ ကျွန်တော်တို့ သက်ဝင်ယုံကြည်နေတဲ့ အယူကို ဖျက်ဆီးပစ်လိုက်တယ်။ ရုပ်စကြဝဠာကြီးဟာ တကယ်စင်စစ် ဘာနဲ့တူသလဲဆို တာကို ကျွန်တော်တို့ ဘယ်တော့မှ မသိနိုင်ဘူး။ ကျွန်တော် တို့သိတဲ့ အရာများဟာ လောကီရည်ရွယ်ချက်များနဲ့ ကိုက် ညီတဲ့အရာတွေကိုသိတဲ့ ဆန္ဒစွဲအသိ၊ ပညတ်သိသာဖြစ် တယ်လို့ သိပ္ပံပညာက ယူဆတယ်။

ဒီနည်းအားဖြင့် သိပ္ပံပညာဟာ အနုပညာဆိုသည်မှာ ပုံတူကူးယူခြင်း ဖြစ်တယ်ဆိုတဲ့ သမားရိုးကျ အယူအဆကို ဖျက်ဆီးပစ်လိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ စိတ်ရဲ့ 'အပြင်ဘက်'မှာ ကျွန်တော်တို့ မှန်ကန်စွာဖြစ်စေ၊ မှားယွင်းစွာဖြစ်စေ အတုခိုးဖို့၊ အတုယူရမယ့် သဘာဝ ဆိုတာ မရှိဘူးလို့ ယူဆတာကိုး။ ဒီမှာတင် ဘယ်လိုဖြစ် လာသလဲဆိုတော့ အနုပညာရှင်တစ်ယောက်က တကယ်စစ် မှန်အောင် ဖန်တီးယူနိုင်တဲ့အရာဟာ သူ့ရဲ့ဆန္ဒစွဲအာရုံ များနဲ့ ခံစားချက်များသာဖြစ်တယ်ဆိုပြီး ဖြစ်လာတော့ တာပဲ။ ကဗျာဆရာ ဘလိတ်က တချို့လူတွေက နေမင်းကြီးဟာ ဂီနီပြားတစ်ပြားလောက်ရှိတဲ့ ခပ်ဝိုင်းဝိုင်း ရွှေပြားကြီးတစ်ခုလို့မြင်တယ်။ ဒါပေမဲ့ သူကတော့ နေမင်းကြီးဟာ မြင့်မြတ်တယ်၊ မြင့်မြတ်တယ်၊ မြင့်မြတ် တယ်လို့ အော်နေတဲ့ အိမ်သည်တစ်ဦးအဖြစ် မြင်တယ်လို့ ပြောခဲ့ဖူးတယ်။ ဒီအချက်ကိုကြည့်ရင် အနုပညာရှင်ရဲ့ သဘာဝအပေါ်မြင်ပုံ၊ အနုပညာနဲ့ ပတ်သက်တဲ့ မြင်ပုံဟာ ပြောင်းသွားတယ်ဆိုတာကို တွေ့နိုင်တယ်။ ဒီနေရာမှာ ထူးခြားတာက ဘလိတ်ဟာ (သူ အင်မတန်မုန်းတဲ့ နယူ တန်ဝါဒီများလိုပဲ) ရုပ်နဲ့စိတ်တို့ရဲ့ ကွဲပြားခြားနားပုံကို လက်ခံတယ်။ ဒါပေမဲ့ ရုပ်ကမ္ဘာကြီးဟာ စေတန်နတ်

ဆိုးရဲ့ ဘုံဗိမာန်ကြီးလို့မြင်တယ်။ ဒီတင် ဘလိတ်ဟာ သူ့စက္ခုရုပ်က မြင်တဲ့အရာမှန်သမျှကို တန်ဖိုးမရှိဘူးလို့ ယူဆလိုက်တော့တာပါပဲ။

(၃) နောက်တစ်ချက်ကတော့ လူ့သဘာဝရဲ့ စံနှုန်းအပေါ်မှာ ယုံကြည်မှုမရှိတော့တာ။

စက်မှုတော်လှန်ရေးကြီး မတိုင်မီအထိ လူတွေရဲ့ နေပုံတိုင်ပုံဟာ သိပ်အပြောင်းအလဲ မရှိလှဘူး။ ပြောင်းလဲရင်လည်း အလွန်နှေးတယ်။ ကိုယ့်မြေးတွေ၊ မြစ်တွေရဲ့ မျိုးဆက်မှာလည်း ဒီလိုပဲနေမှာပဲ။ သူတို့ရဲ့ လိုအင်များ၊ ဆန္ဒများဟာလည်း ဒီလိုပဲနေမှာပဲ။ ကိုယ့်ခေတ်နဲ့ ဘာမျှသိပ်ကွဲပြားမှာ မဟုတ်ဘူးလို့ ယူဆခဲ့ကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ခေတ်မှာတော့ စက်မှုနည်းပညာဟာ လျင်မြန်စွာ ပြောင်းလဲတိုးတက်နေတယ်။ ဒါနဲ့အတူ လူတွေရဲ့ နေထိုင်မှုဟာလည်း ပြောင်းလဲသွားတယ်။ ပြောင်းလဲတာ မြန်လွန်းတဲ့အတွက် နောင်အနှစ်နှစ်ဆယ်လောက်ဆိုရင် လူတွေ ဘယ်လိုနေကြတိုင်ကြမယ်ဆိုတာ ခန့်မှန်းကြည့်ဖို့တောင် မလွယ်တော့ဘဲ ဖြစ်သွားတယ်။

မကြာသေးမီအချိန်အထိ လူသားဟာ အချိန်ကာလအားဖြင့်လည်းကောင်း၊ ဟင်းလင်းပြင်အားဖြင့်လည်း ကောင်း ဝေးကွာနေတဲ့နေရာက ယဉ်ကျေးမှုတွေကို သိပ် မသိဘူး။ အလေးဂရုလည်းမပြုဘူး။ လူ့သဘာဝလို့ ပြောလိုက်တယ်ဆိုရင်ပဲ ကိုယ့်ယဉ်ကျေးမှုအတွင်းမှာရှိတဲ့ လူတွေရဲ့ အပြုအမူ၊ အလေ့အထတွေကို ပြောနေတာပဲလို့ ယူဆခဲ့ကြတယ်။ မနုဿဗေဒနဲ့ ရှေးဟောင်းသုတေသန တို့က အဲဒီဒေသအစွဲအယူကို ဖျက်ပစ်လိုက်တယ်။ လူ့ သဘာဝဆိုတာ ပလတ်စတစ်လို ပုံစံအမျိုးမျိုး၊ အပြုအမူ အမျိုးမျိုး၊ အလေ့အထအမျိုးမျိုးကို ပြလို့ရပါကလား။ တိရစ္ဆာန်လောကမှာဆိုရင် မျိုးနွယ်အမျိုးမျိုးက အမျိုးမျိုး

သော ပုံသဏ္ဍာန်နဲ့ ပြလို့ရတဲ့ အရာပါကလားဆိုတာ ကျွန်တော်တို့ တွေ့လာခဲ့ရတယ်။

ဒါကြောင့်မို့ ကိုယ့်ရဲ့အနုပညာ ဖန်တီးမှုတစ်ခုဟာ ကမ္ဘာတည်ဖို့ မပြောနဲ့ နောင်မျိုးဆက်တစ်ဆက်အကြာ မှာတောင် ဘယ်လိုအကဲဖြတ်မယ်၊ ဘယ်လိုနားလည်မယ်၊ ဘယ်လိုခံစားမယ်ဆိုတာကို မသေချာသလောက် ဖြစ်လာ တယ်။

ဒီမှာတင် ဘာဖြစ်လာသလဲ။ အနုပညာရှင်တစ်ယောက်အနေနဲ့ ချက်ချင်းအောင်မြင်ချင်လာတယ်။ ချက်ချင်း ကြီးပွားလာတယ်။ စာရိတ္တတို့၊ ရိုးသားမှုတို့ကို ထည့်မစဉ်းစားနိုင်တော့ဘူး။ ဒီလို ချက်ချင်းအောင်မြင်ဖို့ အတွက် ကိုယ့်ရိုးသားမှု၊ ကိုယ့်စာရိတ္တမှာ ဘေးအန္တရာယ် တွေ ရှိနေပါကလားဆိုတာ ထည့်မတွက်နိုင်တော့ဘူး။

ရှိသေးတယ်။ ခု ကျွန်တော်တို့ခေတ်မှာ ခေတ်အသီးသီး၊ ယဉ်ကျေးမှုအသီးသီးက အနုပညာရပ်တွေကို သိနိုင် နေတယ်။ ဒီလို သိနိုင်တဲ့အတွက် ဘာဖြစ်သွားသလဲဆိုတော့ အစဉ်အလာဆိုတဲ့ စကားလုံးတွေရဲ့ အနက်အဓိပ္ပာယ်ဟာ လုံးဝပြောင်းလဲသွားတယ်။ အစဉ်အလာဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ဟာ မျိုးဆက်တစ်ခုကနေ နောက်တစ်ခုဆီကို ဆင်းသက်လာတဲ့ လုပ်ထုံးလုပ်နည်းတစ်ခုဆိုတဲ့ အဓိပ္ပာယ် မဟုတ်တော့ဘူး။ အတိတ်တစ်ခုလုံးကို ပစ္စုပ္ပန်အဖြစ် နားလည်သဘောပေါက်ခြင်းဆိုတဲ့ သဘောမျိုးဖြစ် သွားတယ်။ ဖွဲ့စည်းမှုတစ်ခုလုံးအနေနဲ့ ကြည့်လိုက်ရင် အဲဒီအထဲမှာပါနေတဲ့ အစိတ်အပိုင်းတွေဟာ အတိတ်နဲ့ ပစ္စုပ္ပန်ရောနေတယ်။ ဒီနည်းအားဖြင့် ကဗျာဆရာ၊ အနုပညာရှင်မှာ ကိုယ်ပိုင်တီထွင်မှုရယ်လို့ မရှိတော့ဘဲ ရှေ့က သွားနှင့်တဲ့ ဆရာကြီးတွေရဲ့ ဟန်ကိုနည်းနည်းလေး ပြောင်းလိုက်တာပဲ ရှိတော့တယ်။ အဲဒါဟာ ကိုယ်ပိုင်ဟန်

ဖြစ်နေတယ်။ ကဗျာဆရာတစ်ယောက်ယောက်ရဲ့ ကိုယ်ပိုင်အသံကို ရှာကြည့်ချင်ရင် ဘယ်ခေတ် ဘယ်ကဗျာဆရာရဲ့ ကဗျာတွေထဲမှာကြည့်ကြည့် သဲလွန်စကို သွားတွေ့နေရတယ်။ တစ်ယောက်နဲ့တစ်ယောက် သိပ်မကွဲပြားတော့ဘူး။ ဘယ်ကဗျာမျိုးကို ရွေးမလဲ၊ ဘယ်ကဗျာမျိုးကို အတုယူမလဲ ဆိုတဲ့ ပြဿနာတိုင်းရဲ့ ပခုံးပေါ်ကိုကျလာတဲ့ ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်လာတယ်။ ဒါပေမဲ့ အဲဒီဝန်ထုပ်ဝန်ပိုးက တော်တော်တော့လေးတယ်။

(၄) ကိုယ်စွမ်းကိုယ်စကို ပြသရာဖြစ်တဲ့ အများနဲ့ဆိုင်တဲ့ နယ်ပယ်ပျောက်ကွယ်သွားတာ။

ရှေးခေါ်မလူမျိုးတွေရဲ့ ခေတ်တုန်းက ပုဂ္ဂလိကနယ်ပယ်ဆိုတာ မိမိဘဝ တည်မြဲရေးအတွက် လိုအပ်ချက်တွေက ကြီးစိုးတဲ့နေရာ။ အများနဲ့ပတ်သက်တဲ့ နယ်ပယ်ဆိုတာက ကိုယ့်ကို အများသိအောင် ဖော်ပြဖို့အတွက် လွတ်လပ်မှုရှိတဲ့နေရာ။ ဒီနေ့ခေတ်ကျတော့ အများနဲ့ဆိုင်တဲ့ နယ်ပယ်နဲ့ ပုဂ္ဂလိကနယ်ပယ်ဆိုတဲ့ စကားတွေရဲ့ အဓိပ္ပာယ်ဟာ ပြောင်းသွားတယ်။ အများနဲ့ဆိုင်တဲ့ဘဝဆိုတာ လိုအပ်တဲ့ ပုဂ္ဂိုလ်ရေးမဆန်တဲ့ဘဝ။ ကိုယ့်ရဲ့ လူမှုရေးလုပ်ငန်းတာဝန်တွေကို ထမ်းဆောင်တဲ့နေရာ။ ပုဂ္ဂလိကဘဝဆိုတာ သူ့ကိုယ်ရေးကိုယ်တာဘဝမှာ လွတ်လပ်စွာ နေနိုင်တဲ့နေရာ။

ဒီမှာတင် အနုပညာရပ်များ၊ အထူးသဖြင့် စာပေဟာ လူ့အကြောင်းအရာ၊ လှုပ်ရှားနေတဲ့လူ၊ အများရဲ့ လုပ်ငန်းတွေကို လုပ်ဆောင်နေတဲ့လူဆိုတဲ့ အစဉ်အလာရှိခဲ့တဲ့ အဓိကျတဲ့ လူ့အကြောင်းအရာဟာ ပျောက်ကွယ်သွားတော့တယ်။

စက်ယန္တရားပေါ်လာခြင်းဟာ လူတစ်ယောက်ရဲ့ ရည်ရွယ်ချက်နဲ့ သူ့အလုပ်တို့ကြားမှာရှိတဲ့ တိုက်ရိုက်ဆက်

သွယ်မှုကို ဖျက်ဆီးပစ်ခဲ့တယ်။ စိန့်ဂျော့ဟာ နဂါးတစ်ကောင်ကိုတွေ့လို့ အဲဒီနဂါးကို လှံနဲ့ထိုးသတ်ခဲ့ရင် "နဂါးကြီးကို ကျုပ်သတ်ပစ်ခဲ့ပြီ"လို့ တရားမျှတစွာ ပြောပိုင်ခွင့်ရှိတယ်။ ပြောနိုင်တယ်။ ဒါပေမဲ့ အမြင့်ပေ နှစ်သောင်းကနေပြီး နဂါးကြီးကို ဗုံးနဲ့ကြဲချခဲ့ရင်တော့ နဂါးကိုသတ်ဖို့ဆိုတဲ့ ရည်ရွယ်ချက် မကွဲပြားသည့်တိုင် လူလုပ်ရတဲ့အလုပ်က ခလုတ်ကလေးကို နှိပ်လိုက်ရုံပဲ။ နဂါးကိုသေအောင်လုပ်သူဟာ စိန့်ဂျော့မဟုတ်ဘူး။ ဗုံးသာဖြစ်တယ်။

အီဂျစ်ပြည်က ဖာရိုးဘုရင်တစ်ပါးရဲ့ အမိန့်ကြောင့် သူ့ရဲ့ ကျေးကျွန်ပေါင်း တစ်သောင်းဟာ ငါးနှစ်တိုင်တိုင် မြောင်းတွေကို ဆင်းရဲပင်ပန်းကြီးစွာ ဖောက်လုပ်ခဲ့ကြရတယ်။ သဘောကတော့ သူ့အမိန့်ကို ဆောင်ရွက်ခြင်းရှိမရှိကို စောင့်ကြည့်ဖို့အတွက် သူ့အပေါ်မှာ ပုဂ္ဂိုလ်အရသစ္စာရှိတဲ့ နောက်လိုက်နောက်ပါတွေ အများကြီးရှိတယ်။ သူ့စစ်တပ်က သူ့ကို ပုန်ကန်ရင် သူ့မှာ အာဏာမဲ့ဖြစ်ရတယ်။ ဒါပေမဲ့ ဖာရိုးဘုရင်ဟာ အဲဒီမြောင်းတွေကို လူတစ်ရာလောက်နဲ့ မြေညှိစက်ကြီးတွေသုံးပြီး အဲဒီမြောင်းတွေကို ခြောက်လလောက်တွင်းမှာ တူးတယ်ဆိုရင် အခြေအနေက တစ်မျိုးဖြစ်သွားပြီ။ သူ့မှာ မြေညှိစက်တွေကို အမောင်းခိုင်းဖို့ လူတစ်ရာလောက်အပေါ်မှာ ဩဇာအာဏာတော့ ရှိဖို့ပဲလိုတော့တယ်။ ဒါလောက်ပဲလိုတော့တယ်။ ကျန်တဲ့အလုပ်ကို စက်ယန္တရားတွေက လုပ်သွားလိမ့်မယ်။ ဘာမှ သစ္စာရှိဖို့ မလိုတဲ့၊ သူ့ကိုကြောက်ဖို့လည်း မလိုတဲ့ စက်ယန္တရားတွေက လုပ်သွားတယ်။ တကယ်လို့ အဲဒီစက်ယန္တရားတွေကို သူ့ရန်သူဖြစ်တဲ့ နေဘူခက်နက်ဇာဘုရင်ကြီးက သိမ်းသွားခဲ့ရင် အဲဒီစက်ယန္တရားတွေဟာ ဖာရိုးဘုရင်လက်ထက်က မြောင်းတွေကို တူးပေးခဲ့သလို အဲဒီမြောင်းတွေကို ပြန်ဖို့ပေးမှာပဲ။ ခုတော့ အဲဒီစီမံကိန်း

တွေကိုလုပ်ရာမှာ လူတစ်ရာတောင် မလိုတော့ဘဲ အဲဒီ လူတွေအစား ကွန်ပျူတာကို ကိုင်နေတဲ့ လူတစ်စုလောက် နဲ့ပဲ လုပ်လို့ရနေပြီ။

ဒီနေ့ခေတ်မှာ လူထုခေါင်းဆောင်တွေ၊ သူရဲကောင်း တွေကို ကဗျာရဲ့ အကြောင်းအရာအဖြစ် အသုံးပြုဖို့ တော်တော်ခက်သွားပြီ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့လုပ် တဲ့ ကောင်းတဲ့အလုပ်၊ ဒါမှမဟုတ် ဆိုးတဲ့အလုပ်တွေဟာ သူတို့အကျင့်စရိုက်၊ သူတို့ရည်ရွယ်ချက်တွေပေါ်မှာ မတည်တော့ဘဲ သူတို့ကိုင်တွယ်နေတဲ့ ပုဂ္ဂိုလ်မဟုတ်တဲ့ အင်အားစု အရေအတွက်ပေါ်မှာ တည်နေလို့ပဲ။

❑

http://www.cherrythitsar.org

ယော်ဒန်ကာရောနှင့်ပတ်သက်၍

မြသန်းတင့်